The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 4 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 22, 2018

# တရုတ်ပြည်နယ်စပ်သို့ တင်ပို့လျက်ရှိသော မြန်မာ့ဆန်အလားအလာ

စာမျက်နှာ - ၈ ➢



## ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်ရှိ အောင်သီရိန်ကုမ္ပဏီမှ နွားအရှင်များ ပြည်ပသို့ တင်ပို့ရန်ပြင်ဆင်

စာမျက်နှာ - ၂၃ ➢

## အများပြည်သူလမ်းနယ်နိမိတ်ရှိ ယာဉ်အိုဟောင်းများနှင့် မြစ်ချောင်းများရှိ ရေယာဉ်အိုဟောင်းများ ရှင်းလင်းမည်

စာမျက်နှာ - ၂၆ ➢

## တရားမဝင် ရောင်ကွင်းလမ်းမှ အကောက်ခွန်မဲ့ သယ်ဆောင်လာသော တစ်ဖက်နိုင်ငံထွက် အာလူးများ ဖမ်းဆီးရမိ

စာမျက်နှာ - ၁၆ ➢






## YPS တင်ဒါ အောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်

စာမျက်နှာ - ၂၆ ➢




ANT
AYE NYEIN THAR CO.,LTD.
""ပြည်ပမှ တိုက်ရိုက်တင်သွင်းသော အရည်အသွေးမြင့် စက်သုံးဆီအမျိုးမျိုးအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအားပေးသူများစိတ်တိုင်းကျ လက်လီ / လက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည်""
ဝယ်ယူအားပေးနိုင်သော စက်သုံးဆီ အမျိုးအစားများ
- အဆင့်မြင့် ဓါတ်ဆီ Octane - 92 RON
- အဆင့်မြင့် ဓါတ်ဆီ Octane - 95 RON
- ဒီဇယ်ဆီ (500 ppm)
- အဆင့်မြင့် ဒီဇယ်ဆီ (10 ppm)
92 RON
95 RON
Diesel
Premium
ဆက်သွယ်ရန်ဖုန်းနံပါတ် - 095108291, 09770888999, 01511508


WP
Branch of Singapore
HTG
WING POWER COMPANY LIMITED
(Freight Forwarding & General Services)
Address : Building 40,No#2,Yanshin Road,Yankin Township,
Yangon,Myanmar.
H.P : +95 973053154, 09 420000204

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ



ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေ၊ ပြည်တွင်းပြည်ပကုန်သွယ်မှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြင့်တင်နိုင်ရန် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ မွန်ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်နိုင်မည့်အစီအစဉ်များ၊ ကုန်သွယ်မှု တိုးတက်စေရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျော့ဆောင်ရွက်ပေးမှုနှင့် ဈေးကွက်သစ်များ ရှာဖွေချိတ်ဆက်ဆောင်ရွက်မှုများ၊ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားပါသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ ကုန်သွယ်မှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ၊ နိုင်ငံခြားသားခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ၊ ဈေးကွက်အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်နေမှုတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ရာတွင် ဥပဒေစိုးမိုးမှုရှိစေရေးအတွက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကုန်သည်လုပ် ငန်းရှင်များမှ ဥပဒေနှင့်အညီပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံနေရသည့် အားနည်းချက်၊ အားသာချက်တို့အား အသီးသီးတင်ပြကြရာ တင်ပြချက်များအပေါ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီလ ၁၄ ရက်၊ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ Royal Hinn Thar Hotel၌ ရော်ဘာလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ပြည်ပပို့သည့် အမျိုးအစား၊ အရည်အသွေးမှန်ကန်ကောင်းမွန်သည့် ရော်ဘာတိုးချဲ့တင်ပို့နိုင်ရေး၊ ရော်ဘာလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် ရော်ဘာလုပ်ငန်းရှင်များ၏ ချေးငွေရရှိရေးအပါအဝင် လိုအပ်ချက်များအား ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သံဖြူဇရပ်မြို့နယ်၊ ဘရင်သောင်ကျေးရွာရှိ ရော်ဘာခြံတွင် ရော်ဘာစေးခြစ်ယူသည်မှ ရော်ဘာပြားထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်တစ်လျောက်လုံးအားအသေးစိတ်ကြည့်ရှုခဲ့သည်။ မွန်းလွဲပိုင်းတွင် မုဒုံမြို့ ကွမ်တာရွာရှိ ပြည်ပသို့ ရော်ဘာအများဆုံးတင်ပို့နေသည့် Fu Xing Brother's Industry Co.,Ltd သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်တွင် စက်ရုံမှူး ဦးမင်းတင်ကိုက ရှင်းလင်းတင်ပြရာတွင် ရော်ဘာခြံများမှထုတ်လုပ်သည့် ရော်ဘာပြား ကုန်ကြမ်းများအား နိုင်ငံတကာအဆင့်မီ Crump အမျိုးအစားရော်ဘာတုံးအဖြစ် Value-added ပြုပြင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နေမှု၊ ရော်ဘာပစ္စည်းပြည်ပသို့ တင်ပို့ရောင်းချနိုင်မှု၊ နှစ်အလိုက် ထုတ်လုပ်နိုင်မှုတို့အား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရော်ဘာပစ္စည်း ထုတ်လုပ်ရာတွင် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုတို့အား ထိခိုက်မှုမရှိစေရေး၊ ရော်ဘာလုပ်ငန်းနှင့်ပတ်သက်၍ နည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရော်ဘာအသင်းအဖွဲ့နှင့် ပူးပေါင်းချိတ်ဆက်ပြီး လုပ်ဆောင်ကြရန်၊ ပြည်ပသို့ယခုကဲ့သို့ Value-added ရော်ဘာများ တိုးမြှင့်ထုတ်လုပ်တင်ပို့ရန် မှာကြားခဲ့သည်။

ထို့နောက် ရော်ဘာ Crump အဆင့်မြင့်စက်ရုံအတွင်း ရော်ဘာအစေးရည် သန့်စင်ခြင်း၊ ရော်ဘာပြားအား ဖိနှိပ်ပုံသွင်းခြင်း စသော လုပ်ငန်းအဆင့်ဆင့်တို့အား လိုက်လံအားပေးကြည့်ရှုပြီး ရော်ဘာအဝယ်ဒိုင်ကိုလည်း ဝင်ရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁၄း၀၅ နာရီတွင် မော်လမြိုင်မြို့၊ ဝေးကုန်းရပ်ကွက်၊ ရွှေနတ်တောင်ရွာရှိ ပိုင်ရှင် ဦးလှသန်း၏ ကွဲကောစိုက်ခင်း ငါးကေခွဲအား ဝင်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

# ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တွင် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၆)ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) တွင် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၆) ကို ဇန်နဝါရီ ၈ ရက်က ဖွင့်လှစ်ခဲ့ရာ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



အဆိုပါသင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေး စည်းမျဉ်း စည်းကမ်းများ၊ ပြည်တွင်းအခွန်ဥပဒေ များ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများကို ဌာနဆိုင်ရာပညာရှင်များက ဆွေးနွေးပို့ချပေးသွားမှာဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန် သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာတာဝန်ခံများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၃ ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

**MTD TYK (DOT)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# သီတင်းတစ်ပတ်အတွင်း ဆန်ပိုမိုတင်ပို့

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁၀၈ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၆၀၆၂၉ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၃၇ တန်၊ ဧည့်မထဆန် ၄၄၇၄၅တန်ကျော်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၃၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၃၄၁၇ တန်ကျော်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၃၀၀ တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၄၉၀နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၁၁၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၅၈၉၉၆ တန်တင်ပို့ခဲ့တဲ့အတွက်ယခုတစ်ပတ်မှာ၁၆၃၃တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်နဲ့လွယ်ဂျယ်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၇သန်းတန်ဖိုးရှိဆန်ကွဲ ၂၀၁၃တန်တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၁၅၉၃ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန်ချိန် ၄၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ဆန်ကွဲ ၂၁၂၆တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၃တန် လျော့နည်းခဲ့ပါတယ်။

ဇန်နဝါရီ ၇ရက်မှ၁၃ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၀၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၂၁၄၃၉ တန် တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၆၂၅၀၊ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၇၅ တန်၊ မလေးရှားနိုင်ငံသို့ဧည့်မထဆန်တန်ချိန် ၇၅၀၊ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန် ၁၂၅တန်နဲ့ ဧည့်မထဆန်တန်ချိန် ၂၅၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၈၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ ပေါင်းဆန်တန်ချိန် ၅၀၀နဲ့ ဧည့်မထဆန်တန်ချိန်၇၅၀၊ အီးယူနိုင်ငံများသို့ပေါင်းဆန်တန်ချိန်တန်၈၀၀၊ ဧည့်မထဆန် ၆၄၉ တန်နဲ့ ငစိန်ဆန် ၁၁၅ တန်၊ ဂီနီနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၁၀၀၀၀၊ လက်ဘနွန်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၂၅၀ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၁၅၅၆၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၇၂ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၄၂၅ တန် တင်ပို့ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀၊ သီရိလင်္ကာနိုင်ငံသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၆၁၂၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၅၆၆၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၅၆ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှ ဆန်ရောဆန်ကွဲပါပိုမိုတင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ဆန်၊ စပါးအဝင်နည်းလို့ ဈေးဖွင့်ဝယ်နေ

ပြည်ခရိုင်တွင်းမြို့နယ်များမှ စပါးဝင်ရောက်မှုနည်းလာပြီး ပြည်မြို့အနီးတစ်ဝိုက်ဒေသမှ စပါးများဈေးဖွင့်ဝယ်နေတာကြောင့် ယခုတစ်ပတ်မှာ ဒေသတွင်းစပါးများဝင်ရောက်နေခြင်းဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ် စပါးဈေးကတော့ တင်း ၁၀၀(၄၆ ပေါင်)လျှင် ဆင်းသွယ်၊မျော်ဘီကျပ် ၅၅၂၀၀၀၊ကရင်မ၊ရတနာတိုး ကျပ် ၅၂၄၄၀၀တို့ဖြစ်ပြီး ဆန်အဆင့်အတန်းမှာ တန်းကြိတ်အဆင့်ဖြစ်ကြောင်းသိရပါတယ်။ ဆန်ဈေးနှုန်းအနေဖြင့် ဆင်းသွယ်၊ မျော်ဘီတစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ကရင်မ၊ ရတနာတိုး ကျပ် ၂၂၅၀၀ တို့ဖြင့် ဒေသတွင်းဆန်အရောင်းဆိုင်များနှင့် နယ်များသို့တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ ပြည်ဆန်စက်များမှ ဆင်းသွယ်၊ မျော်ဘီဆန်အိတ်များကို ဒေသတွင်းဈေးကွက်နှင့် နယ်သို့တင်ပို့ပြီး ရတနာတိုး၊ ကရင်မကိုတော့ မန္တလေးသို့ နှစ်ရက်ခြားအိတ် ၁၀၀၀နီးပါး တင်ပို့မှုရှိကြောင်း သိရပါတယ်။

နတ္တလင်းတောင်ပံ့မွှေးစပါးဈေးမှာ ကျပ် ၇၆၃၆၀၀ ဖြစ်၍ ဆန်တစ်အိတ်ဈေးမှာ ကျပ် ၃၉၀၀၀ မှ ကျပ် ၄၀၀၀၀ ရှိကြောင်းသိရပါတယ်။ ရန်ကုန်သို့နှစ်ရက်ခြားအိတ် ၅၀၀မှ ၇၀၀ထိ တင်ပို့နေရကြောင်း ဈေးကွက်သတင်းများအရ သိရပါတယ်။

**နီနီဝင်း**

# ဆန်ချောရောဆန်ကြမ်းပါ ဈေးငြိမ်ပြီး ဆန်ကြမ်းအရောင်းအဝယ်သွက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောနဲ့ ဆန်ကြမ်းပုံမှန်ဈေးရှိပြီး ဆန်ကြမ်းအရောင်းအဝယ်သွက်ကြောင်း သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၀၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၈၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန်(အဟောင်း) တစ်အိတ် ကျပ် ၅၇၀၀၀ မှ ကျပ် ၆၀၀၀၀ ရှိပြီး ဈေးငြိမ်နေကြောင်းသိရပါတယ်။

ဆန်ချောများဈေးငြိမ်နေသော်လည်း အကြိုက်များပြီး အရောင်းသွက်တဲ့ ကျားပျံသစ်နဲ့ ပေါ်ဆန်းအသစ်ကတော့ အနည်းငယ်ဈေးတက်ပါတယ်။ ကျားပျံအသစ်ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ပေါ်ဆန်းအသစ် တစ်အိတ်ကျပ် ၂၈၀၀၀မှ ကျပ်၂၉၅၀၀ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀မှ ကျပ် ၁၀၀၀ အထိ ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးငြိမ်နေပြီး အရောင်းဝယ်သွက်ကြောင်း ကုန်စည်ဒိုင်မှသိရပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၅၀၀၊ နွေဆန်ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၇၇၀၀ မှ ကျပ် ၁၈၀၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀၊ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ် ၁၈၅၀၀ရှိပြီး ဈေးငြိမ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးကွက်မှာ ဆန်အရောင်းအဝယ်ကောင်းကြောင်းနဲ့ ဆန်ဈေးယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲဈေးငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထ ၅ မှတ်မျော်ဘီတစ်အိတ် ၁၃၆ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၉ ယွမ်မှ ယွမ် ၁၃၀၊ ဧည့်မထ ၁၀ မှတ်မျော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၇ ယွမ်မှ ၁၂၈ ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်ရှိပြီးဈေးအတက်အကျမရှိကြောင်း သိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇန်နဝါရီ၁၁ ရက်မှ ၁၇ ရက်အထိ ၄၁၅၀၂ တန်ရှိပါတယ်။ ဇန်နဝါရီ ၁၉ ရက်ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၂၀၄ ကျပ်ဈေးပေါက်ကြောင်း မူဆယ်မှသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၀ | ၄၄၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၀ | ၄၁၀ | △ | ၃၉၀ | ၄၂၀ | △ | ၄၂၀ | ၄၃၀ | △ | ၃၈၈ | ၃၉၉ | △ |
| ဆန်ဖြူ ၁၀% | ၃၉၈ | ၄၂၈ | △ | ၃၇၅ | ၄၁၅ | △ | - | - | - | ၃၈၄ | ၃၉၄ | △ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၄၁၈ | △ | ၃၈၀ | ၄၁၀ | △ | - | - | - | ၃၇၉ | ၃၉၀ | △ |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၄၀၀ | △ | ၃၇၀ | ၃၉၅ | △ | ၃၈၀ | ၃၉၀ | △ | ၃၅၁ | ၃၆၃ | △ |
| ပေါင်းဆန် | ၄၄၁ | ၄၆၂ | △ | - | - | - | ၄၁၅ | ၄၁၀ | △ | ၄၁၀ | ၄၂၀ | △ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၉-၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၈၀ | △ | ၂၂၀၀၀ | □ | ၇၆၃၆ | □ | ၃၉၀၀၀ | △ |
| ပုသိမ် | ၅၂၄၀ | □ | ၂၁၀၀၀ | □ | ၇၆၂၀ | □ | ၃၁၅၀၀ | □ |
| ပဲခူး | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၆၅၀၀ | □ | ၃၃၀၀၀ | ▽ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၄၀၀၀၀ | ▽ |
| စစ်တွေ | ၄၂၀၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၀၀၀၀ | □ | - | - | ၄၂၃၀၀ | □ |
| မန္တလေး | ၅၀၀၀ | △ | ၂၂၀၀၀ | ▽ | - | - | ၄၀၀၀၀ | △ |
| မကွေး | ၆၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | △ | ၂၆၀၀၀ | △ |
| လှိုင်ကော် | ၆၇၀၀ | △ | ၃၆၀၀၀ | △ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၄၇၀၀ | ▽ | ၂၄၀၀၀ | △ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၁၅-၁-၂၀၁၈ မှ ၁၉-၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 921 | 39,891,800.033 |
| 2 | Form D | 77 | 3,335,837.730 |
| 3 | Form E | 128 | 2,246,098.406 |
| 4 | Korea GSP | 14 | 557,030.400 |
| 5 | Form AK | 132 | 7,683,753.275 |
| 6 | Form AJ | 15 | 790,114.880 |
| 7 | Form AI | 87 | 4,737,765.280 |
| 8 | Form AANZ | 17 | 253,850.010 |
| 9 | Form DFTP | | |
| **Grand Total** | | **1391** | **59,496,250.014** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၉-၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၂/၁ | ၁၉/၁ | ပြောင်းလဲမှု | ၁၂/၁ | ၁၉/၁ | ပြောင်းလဲမှု | ၁၂/၁ | ၁၉/၁ | ပြောင်းလဲမှု | ၁၂/၁ | ၁၉/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၈၅ | ၈၉၃ | ▲ | ၉၃၃ | ၉၁၇ | ▼ | ၉၁၅ | ၉၁၀ | ▼ | ၉၁၀ | ၈၉၀ | ▼ |
| ပဲစင်းငုံ | ၅၉၄ | ၆၁၇ | ▲ | ၆၁၇ | ၆၀၀ | ▼ | ၆၂၅ | ၆၂၅ | ■ | ၆၀၀ | ၆၁၅ | ▲ |
| ပဲတီစိမ်း | ၁၃၀၀ | ၁၃၃၀ | ▲ | ၁၃၅၁ | ၁၃၅၁ | ■ | ၁၂၆၃ | ၁၂၆၃ | ■ | ၁၂၄၀ | ၁၂၁၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၂၀၂၅ | ▲ | ၁၆၀၇ | ၁၆၅၉ | ▲ | ၁၅၅၃ | ၁၅၇၉ | ▲ | ၁၅၃၀ | ၁၄၇၅ | ▼ |
| ပဲလွန်းဖြူ | ၁၃၁၅ | ၁၃၀၀ | ▼ | ၁၄၆၇ | ၁၄၁၇ | ▼ | - | - | - | ၁၅၃၀ | ၁၅၅၅ | ▲ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၅၆၅ | ▼ | ၁၉၅၆ | ၂၂၂၂ | ▲ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၉-၁-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၂/၁ | ၁၉/၁ | ပြောင်းလဲမှု | ၁၁/၁ | ၁၈/၁ | ပြောင်းလဲမှု | ၁၁/၁ | ၁၈/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၂၅ | ၄၁၅ | ▼ | ၆၄၃ | ၆၁၉ | ▼ | ၅၉၆ | ၅၉၅ | ▼ |
| ပဲစင်းငုံ | ၂၈၀ | ၂၈၅ | ▲ | ၆၄၃ | ၆၁၉ | ▼ | ၆၆၇ | ၆၄၂ | ▼ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၇၈၅ | ၇၈၃ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၆၁၂ | ၅၈၃ | ▼ | ၆၆၇ | ၆၁၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၆-၁-၁၈)ထိ | ယခုတစ်ပတ် (၁၃-၁-၁၈)ထိ | (၁-၁-၁၈) မှ (၁၃-၁-၁၈) ထိ |
| မတ်ပဲ | ၆၀၈၄ | ၄၀၅၄ | ၁၀၁၃၈ |
| ပဲတီစိမ်း | ၁၄၄၀ | ၁၂၃၀ | ၂၆၇၀ |
| ပဲစင်းငုံ | ၂၄၆၁ | ၄၀၇၅ | ၆၅၃၆ |
| ကုလားပဲ | ၂၉ | ၄ | ၃၃ |
| ပဲလွန်းဖြူ | ၁၃၀ | ၆၃ | ၁၉၃ |
| မြေထောက်ပဲ | ၇ | ၂ | ၉ |

## ပြည်စားတော်ပဲ နှစ်စဉ်ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်ရဲ့ လက်လီရောင်းဝယ်မှုအဖြစ်များတဲ့ ပဲသီးနှံများထဲမှာ စားတော်ပဲသီးနှံက နှစ်စဉ်လိုလို ဈေးကောင်းရခဲ့တဲ့ သီးနှံဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။ အခြားပဲဈေးများအနေဖြင့် ဈေးအတက်အကျရှိလို့ ဈေးကောင်းရတဲ့နှစ်ရှိသလို ဈေးမကောင်းတဲ့နှစ်လည်းရှိခဲ့ပေမယ့် စားတော်ပဲသီးနှံဟာ ဈေးအမြင့်နဲ့သာ နှစ်စဉ်ရောင်းဝယ်မှုရှိခဲ့ကြပါတယ်။ ယခုနှစ်မှာတော့ စားတော်ပဲသီးနှံဟာ ပဲအရည်အသွေးပေါ် မူတည်၍ ဈေးကွာခြားမှုရှိခဲ့လို့ မင်းတုန်းပဲအမျိုးအစားက တစ်တင်းကျပ် ၅၁၀၀၀၊ (ကနေဒါ) ပဲအမျိုးအစားက တစ်တင်းကျပ် ၃၁၀၀၀တို့ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က နှစ်ဆန်းပိုင်းမှာ စားတော်ပဲတစ်တင်း ကျပ်လေးသောင်းပတ်ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲပုပ်သစ်များ လက်လီ/လက်ကား ရောင်းဝယ်မှုသွက်နေ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ပဲပုပ်သီးနှံအသစ်များ ပဲအဝင်ဆက်ရှိခဲ့ကြလို့ ရောင်းဝယ်မှုအနေဖြင့်လည်း လှော်သမားရော လက်လီသမားများပါ နေ့စဉ်အဝယ်ရှိခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၁၀၀/၁၅၀ ကျော်ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဈေးမှာ တစ်တင်းကျပ် ၂၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်လျော့သွားခဲ့ပါတယ်။ ပဲပုပ်သီးနှံဈေးဟာဆိုလျှင် နှစ်စဉ်ဈေးအတက်အကျ သိသာစွာပြောင်းလဲခြင်းမရှိဘဲ ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ လို့ ယခင်နှစ်က ပဲဈေးမှာ တစ်တင်းကျပ် ၁၉၅၀၀ နှင့် ကျပ် ၂၀၀၀၀ အကြားရရှိခဲ့လို့ ယခုနှစ်ဈေးနှင့် ယခင်နှစ်က ဈေးမှာလည်း ကွာခြားမှုမရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ၂၀၁၇ခုနှစ် ပြည်ပဲဈေးကွက်တွင် ပဲကြီးသီးနံ့ဈေး စံချိန်တင်မြင့်မားခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲဈေးနှုန်းများမှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲများထက် ပြည်တွင်းဝယ်လက်ရှိသောပဲများက ဈေးကောင်းပိုရခဲ့ကြောင်း သိရပါတယ်။ ၂၀၁၇ခုနှစ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ခဲ့သော ပြည်တွင်းရောင်းဝယ်မှုဖြစ်ခဲ့တဲ့ ပဲအချို့နှင့် ပြည်ပဝယ်လက်ရှိသော ပဲများ၏ ဈေးနှုန်းများကို လေ့လာရာတွင် နှစ်ဆန်းပိုင်းကာလထက် နှစ်ကုန်ပိုင်းမှာ ပြည်ပဝယ်လက်ပဲများ ဈေးလျော့ခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲများကတော့ နှစ်ကုန်ပိုင်းမှာဈေးပို ကောင်းလာခဲ့တာကိုတွေ့ရပါတယ်။



မတ်ပဲသီးနှံမှာ နှစ်ဆန်းပိုင်းက ပဲတစ်တင်းကျပ်သုံးသောင်းအထက်ရရှိလို့ ဈေးကောင်းရခဲ့သော်လည်း ဇွန်၊ဇူလိုင်လများတွင် ပဲဈေးလျော့လာပြီး ဩဂုတ်လအတွင်း ပြည်ပမှပဲတင်သွင်းမှုကန့်သတ်ခြင်းကြောင့် အရောင်းအဝယ်အေးသွားသလို ဈေးနှုန်းလည်း အေးသွားခဲ့ကာ ပဲတစ်တင်းလျှင်ကျပ်နှစ်သောင်းမှ နှစ်သောင်းအောက်ထိ ဈေးလျော့သွားခဲ့ပါတယ်။ နှစ်ကုန်ပိုင်းမှာတော့ ပဲဈေးပြန်လှုပ်လာတဲ့အတွက် ကျပ်နှစ်သောင်းကျော်ပြန်ရလာခဲ့ပြီးအရောင်းအဝယ်လည်းလက်ကျန်ပဲများရှိမှုအပေါ် မူတည်ပြီး ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲတီစိမ်းသီးနှံအနေဖြင့် ပြည်ပဝယ်လက်ပဲထဲမှာ ပုံမှန်ရောင်း ဝယ်လျက်ရှိရာ နှစ်ဆန်းပိုင်းက ပဲတစ်တင်းလျှင်ကျပ်သုံးသောင်းကျော်ရှိခဲ့သလို နှစ်ကုန်ပိုင်းမှာလည်း ဆောင်းပဲသစ်များအဝင်များလာလို့ ပဲတစ်တင်းလျှင်ကျပ် ၂၈၀၀၀ ဖြင့် မန္တလေးလိုင်းသမားများ ဝယ်လိုအားကောင်းခဲ့တဲ့အတွက် အရောင်းအဝယ်သွက်ခဲ့တဲ့ပဲ ဖြစ်ခဲ့ပါတယ်။ နှစ်ဆန်းပိုင်းက မတ်ပဲထက် ဈေးလျော့ခဲ့ပေမယ့် နှစ်ကုန်ပိုင်းမှာ မတ်ပဲထက် ဈေးပိုရခဲ့ပါတယ်။

ပဲစင်းငုံသီးနှံကတော့ နှစ်ဆန်းပိုင်းမှာ မတ်ပဲ၊ ပဲတီစိမ်းသီးနှံတို့ထက် ဈေးလျော့နည်းခဲ့သလို တစ်နှစ်ပတ်လုံးလည်း ဈေးလျော့နေခဲ့တာကိုတွေ့ရပါတယ်။ဩဂုတ်လမှစ၍ကျပ်နှစ်သောင်းအောက် လျော့နည်းကျဆင်းလာခဲ့ကာ နှစ်ကုန်ပဲသစ်ပေါ် ချိန်မှာလည်း ကျပ်တစ်သောင်းကျော်သာဈေးရခဲ့လို့ ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးရနေခဲ့တဲ့ သီးနှံဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ကုလားပဲသီးနှံမှာ ၂၀၁၇ခုနှစ် နှစ်ဆန်းပိုင်းမှာ ပဲတစ်တင်းလျှင် ကျပ်ငါးသောင်းကျော်ထိ ရရှိခဲ့လို့ ပဲဈေးကွက်မှာ အခြားပဲများအားလုံးထက် ဈေးကောင်းရခဲ့သော်လည်း ပဲသစ်များဝင်ရောက်ချိန်မှစ၍ ဈေးလျော့သွားခဲ့ကာ တစ်တင်းကျပ်လေးသောင်းကျော်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မျိုးပဲဝယ်ယူချိန်မှစ၍ ပဲဈေးကောင်းလာလို့ လက်ကားရောင်းဝယ်မှုဈေးထက် ဈေးပိုခဲ့ကာ တစ်တင်းကျပ်၄၇၀၀၀ ရရှိခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ နှစ်ဆန်းပိုင်းတွင် မတ်ပဲ၊ကုလားပဲစသည့် သီးနှံများထက်ဈေးလျော့ခဲ့လို့ ပဲတစ်တင်းလျှင် ကျပ်သုံးသောင်းအောက်ရခဲ့ပြီး ပဲသစ်ဝင်ချိန် ဖေဖော်ဝါရီမှစ၍ ပဲတစ်တင်းလျှင်ကျပ် သုံးသောင်းအထက် ရရှိလာခဲ့ကာ တက်ဈေးအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာပဲထွက်ပေါ် ချိန်ကာလတွင်သာ လက်လီ/လက်ကား အရောင်းအဝယ်ကောင်းပေမယ့် ကျန်ကာလများမှာ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှစ်ဆန်းပိုင်း ပဲသစ်ဝင်ရောက်ချိန်တွင် ပဲတစ်တင်းလျှင် ကျပ် ၁၉၅၀၀ မှ ဖေဖော်ဝါရီ၊ မတ်လများမှစ၍ ပဲဈေးနှုန်းမှာ ကျဆင်းသွားခြင်းမရှိဘဲ ဆက်တိုက်မြင့်တက်လာခဲ့ကာ တစ်တင်းလျှင် ကျပ်သုံးသောင်းအထိ မြင့်တက်လာခဲ့တာကိုတွေ့ရပါတယ်။

ဒါကြောင့် ၂၀၁၇ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများအရ ပဲစင်းငုံနှင့်မတ်ပဲသီးနှံမှာ ဈေးအနိမ့်ရခဲ့ပြီး ကုလားပဲသီးနှံမှာ နှစ်စတွင်သာ ဈေးကောင်းရခဲ့ပြီး နှစ်ကုန်တွင် ဈေးလျော့သွားခဲ့သော်လည်း ပြည်ပဝယ်လက်ပဲများအားလုံးထက်တော့ ဈေးပိုရခဲ့ပါတယ်။ ပဲကြီးသီးနှံကတော့ ၂၀၁၇ခုနှစ်အတွင်း ဈေးအမြင့်ဆုံး စံချိန်တင်မြင့်တက်ခဲ့သော ပဲသီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ၂၀၁၇ ခုနှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများ

ရေတွက်ပုံ-တန်/ဈေး(ကျပ်)

| ပဲအမျိုးအစား | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ကုလားပဲ | ပဲကြီး (ရွှေကျွန်း) | ပဲကြီး (ကမ်းနား) | ပဲပုပ် |
|---|---|---|---|---|---|---|---|
| ၁/၂၀၁၇ | ၃၇၅၀၀ | ၂၉၀၀၀ | ၂၆၅၀၀ | ၅၁၀၀၀ | ၂၉၅၀၀ | ၂၈၅၀၀ | ၁၉၅၀၀ |
| ၂/၂၀၁၇ | ၃၂၀၀၀ | ၃၂၅၀၀ | ၂၄၈၀၀ | ၄၁၀၀၀ | ၃၀၅၀၀ | ၂၇၅၀၀ | ၂၂၅၀၀ |
| ၃/၂၀၁၇ | ၃၇၇၀၀ | ၃၀၀၀၀ | ၂၃၈၀၀ | ၃၇၅၀၀ | ၃၅၅၀၀ | ၃၆၀၀၀ | ၂၃၅၀၀ |
| ၄/၂၀၁၇ | ၃၆၀၀၀ | ၃၀၀၀၀ | ၂၃၀၀၀ | ၄၀၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၂၆၅၀၀ |
| ၅/၂၀၁၇ | ၃၂၅၀၀ | - | ၂၀၅၀၀ | ၄၀၀၀၀ | ၅၀၀၀၀ | ၄၅၀၀၀ | ၂၇၀၀၀ |
| ၆/၂၀၁၇ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၄၈၀၀၀ | ၄၆၅၀၀ | ၂၇၀၀၀ |
| ၇/၂၀၁၇ | ၂၉၀၀၀ | - | ၁၉၅၀၀ | ၄၀၂၀၀ | ၄၉၀၀၀ | ၄၅၀၀၀ | ၂၇၅၀၀ |
| ၈/၂၀၁၇ | ၂၈၅၀၀ | ၃၆၀၀၀ | ၁၈၅၀၀ | ၄၄၀၀၀ | ၅၃၀၀၀ | ၄၆၀၀၀ | ၃၀၀၀၀ |
| ၉/၂၀၁၇ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ | ၄၇၀၀၀ | ၅၅၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ |
| ၁၀/၂၀၁၇ | ၁၈၃၀၀ | ၂၇၅၀၀ | ၁၂၅၀၀ | ၄၇၀၀၀ | ၆၅၀၀၀ | ၆၀၀၀၀ | ၂၇၅၀၀ |
| ၁၁/၂၀၁၇ | ၁၆၇၀၀ | ၂၈၀၀၀ | ၁၀၅၀၀ | ၄၄၅၀၀ | ၇၀၀၀၀ | ၆၅၀၀၀ | ၃၁၀၀၀ |
| ၁၂/၂၀၁၇ | ၂၀၇၀၀ | ၂၇၅၀၀ | ၁၃၅၀၀ | ၃၆၀၀၀ | ၈၀၀၀၀ | ၇၀၀၀၀ | ၂၃၅၀၀ |

## ဇန်နဝါရီတတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ မြေပဲဆန်နှင့်မတ်ပဲဈေးအနည်းငယ်တက်

ယခုတစ်ပတ် ရေကြိုကုန်စည်ဒိုင်၌ မြေပဲဆန်ဈေးမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီး မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ မြေပဲနီလုံးဆန်(မြောင်)အသစ် တစ်ပိဿာလျှင်ကျပ် ၂၃၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊ S1(မြေပဲဖြူလုံးဆန်)ကျပ် ၂၂၅၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် ရေစကြိုဒေသထွက်မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် အနည်းငယ်တက်နေပြီး အရည်အသွေးကိုလိုက်၍ ဈေးကောင်းလျက်ရှိပါတယ်။ မတ်ပဲတစ်တင်းလျှင်ကျပ် ၁၇၀၀၀ မှ၁၈၀၀၀ ထိရှိပြီး ပဲပိစပ်တစ်တင်းလျှင်ကျပ် ၁၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းဖြူမှာလည်း ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျနေပြီး တစ်တင်းလျှင်ကျပ် ၂၉၀၀၀၊ ပဲလွန်းပြာ တစ်တင်းလျှင်ကျပ် ၂၂၀၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ် ၃၀၀၀၀၊ ကုလားပဲများ ဖြစ်သော HLတစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ 929 တစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင်ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြောင်းဖူးစေ့ (CP) မှာတစ်တင်းလျှင်ကျပ် ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၈ .၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း | - MT.CORVUS | P.Oil (In Bulk) ၄၅၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း | - SINAR BATAM | ကုန်သေတ္တာ၅၀၇ကုန်ချကုန်သေတ္တာ၄၅၀ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၁) | - FSL SANTOS | ကုန်သေတ္တာ၃၂၃ကုန်ချကုန်သေတ္တာ၃၆၉ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၁) | - CO CO GYUN | Steel Product ၆၇၀၀ တန်ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၄ ) | - ELISSEOS | ဆန် ၃၀၀၀၀ တန်ကုန်တင်ရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - KENG TUNG | Steel Bar ၁၀၀၉၇ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၃) | - OCEAN REEF | Coal (In Bulk) ၂၉၅၀၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - SRAR RIGEL | Steel& Equipment ၁၅၅၇၄ တန်ကုန်ချရန် |
| Green Asia Jetty | - MT.GLORY STAR | Diesel Oil ၁၃၀၈၆ တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HAN ZHI | G/C ၇၆၃ တန်ကုန်ချရန် | CHINA | ၁၉ ၊ ၁ ၊ ၂၀၁၈ |
| CHIOS TRINTIY | ဆန် ၂၆၂၅၀ တန်တင်ရန် | CHINA | ၂၂ ၊ ၁ ၊ ၂၀၁၈ |
| NACC POROS | Cement (In Bulk) ၇၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂၃ ၊ ၁ ၊ ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈ ၊ ၁ ၊ ၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၈ ၊ ၁ ၊ ၂၀၁၈ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၈ ၊ ၁ ၊ ၂၀၁၈ |
| UNI AMPLE | SINGAPORE | အလုံဆိပ်ကမ်း | ၁၈ ၊ ၁ ၊ ၂၀၁၈ |
| MALACCA STAR | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| HUNSA BHUN | SINGAPORE | သီလဝါ/ အလုံဆိပ်ကမ်း | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MCC SHANG HAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MAERSK WARSAW | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁ ၊ ၁ ၊ ၂၀၁၈ |
| SHIBA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁ ၊ ၁ ၊ ၂၀၁၈ |
| MALACCA STAR | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁ ၊ ၁ ၊ ၂၀၁၈ |
| YANTRA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁ ၊ ၁ ၊ ၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂ ၊ ၁ ၊ ၂၀၁၈ |
| ARCA | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၄ ၊ ၁ ၊ ၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄ ၊ ၁ ၊ ၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆ ၊ ၁ ၊ ၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆ ၊ ၁ ၊ ၂၀၁၈ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆ ၊ ၁ ၊ ၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၇ ၊ ၁ ၊ ၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈ ၊ ၁ ၊ ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN LARD | ဒီဇယ်ဆီ | - | ၁၈ ၊ ၁ ၊ ၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | - | ၁၉ ၊ ၁ ၊ ၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ+MOGAS | - | ၁၉ ၊ ၁ ၊ ၂၀၁၈ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MT.PRIMROSE | P.Oil (In Bulk) | INDINESIA | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MT.BLUE OCEAN -2 | P.Oil (In Bulk) | INDINESIA | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MT.AMAZONA | P.Oil (In Bulk) | INDINESIA | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MT.ERAWAN-12 | P.Oil (In Bulk) | INDINESIA | ၂၀ ၊ ၁ ၊ ၂၀၁၈ |
| MT.FLY SEAL | MOGAS(92 RON) | SINGAPORE | ၂၁ ၊ ၁ ၊ ၂၀၁၈ |
| MT.OCEAN MANTA | ဒီဇယ်ဆီ | SINGAPORE | ၂၁ ၊ ၁ ၊ ၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၂ ၊ ၁ ၊ ၂၀၁၈ |
| MT.VIET STAR | P.Oil (In Bulk) | INDINESIA | ၂၄ ၊ ၁ ၊ ၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ+MOGAS | SINGAPORE | ၂၄ ၊ ၁ ၊ ၂၀၁၈ |

# ပြည်ပဲမျိုးစုံဈေးကွက်မှာ ဇန်နဝါရီတတိယပတ်အတွင်း ပဲတီစိမ်းသစ် အရောင်းအဝယ်သွက်ခဲ့ပြီး ပဲစင်းငုံသစ်ပုံမှန်အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဇန်နဝါရီတတိယပတ်တွင် ဆောင်းပဲသစ်များဝင်ရောက်မှုရှိခဲ့သလို ပဲဟောင်းလက်ကျန်များလည်းရှိခဲ့တဲ့အတွက် အချို့ပဲများအရောင်းအဝယ်သွက်နေတာကို တွေ့ရပါတယ်။ပဲတီစိမ်းနှင့် ပဲစင်းငုံသစ်များ နေ့စဉ်ဝင်ရောက်ခဲ့ပြီး ပဲတီစိမ်းသီးနှံမှာ ပဲအထွက်လှိုင်ချိန်ဖြစ်တာကြောင့် တစ်ရက်အိတ် ၆၀၀ ကျော် ၇၀၀ အထိ ပဲအဝင်များခဲ့ကာ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ဝက်ထီးကန်၊ မင်းတုန်း၊ ကံမမြို့နယ်များမှ အများအပြား ဝင်ရောက်လာခြင်းဖြစ်သလို မန္တလေးလိုင်းသမားများမှနေ့စဉ်ဝယ်ယူခဲ့ပါတယ်။ ပဲဈေးမှာတစ်တင်းကျပ် ၂၅၀၀၀ မှ ကျပ် ၂၆၅၀၀ ကြား အရည်အသွေးကိုလိုက်၍ ဈေးကွာခြားမှုရှိကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ပန်းတောင်း၊ မင်းတုန်း၊ ကံမနှင့် ပြည်အနီးတစ်ဝိုက်မှ တစ်ရက်အိတ် ၄၀၀ကျော်အထိဝင်ရောက်လာခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်အဝယ်ရှိကာ အိတ် ၄၀၀ကျော်ခန့်အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးအနေဖြင့် တစ်တင်းကျပ် ၁၁၅၀၀ရရှိခဲ့တယ်လို့သိရပါတယ်။

မတ်ပဲသီးနှံအနေနဲ့ပဲဟောင်းလက်ကျန်များသာရှိခဲ့သော်လည်း ရန်ကုန်ဝယ်လက်ဝယ်လိုအားပေါ်မူတည်၍ ပုံမှန်အရောင်းအဝယ်မရှိဘဲ ရက်ခြားသာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲတစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် လဆန်းရက်ကဈေးထက် ဈေးအနည်းငယ်လျော့သွားခဲ့တာကိုတွေ့ရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ပဲဟောင်းဈေးထက်ပဲသစ်ဈေးမှာ ပိုရလာမလားဆိုတာစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယခင်နှစ်က ယခုအချိန်မတ်ပဲသီးနှံဈေးနှုန်းမှာ တစ်တင်းလျှင်ကျပ် ၃၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ပြည်တွင်းပဲဈေးကွက်တွင် တစ်တင်းကျပ် သုံးသောင်းကျော်ရရှိခဲ့လို့ မတ်ပဲ၊ ပဲတီစိမ်းသီးနှံတို့ထက်လည်းဈေးကောင်းရရှိခဲ့ပါတယ်။ယခုကာလအတွင်း ပဲဟောင်းများသာရှိလို့ ခွဲစက်သမားများကဝယ်ယူသော်လည်း ရက်ခြားသာအိတ် ၂၀၀ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲထဲမှာ လက်လီရောင်းဝယ်မှုအဖြစ်များတဲ့ပဲများအနက် ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများမှာ ပဲသစ်များအဝင်ရှိခဲ့တာကြောင့် ဘိုကိတ်ပဲသီးနှံမှာရန်ကုန်ဝယ်လက်ပါအဝယ်ရှိခဲ့တဲ့အတွက် လက်လီ၊လက်ကားအရောင်းအဝယ်ဖြစ်လျက်ရှိသလို ပဲလွန်းဖြူသီးနှံကတော့ ပဲအဝင်နည်းနေသေးတဲ့အတွက် လက်လီသာရောင်းဝယ်မှုဖြစ်နေကြောင်း သိရပါတယ်။ ဘိုကိတ်ပဲမှာ တစ်တင်းကျပ် ၂၅၅၀၀၊ ပဲလွန်းဖြူသီးနှံမှာ တစ်တင်းကျပ် ၂၆၅၀၀တို့ဖြင့် ဈေးအနည်းငယ်စီမြင့်တက်လာခဲ့ကြောင်းသိရပါတယ်။ ထောပတ်ပဲသီးနှံမှာတော့ ပဲသစ်ဝင်ရောက်ခြင်းမရှိဘဲ ပဲလက် ကျန်လည်းနည်းနေတာကြောင့် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့်ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲကြီးဈေးအမြင့်ဆုံးရသော်လည်း ရောင်းဝယ်မှုအေး

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပဲလက်ကျန်အနည်းငယ်သာရှိခဲ့လို့ ပဲဈေးကောင်းခဲ့သော်လည်း အိတ်အနည်းငယ်သာရောင်းဝယ်မှုဖြစ်ခဲ့တဲ့ ပဲကြီးသီးနှံဟာ နေ့စဉ်အရောင်းအဝယ်မဖြစ်တော့ဘဲ ရက်ခြားသာရောင်းဝယ်မှုဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးနှုန်းများမှာ (ရွှေကျွန်း)တစ်တင်းကျပ် ၈၀၀၀၀၊(ကမ်းနား)တစ်တင်းကျပ် ၇၅၀၀၀ တို့ဖြင့် ဈေးအမြင့်ဆုံးနဲ့ပဲဈေးကွက်မှာအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ဇန်နဝါရီလအတွင်း ပဲတစ်တင်းကျပ် သုံးသောင်းအောက်သာရရှိခဲ့ပြီး ယခုနှစ်မှာတော့ ပဲဈေးနှုန်းဟာတရိပ်ရိပ်တက်လာခဲ့တာကြောင့် ပဲဈေးကွက်မှာ စံချိန်တင်ဈေးမြင့်တက်ခဲ့တဲ့ပဲသီးနှံဖြစ်ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ဇန်နဝါရီတတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်တွင် ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီအသစ်များ စတင်ဝင်ရောက်လျက်ရှိပါတယ်။ ပဲစင်းငုံနီအသစ် တစ်တင်းလျှင် ကျပ် ၁၂၅၀၀ ဖြင့်အိတ် ၂၀၀နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင်ကျပ် ၁၁၇၀၀ ဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်သို့ အိတ်ရေ ၁၀၀၀ခန့်တင်ပို့ခဲ့ပါတယ်။

ကုလားပဲဈေးကွက်တွင် ယခင်လက ကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ် ၃၈၀၀၀ ရှိခဲ့ပြီး ယခုလတွင်မူ ကုလားပဲဖြူ V2တစ်တင်းလျှင်ကျပ် ၃၀၀၀၀ထိ ကျဆင်းနေပါတယ်။ ၎င်းနည်းတူ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၉၀၀၀ထိ ဈေးကျခဲ့ပြီး အိတ် ၅၀ ခန့်၊ 929 တစ်တင်းလျှင်ကျပ် ၂၉၀၀၀၊ အိတ် ၄၀ ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းဈေးကွက်မှ သိရပါတယ်။

မတ်ပဲတစ်တင်းလျှင် ကျပ် ၁၇၃၀၀ ဖြင့်အိတ် ၅၀ကျော်ခန့်၊ ပဲပုပ်(ယော) တစ်တင်းလျှင်ကျပ် ၁၈၀၀၀ ဈေးဖြင့် ၁၅အိတ်ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှယခုတစ်ပတ်တွင် ကျပ်၃၅၅၀၀ဖြင့်အိတ် ၅၀ ခန့်၊ နှမ်းနက် (စမုံ)တစ်တင်းလျှင်ကျပ် ၂၇၀၀၀မှ ၄၁၅၀၀ ဖြင့် အိတ် ၅၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းညိုတစ်တင်းလျှင်ကျပ် ၃၅၀၀၀ဈေးဖြင့် အိတ် ၄၀ ခန့်၊ ယခုတစ်ပတ်ကုန်စည်ဒိုင်တွင် အထွက်တိုးပြောင်းတစ်တင်းလျှင်ကျပ် ၁၀၅၀၀ ဈေးဖြင့် အိတ် ၇၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ဝယ်လိုအားကောင်းလာပြီး ဈေးပြန်ကောင်းလာတဲ့ ပြည်မြေပဲဆန်

ပြည်ဈေးကွက်တွင် မြေပဲဆန် ဝယ်လိုအားကောင်းလို့ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ မြေပဲဆန်အဝင်မရှိတော့ပေမယ့် လှောင်မြေပဲဆန်များကြောင့် ဈေးကွက်တွင် အရောင်းအဝယ်မပျက်ဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ မြေပဲဆန် (လုံးဆန်) ကို ရန်ကုန်ဝယ်လက်နှင့် မန္တလေးဝယ်လက်များက ဝယ်ယူပြီး မြို့တွင်းဆီစက်များနှင့် နယ်ရှိဆီစက်များက ဝယ်လိုအားပြန်ကောင်းလာသဖြင့် ယခင်တစ်ပတ်ထက် ဈေး ပြန်မြင့်လာတာ တွေ့ရပါတယ်။

ယခုတစ်ပတ်မြေပဲ (ဆီဆန်) မှာတစ်ပိဿာလျှင် (အဖြူ) ကျပ် ၂၂၅၀နှင့် (အနီ)ကျပ် ၁၉၅၀ ဖြစ်ပြီး လုံးဆန်ဈေးမှာ (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၅၀ နှင့် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၁၅၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

## ကြက်သွန်

### ပြည်ကြက်သွန်ဖြူများ ဈေးအတက်အကျဖြစ်ပေါ်နေ

ပြည်ကြက်သွန်ဖြူပွဲရုံများတွင် ဇန်နဝါရီတတိယပတ်၌ ကြက်သွန်ဖြူအဝင်နည်းလာတာတွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ကြက်သွန်ဖြူဝင်ရောက်မှုမှာ ရှမ်းလိုင်းနှင့်တရုတ်လိုင်းများမှ ဝင်ရောက်နေခြင်းဖြစ်ပြီး ရှမ်းကြက်သွန်ဖြူများအရောင်းအဝယ်အေးတာကြောင့် ဈေးဆက်ကျလာပြီး တရုတ်စ(ကြူကုတ်)ကတော့ ပစ္စည်းအဝင်နည်းတာကြောင့် ဈေးတက်လာခြင်းဖြစ်ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (ပွဲရုံဈေး) တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၂၁၀၀ မှ ကျပ် ၂၃၀၀၊ (ကြူကုတ်စ) ကျပ် ၁၉၀၀ ဖြင့် တစ်ပိဿာလျှင် ကျပ် ၁၀၀ဈေးတက်လာတာတွေ့ရပါတယ်။ ဒေသတွင်း(လက်လီ) ဈေးကွက်များတွင် (ရှမ်းစ)တစ်ပိဿာလျှင် ကျပ် ၂၈၀၀နှင့် (ကြူကုတ်စ)ကျပ် ၂၃၀၀တို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ ပွဲရုံများမှာ အရောင်းအဝယ်အေးသော်လည်း ဒေသတွင်းလက်လီသမားများကတော့ ပုံမှန်ရောင်းဝယ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်ဖြူအိတ် ၂၀၀ နီးပါးအရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း**

### ပြည်ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ရေနံချောင်း၊ တောင်တွင်းကြီး၊ ပခုက္ကူ စတဲ့နယ်များမှ ကြက်သွန်နီဝင်ရောက်မှုများရှိသလို ဈေးနှုန်းများလည်း ဆက်လက်ကျဆင်းသွားကြောင်း သိရပါတယ်။ ဈေးနှုန်းအနေဖြင့် လက်လီရော လက်ကားပါ တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၄၅၀ ခန့်ကျဆင်းသွားတာတွေ့ရပါတယ်။ ပြည်ကြက်သွန်နီဈေးနှုန်းများ ကျဆင်းပေမယ့် အရည်အသွေးမှာ မကောင်းသေးဘဲ အစိုဓာတ် များ ကျန်ရှိနေသေးသည့်အတွက် အရောင်းအဝယ်မှာ ပုံမှန်အောက်သာ ရှိနေသေးတာ တွေ့ရပါတယ်။

ဈေးနှုန်းအနေနဲ့ ယခုတစ်ပတ်ပွဲရုံများ၌ လက်ကားတစ်ပိဿာ လျှင်(ကြီး) ကျပ် ၁၈၀၀၊(လတ်)ကျပ် ၁၆၀၀-၁၇၀၀၊ (သေး) ကျပ်၁၄၀၀-၁၅၀၀တို့ရှိပြီး လက်လီဈေးကွက်တွင် (ကြီး) ကျပ် ၃၀၀၀၊ (လတ်) ကျပ် ၂၆၀၀-၂၈၀၀၊ (သေး) ကျပ် ၂၄၀၀-၂၅၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေးတစ်ပိဿာ (ကြီး)ကျပ် ၂၄၀၀-၂၅၀၀၊(လတ်) ၂၃၀၀-၂၃၅၀၊ (သေး)ကျပ် ၂၀၀၀-၂၁၀၀-၂၂၀၀ တို့ရှိပြီး လက်လီဈေး (ကြီး) ကျပ် ၃၃၀၀-၃၅၀၀၊ (လတ်) ကျပ် ၂၉၀၀-၃၀၀၀၊ (သေး) ကျပ် ၂၆၀၀-၂၈၀၀နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအောက် ကျဆင်းသွားတာ တွေ့ရပါတယ်။

ယခင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ကာလတူ ဈေးနှုန်းမှာ လက်လီ/လက်ကားကျပ် ၁၃၀၀-၁၅၀၀ ရှိတဲ့အတွက် ယခုဖြစ်ပေါ် လျက်ရှိတဲ့ ကြက်သွန်နီဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အမြင့်ဈေးတွင်ရှိနေသဖြင့် စားသုံးသူများမှ ချင့်ချိန်ဝယ်ယူမှုရှိနေသေးကြောင်း သိရှိရပါတယ်။

**ဝင်းလှဲ့ဝါ (ပြည်)**

## မန်ကျည်း

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မန်ကျည်းတန် ၄၀၀ နီးပါးတင်ပို့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့နိုင်ငံမှာဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပါတယ်။ ဒီတစ်ပတ်မှာမန်ကျည်းစေ့များသာ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၇၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ပဲနီပြားပဲဟောင်းလက်ကျန်ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်မှာ ဇန်နဝါရီလအတွင်း ပဲသစ်အချို့ဝင်ရောက်မှုရှိသလို အချို့ပဲများကလည်း ပဲဟောင်းလက်ကျန်များနဲ့ ရောင်းဝယ်မှုဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။

ပဲနီပြားသီးနှံဟာဆိုလျှင်လည်း ပဲဟောင်းလက်ကျန်ရှိမှုအပေါ် လက်လီဝယ်ယူသူများဖြင့် အိတ်အနည်းငယ်သာရောင်းဝယ်ခဲ့တဲ့အတွက် ပဲဈေးမှာ တစ်တင်းကျပ် ၄၀၀၀၀ ဖြင့် အခြားလက်လီပဲများဖြစ်သော ထောပတ်ပဲ၊ ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံတို့ထက် ဈေးကောင်းပိုရရှိခဲ့သလို ယခင်နှစ်ကထက်လည်း ဈေးသိသိသာသာမြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံ နှစ်စအချိန် ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၉၀၀၀ သာရရှိခဲ့လို့ ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဖြင့်ရောင်းဝယ်ခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## နနွင်း

### မူဆယ်မှ နနွင်းတန် ၈၀ကျော်တင်ပို့

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅၈၆၃၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၈၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က မူဆယ်မှ နနွင်းတင်ပို့မှုမရှိဘဲ စစ်တွေကုန်သွယ်ရေးစခန်းမှသာ နနွင်းတက်နှစ်တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ကျပ် ၉၆၃၈၂၀ ခန့်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၁၂၆၀၀ ဝန်းကျင်ဈေးရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### နနွင်းတန်ချိန် ၇၀ ကျော် ပင်လယ်ရေကြောင်းမှတင်ပို့

ဇန်နဝါရီ ၇ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) အသစ် ၇၂ ဒသမ ၅၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၆ ဒသမ ၅၂ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာတော့ နနွင်းတစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၄၀ ကျော် ရရှိခဲ့တာကြောင့် ယခင်သီတင်းပတ်ထက် ဈေးပိုရခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၂၈၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတန်ချိန် ၂၀၀ ကျော်တင်ပို့မှုလျော့ နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၄၀၉၀ကျော် ဝင်ငွေရရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းနနွင်း ယခင်နှစ်လက်ကျန်များနဲ့အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းအသစ်တွေကတော့ နှစ်လပိုင်း/သုံးလပိုင်းမှသာဈေးကွက်ကိုစပြီးဝင်လာတော့မှာဖြစ်ပါတယ်။ လက်ရှိဈေးကွက်မှာတော့ ယခင်နှစ် လက်ကျန်တွေကိုသာရောင်းဝယ်နေကြပါတယ်။ နနွင်းကလည်း ချင်းလိုပါပဲ။ ပြည်ပဝယ်လက်နည်းနေပေမယ့် ပြည်တွင်းသုံးဝယ်လက်တွေကြောင့် တစ်နှစ်ပတ်လုံးတော့ နည်းနည်းချင်း အရောင်းအဝယ်ဖြစ်နေတယ်လို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်က နနွင်းတွေကို ရန်ကုန်၊ ပြည်၊ စစ်တွေ စတဲ့ဝယ်လက်တွေက အဓိကဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ဒီဇင်ဘာလတစ်လအတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ၃ ဒသမ ၃၅ သိန်းရောင်းချခဲ့ရပြီး တောင်ပို့လစတွေသာအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၁၀၀၀ မှကျပ် ၂၇၀၀ ထိရှိပါတယ်။ ဆင်တောင်နနွင်းကတော့ တစ်ပိဿာကျပ် ၄၀၀၀ ဈေးရှိတယ်လို့ လည်းသိရပါတယ်။

ဟိုပုံးနနွင်းကိုတော့ ပြည်တွင်းဝယ်လက်တွေသာ ဝယ်ယူမှုရှိပြီး အမှုန့်ကြိတ်ဖို့အတွက်သာဝယ်ယူနေပါတယ်။ဈေးနှုန်းကတော့ အရည်အသွေးပေါ် မူတည်ပြီး ကွဲပြားသလိုအကြမ်းစတွေကတော့ တစ်ပိဿာကျပ် ၁၂၀၀ မှ ၁၃၀၀ ဈေး ပေါက်နေပြီးအချောစတွေ ကတော့ တစ်ပိဿာကျပ် ၂၀၀၀ဈေးရှိတယ်လို့ဟိုပုံးနနွင်းပွဲရုံတွေထံမှ သိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

## ချင်း

### မူဆယ်မှ ချင်းပိုမိုတင်ပို့

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၈၅၉၅ တန်ဖိုးရှိ ချင်းခြောက် ၃၁ တန်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇ တန်နဲ့ နှိုင်းယှဉ်ပါက ၁၄ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၁၆၇၈၂၆၀ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနှင့် မောင်တော ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၇၉၈၃ တန်ဖိုးရှိ ချင်းစို ၂၁ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေကုန်သွယ်ရေးစခန်းမှ ၆ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ၁၅ တန်ကျော်ဖြစ်ပါတယ်။

**မော်မော်အောင်**

### ရေကြောင်းလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း၁၃၅ တန်တင်ပို့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း၁၃၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉၀၂၅ ဝင်ငွေ ရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ရှမ်းချင်းအဝယ်နည်းလို့ ဈေးအနည်းငယ်ကျ



ရှမ်းပြည်နယ်ရဲ့ အဓိကထွက်ကုန်တစ်မျိုးဖြစ်တဲ့ ရှမ်းချင်းကတော့ ဒီဇင်ဘာလမှာလည်း ခပ်သွက်သွက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှတစ်ဆင့် ပုံမှန်ဝယ်ယူနေတဲ့ ဝယ်လက်တွေဖြစ်တဲ့ တပ်ကုန်း၊ ရန်ကုန်၊ မုံရွာ စတဲ့မြို့တွေအပြင် လှောင်လက်တွေဖြစ်တဲ့ ပြည်၊ စစ်တွေဝယ်လက်တွေကပါဝယ်ယူနေတာကြောင့် ဒီဇင်ဘာလအတွင်းမှာ ချင်းပိဿာချိန်ပေါင်း ၆ ဒသမ ၈ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ ချင်း(ခြောက်)ကတော့ အဝယ်နည်းခဲ့တာကြောင့် ချင်း(စို)ရောင်းအားရဲ့ တစ်ဝက်သာရှိခဲ့ပြီး စုစုပေါင်းပိဿာ ချိန် ၃ ဒသမ ၆သိန်းခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ အောင်ပန်းချင်းတွေကတော့ ဈေးကွက်ကိုအဝင်စောခဲ့ပြီး ဟိုပုံးချင်းကတော့ အောင်ပန်း ချင်းထက် တစ်လ/နှစ်လခန့် နောက်ကျပြီးမှဝင်ပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီဇင်ဘာလအတွင်း ချင်း(စို)ဈေးကတစ်ပိဿာကိုအနိမ့်ဆုံးကျပ် ၃၇၀ မှ အမြင့်ဆုံးကျပ် ၄၂၀ ဈေးရှိခဲ့ပါတယ်။ ယခုနှစ် ဇန်နဝါရီလရဲ့ပထမပတ်မှာမိုးဆက်တိုက် ရွာနေတာကြောင့်ချင်းအစိုဓါတ်များပြီး ဝယ်ယူမှုနည်းလာလို့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ကျလာပါတယ်။ တစ်ပတ်အတွင်းမှာချင်း(စို)ပိဿာချိန် ၁ ဒသမ ၈ သိန်းခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းကတော့ အနိမ့်ဆုံး ကျပ် ၃၀၀ မှ အမြင့်ဆုံး ကျပ် ၃၇၀ နဲ့ ချင်းခြောက်ကတစ်ပိဿာကျပ် ၁၀၀၀ မှကျပ် ၁၁၀၀ ဈေးပေါက်နေတယ်လို့ အောင်ပန်းချင်းပွဲရုံတွေထံမှသိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

# တရုတ်ပြည်နယ်စပ်သို့ တင်ပို့လျက်ရှိသော
# မြန်မာ့ဆန် အလားအလာ

[ နီနီစံ ]

မြန်မာနိုင်ငံအနေနဲ့ လယ်ယာစိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်တဲ့နိုင်ငံဖြစ်သလို မြန်မာနိုင်ငံရဲ့ ပို့ကုန်အများစုဟာလည်း လယ်ယာစိုက်ပျိုးရေးကထွက်ရှိသော လယ်ယာထွက်ကုန်များ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏နယ်စပ်စခန်းများအနက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်မှုပမာဏ လျာထားချက်ရဲ့ ၇၅ ရာခိုင်နှုန်းဆောင်ရွက်နိုင်တဲ့ စခန်းဖြစ်သကဲ့သို့ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် အချက်အချာကျပြီး အရေးပါတဲ့ ကုန်သွယ်ရေးဇုန်တစ်ခုလည်း ဖြစ်ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ အများဆုံးတင်ပို့နေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများထဲက ဆန်တင်ပို့မှုဟာလည်း ပို့ကုန်တင်ပို့မှုရဲ့ အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဖက်နိုင်ငံသို့ဆန်နှင့်ဆန်ကွဲတင်ပို့မှုအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၂၀၂၈၅၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၄၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀၃၅၁၈၇ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၇၄ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၂၇၄၈၉ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၈ သန်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှဒီဇင်ဘာလ)အထိ ၁၀၁၆၀၄၆ တန်၊ တန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ ၃၃၈ သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခုဘဏ္ဍာနှစ်သည် ယခင် ဘဏ္ဍာနှစ်များနှင့်နှိုင်းယှဉ်ပါက ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ယခင်နှစ်ကာလတူအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှဒီဇင်ဘာလ)အထိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၀၁၆၀၄၆၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၃၈ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလ) အထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၃၈၀၇၈၉၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၃ သန်း ဆောင်ရွက်နိုင်ခဲ့ကာ ကာလတူနှင့် နှိုင်းယှဉ်ပါက၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလ)အထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၆၃၅၂၅၇၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

တင်ပို့နိုင်မှုယာဉ်စီးရေအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှဒီဇင်ဘာလ)အထိ ယာဉ်စီးရေ ၄၁၁၇၅ စီး ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှဒီဇင်ဘာလ)အထိ ယာဉ်စီးရေ ၁၃၇၂၇ စီးဖြစ်လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှဒီဇင်ဘာလ)အထိ ယာဉ်စီးရေ ၂၇၄၄၈ စီးပိုမိုခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့တဲ့ ဆန်အမျိုးအစားတွေကတော့ ဧည့်မထ ဆန် ၁၅ မှတ်၊ ဧည့်မထဆန်၂၅ မှတ်၊ ငစိန်ဆန် ၁၅ မှတ်၊ ငစိန်ဆန် ၂၅ မှတ်တို့ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှဒီဇင်ဘာလ)အထိ ဧည့်မထဆန် ၂၅ မှတ် ဆန်တန်ချိန် ၆၅၂၉၁၇ ဒသမ ၄၅၀ တန် ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၂၁ ဒသမ ၅၇၉ သန်းနဲ့ အများဆုံးတင်ပို့လျက်ရှိပြီး ဒုတိယအများဆုံးကတော့ ငစိန်ဆန် ၁၅မှတ် ဆန်တန်ချိန် ၁၆၂၉၂၄ ဒသမ ၄၀ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၉၅၀ သန်းဖြစ်ပါတယ်။ နယ်စပ်ဒေသရောင်းဝယ်သည့် တစ်ဖက်နိုင်ငံကုန်သည်မှ နေ့စဉ်ကိုယ်တိုင်လာရောက်ပြီး မျက်မြင်ဆန်အရည်အသွေးကြည့်၍ ဝယ်ယူသည့်အတွက် မိမိကုန်သည်အနေဖြင့် ဆန်အရည်အသွေးအလိုက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန် အခွင့်အရေးများရရှိပါတယ်။



ဆန်တင်ပို့မှုအနေဖြင့် မန္တလေး-မူဆယ် ကားခ ကုန်တစ်ပိဿာ ၆၅ ကျပ် ၊ ယာဉ်မောင်းကျပ် ၁၂၀၀၀၀၊ ယာဉ်နောက်လိုက်ကျပ် ၄၀၀၀၀ ကျပ်ရရှိပြီး ကုန်သွယ်ရေးဇုန်အတွင်း အလုပ်သမားခတစ်တန်လျှင်ကျပ် ၈၀၀၊ ကိုယ်စားလှယ်ခ ကျပ် ၃၅၀၀၀ ဖြစ်ပါတယ်။ အတက်ကားအနေဖြင့် ကုန်တစ်ပိဿာလျှင် ၆၅ ကျပ် အနည်းဆုံးရရှိပါက အဆင်းကုန်မစောင့်ဘဲ အတက်ကုန်တစ်မျိုးတည်းဖြင့် ကားသမားများအနေဖြင့် တွက်ခြေကိုက်ကြောင်း တွေ့ရှိရပါတယ်။

ငွေလဲနှုန်းအနေနဲ့ယခင်ဘဏ္ဍာနှစ်တွင် တစ်ယွမ် ၁၉၀ ကျပ်ခန့်ဖြစ်သော်လည်း ယခုဘဏ္ဍာနှစ်တွင် ၂၀၃ ကျပ်ခန့်ဖြစ်ပြီး ၁၃ ကျပ်ခန့်ပိုမိုခဲ့ခြင်း၊ ယခင်ဘဏ္ဍာနှစ်တွင် တစ်ဖက်နိုင်ငံမှ ပျမ်းမျှပေါက်ဈေးအနေဖြင့် ဆန်တစ်တန်ယွမ် ၂၃၄၀ ခန့်၊ ယခုဘဏ္ဍာနှစ်တွင် ယွမ် ၂၆၀၀ ခန့် ဖြစ်ပြီးယွမ်၂၆၀ ခန့်ပိုမိုခဲ့ခြင်းတို့ကြောင့် ဆန်ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ယခုနှစ်ငွေလဲနှုန်းနှင့် တစ်ဖက်နိုင်ငံရောင်းဈေးများအရ အမြတ်အစွန်းပိုမိုရရှိကြသဖြင့် ယခုဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှုများပြားလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

နယ်စပ်မှတင်ပို့သည့် ဆန်ကုန်သည်များအနေဖြင့် ပင်လယ်ရေကြောင်းကုန်သည်များထက် တောင်သူများသို့ ပေါက်ဈေးအမှန်အတိုင်းပေးဝယ်နိုင်ပြီး ဈေးကွက်သို့လည်း အမြန်တင်ပို့နိုင်သည့်အတွက် Turn Over အမြန်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ဆန်ဈေးနှုန်းများအနေဖြင့် မူဆယ်နယ်စပ်က အများဆုံးတင်ပို့လျက်ရှိတဲ့ ဧည့်မထဆန် ၂၅မှတ် နဲ့ငစိန်ဆန် ၁၅ မှတ်တို့ရဲ့ ပင်လယ်ရေကြောင်းဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါကလည်း ဧည့်မထဆန် ၂၅ မှတ်၏ ပင်လယ်ရေကြောင်းဈေးနှုန်း ပျမ်းမျှတစ်တန်လျှင် ၂၉၈ အမေရိကန်ဒေါ်လာဖြစ်ပြီး နယ်စပ်ဈေးနှုန်းပျမ်းမျှတစ်တန်လျှင် ၃၃၆ အမေရိကန်ဒေါ်လာ၊ ငစိန်ဆန် ၂၅မှတ်၏ ပင်လယ်ရေကြောင်းဈေးနှုန်းပျမ်းမျှတစ်တန်လျှင် ၂၉၄ အမေရိကန်ဒေါ်လာနှင့်နယ်စပ်ဈေးနှုန်း ပျမ်းမျှတစ်တန်လျှင် ၃၃၅ အမေရိကန်ဒေါ်လာဖြစ်ပြီး နယ်စပ်ဈေးကဈေးနှုန်းပိုမိုတဲ့အတွက် နိုင်ငံတော်မှအခွန်အခပိုမိုရရှိပါတယ်။

တရုတ်နိုင်ငံအနေဖြင့် များပြားလှတဲ့လူဦးရေကြောင့် ပြည်တွင်းမှာ စားသောက်ကုန်ပစ္စည်းများ မည်သို့ပင်အများအပြား ထွက်ရှိပေမယ့်လည်း လယ်ယာထွက်ကုန်ပစ္စည်းတွေကတော့ လိုအပ်ချက်ရှိနေတဲ့ အခြေအနေဖြစ်ပါတယ်။ တရုတ်နိုင်ငံက ဆန်တင်သွင်းမှုကိုကန့်သတ်ထားပေမယ့်လည်း နိုင်ငံရဲ့ ဆန်ဝယ်လိုအားကတော့ တစ်ရက်ကို ဆန်တန်ချိန် ၆၀၀၀ ခန့်လိုအပ်လျက်ရှိနေပါတယ်။ မိမိနိုင်ငံကတင်ပို့မှုအများဆုံးဖြစ်တဲ့ ဧည့်မထဆန်တွေဟာ ပဲခူးတိုင်း (အရှေ့၊ အနောက်)၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထွက်ရှိပြီး တရုတ်ပြည်ကို မူဆယ်ကုန်သွယ်ရေးဇုန်အပြင် ချင်းရွှေဟော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းတို့မှလည်း တန်ချိန်များစွာနေ့စဉ်တင်ပို့လျက်ရှိပါတယ်။

တရုတ်နိုင်ငံဘက်မှ ဝယ်ယူသောမြန်မာဆန် ငစိန်ဆန်၊ ဧည့်မထဆန်တွေကို ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆန်မုန့်မျိုးစုံနဲ့အရက်ချက်ရာတွင်လည်းကောင်း၊ အရည်အသွေးညံ့ဆန်နှင့်ဆန်ကွဲတို့ကို တိရစ္ဆာန်အစားအစာတို့တွင်လည်းကောင်း အသုံးပြုဖို့ ဝယ်ယူတာဖြစ်ပါတယ်။ မိမိနိုင်ငံဘက်မှလည်း ငစိန်ဆန်၊ ဧည့်မထဆန်စတဲ့ ဆန်ကြမ်းတွေသာမက အရည်အသွေးမြင့်တဲ့ ဆန်ချောတွေကိုပါ တင်ပို့နိုင်ဖို့နဲ့တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိတဲ့ ဆန်စပါးမျိုးတွေကိုရွေးချယ် စိုက်ပျိုးတာ၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးတာတွေ ဆောင်ရွက်ရန်လိုအပ်ပြီး ခေတ်မီစက်ကိရိယာများနှင့် ရိတ်သိမ်းခြင်း၊ ကြိတ်ခွဲခြင်းနှင့် စနစ်တကျထုပ်ပိုးသိုလှောင်ခြင်းများ ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

တစ်ဖက်နိုင်ငံသို့ ဆန်တင်ပို့မှုအနေဖြင့် တစ်ဖက်နိုင်ငံဝယ်ယူသူများ၏ ဆန်လိုအပ်ချက်များအရလည်းကောင်း၊ တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်အရ လည်းကောင်း၊ ဆန်အရောင်းအဝယ်ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး အရည်အသွေးပေါ် မူတည်၍ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် ရောင်းချဝယ်ယူလျက်ရှိခြင်း၊ အသင်းအဖွဲ့အစည်း ကုန်သည်လုပ်ငန်းရှင်ကြီးများမှအစ အလယ်အလတ် ကုန်သည်ငယ်အဆင့်အထိ ရောင်းဝယ်လုပ်ကိုင်နိုင်သော အခွင့်အလမ်းရရှိပြီး စိုက်ပျိုးတောင်သူကိုယ်တိုင်ထွက်ရှိဆန်အား ကားတစ်စီးစာဖြင့် မူဆယ်မြို့သို့လာရောက်ရောင်းချနိုင်သောကြောင့် တောင်သူများလည်း အကျိုးအမြတ်ပိုမိုရရှိခဲ့ပါတယ်။




မြန်မာနိုင်ငံကတရုတ်နိုင်ငံကိုဆန်တင်ပို့ရာမှာ တရုတ်နိုင်ငံအနေနဲ့ သူတို့ရဲ့နိုင်ငံသားတွေ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကို ကာကွယ်တဲ့အနေနဲ့ မြန်မာ့ဆန်ကိုအခွန်နှုန်းထားမြင့်ပြီး ထိန်းချုပ်ကန့်သတ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံအတွက် အခွန်သက်သာစွာနဲ့တင်ပို့နိုင်တဲ့ ခွဲတမ်း (Quota) နှစ်စဉ်သတ်မှတ်ပေးထားပြီး ခွဲတမ်း(Quota) ပြည့်မီသွားရင်တော့ အခွန်ကိုအဆမတန်မြင့်တင်ပြီး ကောက်ခံပါတော့တယ်။ ဒါကြောင့်မြန်မာနိုင်ငံကတင်ပို့သူတွေအနေနဲ့ မိမိတို့ရဲ့လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာတို့အားတရုတ်နိုင်ငံသို့ (Quota) စနစ်ဖြင့်တင်ပို့နေရခြင်းအစား မြန်မာနိုင်ငံအတွက် (Quota) သတ်မှတ်ခြင်းမရှိဘဲ တရားဝင်လွတ်လပ်စွာတင်ပို့ခွင့်ပြုနိုင်ရေး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှာပြုလုပ်ခဲ့တဲ့(၁၂)ကြိမ်မြောက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းထားရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ချင်းတရားဝင်တင်ပို့ခွင့်ရလာသည့်အခါတွင်လည်း မိမိဘက်စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် တစ်ဖက်နိုင်ငံ၏ ပြဋ္ဌာန်းထားရှိသော ဆန်အရည်အသွေး(AQSIQ) အချက်အလက်များနဲ့အညီ တင်ပို့နိုင်ရေးအတွက် မြန်မာ့ဆန်အားအရည်အသွေးမြင့်တင်ခြင်း လုပ်ငန်းများအား ပြင်ဆင်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မြန်မာ့ဆန်ကို တရုတ်နိုင်ငံမှဝယ်ယူနိုင်မည့် ဈေးကွက်ရှိနေတဲ့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မိမိတို့ရရှိထားတဲ့ဈေးကွက်ရေရှည်တည်တံ့တိုးတက်ရေး၊ မိမိတို့ရဲ့ စိုက်ပျိုးထုတ်လုပ်တင်ပို့သူတွေရဲ့ ရေရှည်အကျိုးစီးပွားအတွက် ကုန်သွယ်မှုအဆင်ပြေချောမွေ့အောင် နှစ်နိုင်ငံဆွေးနွေးပြီးအောက်ခြေအဆင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်တာ၊ ပြည်တွင်းမှာ ဈေးကွက်သတင်းအချက်အလက်တွေကို အောက်ခြေအထိရောက်ရှိအောင်ဖြန့်ဖြူးပေးတာ၊ ကုန်သည်လုပ်ငန်းရှင်အချင်းချင်းချိတ်ဆက်ပေးတာ၊ ပြည်တွင်းဈေးတည်ငြိမ်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသလို တစ်ဖက်မှလည်း တရုတ်နိုင်ငံသို့တင်ပို့သည့် ဆန်ဈေးကွက်တစ်ခုတည်းကိုမှီခိုအားထား တင်းတိမ်ရောင့်ရဲမနေဘဲ အခြားပြည်ပဈေးကွက်သို့လည်း အပြိုင်တင်ပို့နိုင်ရေးအတွက်သက်ဆိုင်ရာဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူ ဦးကြီးများမှလည်း စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၃၀၅၇၇၅၀ တန်ဖိုးရှိ ဒီဇယ် ၅၀၈၄၃ ဒသမ ၂၅ တန်နဲ့ အမေရိကန် ဒေါ်လာ ၁၁၇၃၃၈၃၇ တန်ဖိုးရှိဓာတ်ဆီ ၂၁၅၅၄ ဒသမ ၈၄ တန်၊ စုစုပေါင်း ၇၂၃၉၈ ဒသမ ၀၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၄၇၅၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၂၆၀၀၀ ကျော်အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန်၁၀၀၇၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၄၉၉၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၈၈၄၀၇ တန်ဖိုးရှိ ဒီဇယ် ၃၅၈ ဒသမ ၄၁၈ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၂၉၁၃၃ တန်ဖိုးရှိ ဒီဇယ် ၃၀၆၀ ဒသမ ၄၄ တန်ကိုတင်သွင်းခဲ့ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၄၀ တန်ဖိုးရှိ Re-export ဒီဇယ် ၁၅၉၆၁ ဒသမ ၈၀ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၂၁ တန်ဖိုးရှိ Re-export ၈၄၆ ဒသမ ၄၀ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အောက်တိန်း (92)၊ (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၁၀၊ အောက်တိန်း (92) ကျပ် ၈၀၀၊ အောက်တိန်း (95) ကျပ် ၈၅၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၁၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၁၅ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ် တစ်လီတာ ကျပ် ၈၆၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀ ကျပ်၊ အောက်တိန်း(92) တစ်လီတာ ကျပ်၈၈၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဇန်နဝါရီ ၁၅ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၃၀၀၀၊ ရောင်းဈေး ကျပ် ၁၈၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇန်နဝါရီ ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၆၀၀၀၊ ရောင်းဈေး ကျပ် ၁၇၉၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၄၀၀၀၊ ရောင်းဈေး ကျပ် ၁၇၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95)မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်၊ ၈၈၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၅၀ ၊ အောက်တိန်း(95) ၈၉၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၀၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာ ကျပ် ၈၆၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၈၀၊ အောက်တိန်း (92) ကျပ် ၈၇၀၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်း အဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

# ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးအတက်အကျမြန်

ယခုလ တတိယပတ်အတွင်း ပြည်တွင်းရွှေဈေးများ ယခင်ရက်သတ္တပတ်ထက် မြင့်တက်နေခဲ့ပြီး ဈေးအတက်အကျလည်း မြန်ခဲ့ကြောင်း ပြည်တွင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၄၀၀၀၀ ကျော်အထိမြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၅၀၀၀ ဝန်းကျင်သို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

"ဒေါ်လာကဈေးကျနေသလို ဝယ်လိုအားပါကျလာတော့ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေက ရွှေဘက်ကိုစိတ်ပါလာကြတဲ့ အခြေအနေမျိုးပါ။ လာမယ့် ရက်သတ္တပတ်တွေမှာလည်း ပြည်တွင်းရွှေဈေးက အမြင့်ပိုင်းမှာပဲ ရှိနေဦးမယ်လို့ သုံးသပ်မိပါတယ်" ဟု ရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၁၅ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၉၀၀၀ ဖြင့် ယခင်ရက်သတ္တပတ်ထက် ဈေးမြင့်တက်လာခဲ့ပြီး ဇန်နဝါရီ ၁၆ ရက်တွင် ကျပ် ၉၅၀၀၀၀ သို့မြင့်တက်လာကာ ဇန်နဝါရီ ၁၉ ရက်တွင် ကျပ် ၉၄၅၀၀၀ သို့ပြန်လည်ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဇန်နဝါရီ ၁၅ ရက်က တစ်အောင်စလျှင် ၁၃၃၈ အမေရိကန်ဒေါ်လာ၊ ဇန်နဝါရီ ၁၇ရက်တွင် တစ်အောင်စလျှင် ၁၃၄၃အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၃၀ သို့ ပြန်ကျခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# ပြည်တွင်းငွေလဲနှုန်းဆက်လက် ကျဆင်းနေ

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းကတည်းက ကျဆင်းလာခဲ့သော ပြည်တွင်းငွေလဲနှုန်းသည် ယခုတစ်ပတ်တွင်လည်း ဈေးဆက်ကျခဲ့ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၅၀ ကျပ်မှ ၁၃၄၆ကျပ် သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

အမေရိကန်အစိုးရအတွင်း ယာယီအသုံးစရိတ်ဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးမှာ ကြန့်ကြာလျက်ရှိတာကြောင့် ဒေါ်လာဈေးကျဆင်းခဲ့ရပြီး ပြည်တွင်းဈေးကွက်အတွင်း ဝယ်လိုအား ကျဆင်းခဲ့ကာ ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၄၆ ကျပ်၊ ဝယ်ဈေး ၁၃၄၄ကျပ်၊ ဇန်နဝါရီ ၁၇ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၄၅ကျပ်၊ ဝယ်ဈေး ၁၃၄၃ကျပ်ထိ ဈေးကျခဲ့သလို ဇန်နဝါရီ ၁၉ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၄၄ ကျပ်၊ ဝယ်ဈေး ၁၃၄၃ ကျပ်ဖြင့် ဈေးဆက်တိုက် ကျဆင်းလာခဲ့ကြောင်း၊ ယခင်တစ်ပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ပြည်တွင်းဒေါ်လာဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# TMH ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီ ဇန်နဝါရီ ၂၆ရက်တွင် စတော့အိတ်ချိန်းသို့ ဝင်မည်

TMH Telecom Public Co.Ltd (တီအမ်အိတ်ချ်ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီ)သည် ရန်ကုန်စတော့အိတ်ချိန်းသို့ ဇန်နဝါရီ ၂၆ ရက်တွင် ဝင်ရောက်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်ထားသည်။

TMH Telecom Public Co.Ltd အတွက် အစုရှယ်ယာတစ်စု အခြေခံနှုန်းထားအဖြစ် ကျပ်၃၀၀၀ အဖြစ်သတ်မှတ်ထားပြီး အနိမ့်ဆုံး ကျပ် ၂၅၀၀ မှ အမြင့်ဆုံး ကျပ် ၃၅၀၀ ကြားတွင် ရန်ကုန်စတော့အိတ်ချိန်း၌ အရောင်းအဝယ်စတင်ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

TMH Telecom Public Co.Ltd ကို ၂၀၀၇ ခုနှစ်တွင်စတင်တည်ထောင်ပြီး တယ်လီကွန်းဆားဗစ်တပ်ဆင်ခြင်းနှင့် ရေရှည်ထိန်းသိမ်းခြင်းလုပ်ငန်း၊ Internet Service Provider (ISP) လုပ်ငန်း၊ တယ်လီဖုန်းငွေဖြည့်ကတ် ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါကုမ္ပဏီမှ အများပြည်သူသို့ကနဦးအစုရှယ်ယာများကမ်းလှမ်းရောင်းချနိုင်ရန်အတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ကိုရရှိခဲ့ပြီး အဆိုပါကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ကနဦးအစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်း အခမ်းအနားကို ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း အဆောက်အဦ၌ ၂၀၁၇ ခုနှစ်ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည်။ လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီလေးခုမှာ FMI, MTSH၊ မြန်မာနိုင်ငံသားများဘဏ်နှင့် ပထမပုဂ္ဂလိကဘဏ်တို့ဖြစ်ကြသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

January 19, 2018
Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.25 |
| BDT Bangladesh Taka | 82.81 |
| CAD Canada Dollars | 1.24 |
| CNY China Yuan Renminbi | 6.39 |
| EUR Euro | 0.82 |
| H KDHong Kong Dollars | 7.82 |
| I NR India Rupees | 63.69 |
| I DR Indonesia Rupiahs | 13286.76 |
| JPY Japan Yen | 110.90 |
| MYR Malaysia | 3.94 |
| PKR Pakistan Rupees | 110.77 |
| PHP Philippines Pesos | 50.64 |
| RUB Russia Rubles | 56.49 |
| SGD Singapore Dollars | 1.32 |
| KRW South Korea Won | 1065.42 |
| LKR Sri Lanka Rupe | 153.79 |
| THB Thailand Baht | 31.84 |
| GBP United Kingdom Pounds | 0.72 |
| VND | VietnamDon |

22713.9022708.55*Source:xe.com*

## World Gold Price

January-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1347 | 1346 | 1344 |
| 16 | 1343 | 1341 | 1341 |
| 17 | 1339 | 1337 | 1336 |
| 18 | 1333 | 1331 | 1329 |
| 19 | 1335 | 1332 | 1331 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15-1- 2018 | 949.50 | 949.00 |
| 16-1- 2018 | 948.50 | 948.40 |
| 17-1- 2018 | 945.50 | 945.50 |
| 18-1- 2018 | 943.50 | 943.80 |
| 19-1- 2018 | 946.50 | 946.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 6.42 | 31.91 | 83.05 | 63.41 |
| 16 | 6.43 | 31.95 | 82.80 | 63.84 |
| 17 | 6.44 | 31.99 | 82.86 | 63.97 |
| 18 | 6.44 | 31.94 | 82.79 | 63.83 |
| 19 | 6.39 | 31.84 | 82.81 | 63.69 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15-January | 17.38 | 3453.45 | 2230.23 | 7197.38 | 998.00 |
| 16-January | 17.26 | 3419.51 | 2186.37 | 7093.79 | 992.00 |
| 17-January | 17.13 | 3429.87 | 2172.92 | 7033.18 | 996.00 |
| 18-January | 17.01 | 3429.64 | 2186.37 | 7039.14 | 998.00 |
| 19-January | 17.00 | 3422.37 | 2228.02 | 7052.58 | 1002.00 |

## Energy NYMEX 19-1-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 63.20 | -0.75 | -1.17 |
| Brent Crude Futr (USD/bbl) | 68.61 | -0.70 | -1.01 |
| Gasoline Rbob Fut (Cent/gal) | 187.00 | -1.35 | -0.72 |
| Natural Gas Futr (USD/MMBtu) | 3.17 | -0.02 | -0.60 |
| Heating Oil Futr (Cent/gal) | 204.70 | -1.47 | -0.71 |

## ဘိလပ်မြေ

# ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပို

ဇန်နဝါရီ ၇ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၇၆၅၆၀တန်ဖိုးရှိ ဘိလပ်မြေ ၁၆၃၀၁ ဒသမ ၄၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၆ ဒသမ ၄၀ တန်၊ တရုတ်နိုင်ငံမှ ၂၅ တန်နဲ့ မလေးရှားနိုင်ငံမှ ၁၆၂၇၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၂၁၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇန်နဝါရီ ၆ ရက်မှ ၁၂ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၃၇၀ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၄၂၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၉၁၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင်ပိုခဲ့သလို နယ်စပ်လမ်းမှလည်း အဝင်ပိုခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်



**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း)၅၂၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင်က ကျပ် ၂၀၀၊ အပါချီက ကျပ် ၁၀၀ ဈေးကျပြီး မော်လမြိုင် ဆင်က ကျပ် ၄၀၀ ဈေးမြင့်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ်၄၆၀၀၊ကြံ့နှစ်ကောင် ကျပ်၄၆၀၀၊ အယ်လ်ဖာ ကျပ်၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပြပါတယ်။ ဒီတစ်ပတ် ဆင်(ထိုင်း)က ကျပ် ၁၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုလျော့

ဇန်နဝါရီ ၇ မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၃၈သန်းတန်ဖိုးရှိ မြေသြဇာ၈၉၃၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ ၁၂၅၀တန်၊ တရုတ်နိုင်ငံမှ ၂၂၁၈ ဒသမ ၅၀တန်၊ ဂျာမနီနိုင်ငံမှ ၉၇၂တန်၊ ဂျပန်နိုင်ငံမှ ၁၂၂တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၃၀၀၊ ရုရှားနိုင်ငံမှ ၅၁၃ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၀၆၁ ဒသမ ၅၀တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ယူရီးယား၊အမိုးနီးယမ်းကလိုရိုဒ်၊ ကွန်ပေါင်း၊ ဓာတ်ဆားနဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၃၇၅၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၈၁၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# တောင်ကြီးမြေသြဇာဈေးကွက် အရောင်းအေး

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၄၉၅၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၀၇၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၄၂၀၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှမြေသြဇာအဝင်ပိုခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ မကွေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၅၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း(ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ဒီတစ်ပတ် သီးစုံ(ဝါစိမ်းပြာ)ကကျပ် ၂၀၀၀ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်နည်းနည်းပဲ ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ယူရီးယားက ကျပ်၈၀၀၊ တီစူပါ ၁၅ ပတ်လည် ကျပ်၃၀၀၊ မြားကမ္ဘာကျပ် ၁၀၀၀ ဈေးကျခဲ့ပြီး ပိုတက် ကျပ်၄၀၀၊ ယူရီးယား(ယူအေအီး)ကျပ် ၅၀၀ဈေးမြင့်ခဲ့တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်)ကျပ် ၂၅၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅(တရုတ်)ကျပ်၁၆၀၀၀၊ဓာတ်ဆား(တရုတ်)ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၂၅၀၀၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ရွှေတောင်၊ပန်းဖူး) ကျပ် ၉၀၀၊ မြားကမ္ဘာနဲ့ အာမို (၁၀း၁၀း၅)က ကျပ် ၁၀၀ဈေးမြင့်ခဲ့ပြီးကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ တရုတ်နှစ်ကူးပွဲတော်ကြောင့် မြေသြဇာများအဝင်နည်းနေပြီး ဈေးလည်း နည်းနည်းမြင့်လာတယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၉၀၀၊ တီစူပါ ၄၆%တရုတ် ကျပ် ကျပ် ၂၁၈၀၀၊ မြားသီးစုံ ကျပ် ၁၄၅၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ရေကြောင်းလမ်းမှ နို့ဆီရော နို့မှုန့်ပါအဝင်လျော့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၇၆၈၇ တန်ဖိုးရှိ နို့ဆီ ၁၀၃ ဒသမ ၀၈၈ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၇၈ ဒသမ ၂၈၄ တန်နဲ့ မလေးရှားနိုင်ငံမှ ၂၄ ဒသမ၈၀၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၅၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၄၁၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၁၉ ဒသမ ၉၆၈ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၂၅ ဒသမ ၅၇၅ တန်၊ စင်ကာပူနိုင်ငံမှ ၇ ဒသမ၀၈၈တန်နဲ့ယူအက်စ်အေမှ ၅၇ ဒသမ ၃၂၅ တန်၊ စုစုပေါင်း ၂၀၉ ဒသမ ၉၅၆တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၅၆၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၃၅၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၁ မှ ၁၂/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁၂ မှ ၅/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၀.၀၀ | - | (+) | ၁၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၄၁၇.၅၀ | ၅၁၀.၀၀ | (-) | ၉၂.၅၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၄၂၅.၀၀ | ၂၂၄၀.၀၀ | (+) | ၁၈၅.၀၀ |
| ၅။ | တာချီလိတ် | ၈၃၀၀.၀၀ | ၁၅၀၀.၀၀ | (+) | ၆၈၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၂၂.၅၀ | - | (+) | ၁၂၂.၅၀ |
| ၈။ | မြိတ် | ၂၁၀၀.၀၀ | - | (+) | ၂၁၀၀.၀၀ |
| | စုစုပေါင်း | ၁၃၃၇၅.၀၀ | ၄၂၅၀.၀၀ | (+) | ၉၁၂၅.၀၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၁ မှ ၁၂/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁၂ မှ ၅/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၁၈၃.၀၀ | ၆၇၁၈.၅၀ | (+) | ၇၄၆၄.၅၀ |
| ၂။ | လွယ်ဂျယ် | ၃၀.၀၀ | ၅၆.၀၀ | (-) | ၂၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၅၂.၇၅ | ၁၀၃.၀၀ | (+) | ၅၄၉.၇၅ |
| ၄။ | ကန်ပိုက်တီး | ၄၀.၀၀ | ၁၆၀.၀၀ | (-) | ၁၂၀.၀၀ |
| ၅။ | မြဝတီ | ၅၅၉၉.၁၀ | ၉၉၆.၂၆ | (+) | ၄၉၀၂.၈၄ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၄၄၅၀.၀၀ | ၃၀၀၀.၀၀ | (+) | ၁၄၅၀.၀၀ |
| | စုစုပေါင်း | ၂၄၉၅၄.၈၅ | ၁၀၇၃၃.၇၆ | (+) | ၁၄၂၂၁.၀၉ |

ခင်မိုးသူ

## နှမ်း

# ဝယ်လိုအားများလို့ ဈေးပြန်မြင့်လာတဲ့ နှမ်းနီနှင့်စမုံနက်နှမ်း

ပဲခူးတိုင်းဒေသကြီး(အနောက်)ပြည်ခရိုင်တွင် ဆောင်းနှမ်းစိုက်ဧကမှာ ၁၉၈၈၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ပြည်မြို့နယ်တွင် ၉၆၄ဧကသာ စိုက်ပျိုးနိုင်တာတွေ့ရပါတယ်။ ဆောင်းနှမ်းကို မိုးနှမ်းလောက်အစိုက်မများလို့ ဈေးကွက်တွင် နှမ်းဝင်ရောက်မှုပုံမှန်သာရှိပြီး ဆောင်းနှမ်းအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀ တင်း၊ ၁၁ တင်းလောက်ထွက်ရှိပေမယ့် အရည်အသွေးမှာ မိုးနှမ်းလောက် မကောင်းသော်လည်း အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရပါတယ်။ ပြည်နှမ်းနက်ကို မန္တလေးဝယ်လက်များနှင့်အောင်လံဝယ်လက်များက အကြိုက်တွေ့လို့ ဝယ်လိုအားကောင်းတာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် နှမ်းနီဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ဖြင့် ဆီစက်များက အဝယ်ရှိလို့ ယခင်တစ်ပတ်ထက် ဈေးမြင့်ပြီး စမုံနက်နှမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ဖြင့်မန္တလေးဝယ်လက်များက အဝယ်ရှိလို့ ဈေးပြန်မြင့် လာတာ တွေ့ရပါတယ်။ နှမ်းနက်မှာ သုံးတင်းတစ်အိတ်လျှင်ကျပ် ၉၅၀၀၀ ဖြင့် ဝယ်လိုအား သိပ်မရှိလို့ ဈေးမှာ ယခင်တစ်ပတ်ထက် ကျလာတာတွေ့ရပါတယ်။ နှမ်းနီဈေးမြင့်လာလို့ ဆီဈေးမှာ တစ်ပိဿာလျှင် အမြင့်ဆုံးကျပ် ၆၀၀၀မှ အနိမ့်ဆုံးကျပ် ၅၀၀၀ အထိ ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄၄သန်းတန်ဖိုးရှိနှမ်းရောင်စုံ ၂၉၄၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေက တော့နှမ်းနက် ၂၂၈၄ တန်၊ နှမ်းဖြူ ၃၁၉ တန်ကျော်၊ နှမ်းညို ၁၆၁ တန်ခွဲနဲ့ နှမ်းညို (အခွံချွတ်) ၁၈၅ တန် ဖြစ်ပါ တယ်။ ယခင်တစ်ပတ်က ချင်းရွှေ ဟော်မှ နှမ်းတန်ချိန် ၁၁၄၂ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၈၀၇ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ သုညဒသမ ၁၄၈ သန်းတန်ဖိုးရှိ နှမ်းနက် ၁၂၃ တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန် ၁၂၅ တန်ခွဲနဲ့ နှိုင်းယှဉ်ကြည့်ပါက တရုတ်နိုင်ငံသို့ မူဆယ်မှတစ်ဆင့် နှမ်းပုံမှန်တင်ပို့မှုရှိတယ်လို့ဆိုရပါမယ်။မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၆ ရက်မှ ၁၂ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၀၆၇၁၄ ကျပ်နဲ့ နှမ်းနက်တစ်တန်လျှင် ၁၉၀၈၄၄၄ ကျပ်ဈေးရှိ တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ဝယ်လိုအားအတွက် စိုးရိမ်မှုများကြောင့် မလေးရှားစားအုန်းဆီဈေးများ ရက်သတ္တပတ်အတွင်း အနိမ့်ဆုံးသို့ကျဆင်း

ဥရောပသမဂ္ဂ(အီးယူ)ကဇီဝ လောင်စာဆီထုတ်လုပ်ရာတွင် စားအုန်းဆီသုံးစွဲမှုကို ပိတ်ပင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းအခြေအနေက ဝယ်လိုအားကို ဂယက်ရိုက်ခတ်လာမည်ကို စိုးရိမ်မှုကြောင့် ဇန်နဝါရီ၁၈ရက်တွင် မလေးရှားစားအုန်းဆီကြိုရောင်းဈေးသည် ရက်သတ္တသုံးပတ်အတွင်း အနိမ့်ဆုံးနှုန်းသို့ကျဆင်းခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှ ဧပြီတွင် ဖြန့်ဖြူးမည့် စားအုန်းဆီ၏ အခြေခံစံထားဈေးနှုန်းမှာ သုည ဒသမ လေးရာခိုင်နှုန်းကျဆင်းပြီး ညနေဘက်ဈေးပိတ်ချိန်တွင် စားအုန်းဆီတစ်တန်ကို ၂၄၇၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ၆၂၆ဒသမ ၂၀)နှုန်းသို့တတိယမြောက်နေ့အဖြစ် ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၈ ရက် နံနက်စောစောပိုင်းက တစ်တန်ကို ၂၄၆၂ ရင်းဂစ်နှုန်းအထိ ရောက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့သည်။ ဈေးပိတ်ချိန်ထိ ရောင်းချရသော စားအုန်းဆီပမာဏမှာ ၂၅ တန်ရှိအတွဲ ၄၈၇၄၂ တွဲရှိခဲ့သည်။

ဈေးနှုန်းများကျဆင်းရခြင်းမှာဥရောပသမဂ္ဂရှိဥပဒေပြုအမတ်များက ၂၀၂၁ ခုနှစ်မှစ၍ လောင်စာဆီထုတ်လုပ်ရာတွင် စားအုန်းဆီအသုံးပြုမှုကို ပိတ်ပင်ရန် အတည်ပြုမည့် အခြေအနေကြောင့်ဖြစ်ကြောင်း ကုန်သည်များက ပြောသည်။

“သိုလှောင်လက်ကျန်မြင့်မားပြီး ဝယ်လိုအားကျဆင်းလို့ စိုးရိမ်မှုတွေရှိနေပါတယ်။ ဈေးကွက်ထဲမှာ ဈေးတက်နိုင်တယ်ဆိုတဲ့သတင်းမျိုးမရသေးပါဘူး”ဟု ကုန်သည်တစ်ဦးက ပြောသည်။

ဇီဝလောင်စာဆီ ထုတ်လုပ်ရာတွင် စားအုန်းဆီသုံးစွဲမှုကို ပိတ်ပင်ရန် ဥရောပသမဂ္ဂလွှတ်တော်၏ကြိုးပမ်းမှုကို မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့က ဇန်နဝါရီ ၁၉ရက်က ဝေဖန်ခဲ့ပြီး ကိုယ်ကျိုးစီးပွားကာကွယ်မှုအဖြစ် သတ်မှတ်ခဲ့သည်။ ဥရောပမှ တင်သွင်းသည့် စားအုန်းဆီအများစုကို ဇီဝ



လောင်စာဆီပြုလုပ်ရန် အသုံးပြုခဲ့သည့်အတွက် ဥရောပ၏ ဝယ်လိုအားကျဆင်းမှုက စားအုန်းဆီအများစုကို ဇီဝလောင်စာဆီထုတ်လုပ်ရေးလုပ်ငန်းအတွက် စိုးရိမ်စရာဖြစ်ခဲ့သည်။ ဇန်နဝါရီပထမလဝက်တွင် စားအုန်းဆီတင်ပို့မှုအခြေအနေကိုကြည့်ပါက ကျဆင်းနေကြောင်း ကုန်စည်စစ်တမ်းကောက်ယူသော ကိန်းဂဏန်းအချက်အလက်များအရ တွေ့ရသည်။

ယခင်ကာလတူနှင့်နှိုင်းယှဉ်ပါက ဇန်နဝါရီ ၁ ရက်မှ ၁၅ရက်အထိ စားအုန်းဆီတင်ပို့မှုသည် ၇ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း Intertek Testing Service စစ်တမ်းကောက်ယူရေးအဖွဲ့၏ကိန်းဂဏန်းများအရ တွေ့ရပြီးSociete Generale de Surveillance၏အစီရင်ခံစာအရ အလားတူကာလအတွင်း ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဟင်းရွက်ဆီလုပ်ငန်းကို လေ့လာဆန်းစစ်လျက်ရှိသော လေ့လာဆန်းစစ်ရေးမှူး ဂျိမ်းဖရိုင်းက ၂၀၁၈ ခုနှစ်၌ မလေးရှားနှင့် အင်ဒိုနီးရှားတွင် ထုတ်လုပ်မှုမြင့်တက်မည်ဟု ခန့်မှန်းချက်ကြောင့်လည်း ဈေးကွက်အပေါ် အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် မတ်လအတွက် ပဲပုပ်ဆီကြိုရောင်းဈေးမှာ သုညဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်ရှိ ပဲပုပ်ဆီဈေးမှာ သုညဒသမ ၀၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

## ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၁-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၃၀၀ | ၅၂၀၀ | ▽ | ၄၉၀၀ | ၄၇၀၀ | ▽ | ၂၀၀၀ | ၁၈၅၀ | ▽ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၁၈၀၀ | ▽ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၁၀၀ | ၂၀၀၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၉-၁-၂၀၁၈ US$/Ton

| အမျိုးအစား | ဇန်နဝါရီဒုတိယပတ် | ဇန်နဝါရီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၂.၀၀ | ၆၄၂.၅၀ | △ |
| RBD P.Olein | ၆၂၃.၅၀ | ၆၅၃.၅၀ | △ |
| RBD P.Stearin | ၆၁၆.၀၀ | ၆၅၉.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၉-၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၉၅.၅၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၀၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၃၈.၀၄၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၉-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၀ ဒေါ်လာနှင့် USD ဈေး ၁၃၄၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၉-၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၄၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကုန်သွယ်မှုသင်တန်းကျောင်းနှင့် သူတို့အသိ

♦ သိန်းမြင့်ဝေ ♦

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) ကို ၂၀၁၂ ခုနှစ်မှစ၍ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၌ ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ကုန်သွယ်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်နှင့် သွင်းကုန်လုပ်ငန်းရှင်များကို မွေးထုတ်ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ပို့ကုန်သွင်းကုန်လုပ်ငန်း လုပ်ကိုင်လိုသူများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသောလုပ်ငန်းရှင်နှင့် ကုမ္ပဏီဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းတစ်ခုခု စတင်လုပ်ကိုင်ရန် Line of Business ရွေးချယ်နေသူများ၊ မြန်မာ့ကုန်သွယ်ရေးနှင့် စီးပွားရေးကို နားလည်လေ့လာလိုသူများ အနေဖြင့်တက်ရောက်သင့်သော သင်တန်းတစ်ခုဖြစ်ပါသည်။

TTI မှသင်ကြားသော ဘာသာရပ်များမှာ ကုမ္ပဏီတစ်ခုတည်ထောင်သည်မှအစ ကုန်စည်များ တင်ပို့တင်သွင်းခြင်းနှင့် အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များ၊ ဈေးကွက်ဖော်ဆောင်ရေးနည်းလမ်းများ၊ စီးပွားရေးလုပ်ငန်း ကျင့်ဝတ်များအပါအဝင် ငွေပေးချေမှုနည်းလမ်းများ စသည့်ဘာသာရပ်များကို သက်ဆိုင်ရာ ပညာရှင်နှင့် ကျွမ်းကျင်သူများက ဆွေးနွေးပို့ချပေးသည့် အပြင် သက်ဆိုင်ရာသံရုံးများရှိ စီးပွားရေးသံမှူးများကလည်း အလှည့်ကျ လာရောက်ပို့ချပေးလျက် ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်နှင့် သီလဝါဆိပ်ကမ်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ပျဉ်းမပင်နှင့် တောင်ဒဂုံစက်မှုဇုန်များ၊ မြဝတီကုန်သွယ်ရေးဇုန်နှင့်ဘုရင့်နောင်ကုန်စည်ဒိုင်များသို့လည်း လေ့လာရေးခရီးစဉ်များ စီစဉ်ပို့ဆောင်ပေးလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (International Trade Basic Course) ကို ရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ လည်းကောင်း၊ ရုံးဖွင့်ရက်ဖြစ်သော တနင်္လာ-ဗုဒ္ဓဟူး-သောကြာနေ့များတွင် နံနက် ၉ နာရီခွဲမှ နေ့လယ် ၁၂ နာရီခွဲထိ သင်ကြားပို့ချလျက်ပြီး သင်တန်းကာလမှာ ရုံးပိတ်ရက်သင်တန်းအတွက် လေးလကြာမြင့်၍ ရုံးဖွင့်ရက်သင်တန်းအတွက် သုံးလခွဲကြာမြင့်ပါသည်။

သင်တန်းနှင့်ပတ်သက်သည့် တုံ့ပြန်သံများကို စာရှုသူများထံ မျှဝေလိုသောဆန္ဒကြောင့် ရုံးဖွင့်ရက် သင်တန်းဖြစ်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁၀)တွင် တက်ရောက်အောင်မြင်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူအချို့၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

ကုန်သွယ်မှုသင်တန်းကျောင်းသည် ရန်ကုန်မြို့တွင် ကျင်းပသည့် အိမ်ရာနှင့် အဆောက်အဦပြပွဲ၊ ပညာရေးပြပွဲများတွင် ဝင်ရောက်ပြသခြင်း၊ Business Talk များကျင်းပခြင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့်ပူးပေါင်း၍ မန္တလေးမြို့တွင် ရက်တိုကုန်သွယ်မှုသင်တန်းများပို့ချခြင်း၊ သင်တန်းတွင် ထူးချွန်သော သင်တန်းသူ၊ သင်တန်းသားများအား ထိုင်းနှင့် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး စေလွှတ်ခြင်း စသည်တို့ကို ဝန်ဆောင်မှုပေး ဆောင်ရွက်နေပါကြောင်းကိုလည်း တစ်ပါတည်း တင်ပြလိုက်ပါသည်။



ဒေါက်တာဝေယံဦး

ကျွန်တော်ကတော့ ဒေါက်တာဝေယံဦး ဖြစ်ပါတယ်။ ကုန်သွယ်မှုသင်တန်းဆင်းပွဲနေ့မှာ ပထမဆုရရှိခဲ့ပါတယ်။ ဒီသင်တန်းကနေ စီးပွားရေးနဲ့ ပတ်သက်တာတွေရော၊ ကုန်သွယ်ရေးနဲ့ပတ်သက်တာတွေရော တော်တော်များများ သိလိုက်ရပါတယ်။ ဥပမာ ကုန်သွယ်တာ ဘယ်လိုကုန်သွယ်တယ်၊ ဘယ်လိုစည်းမျဉ်းတွေရှိတယ်။ ဘယ်လိုအကောက်အခွန်တွေရှိတယ်။ ပို့ကုန်သွင်းကုန်ကုမ္ပဏီဖွဲ့စည်းတာကအစ သေသေချာချာတစ်ခုချင်းစီကို အသေးစိတ် သင်ကြားပေးပါတယ်။ ဆရာ၊ ဆရာမတွေကလည်း စေတနာပါပါသင်ပေးတဲ့အတွက် တော်တော်လေးကို အကျိုးရှိပါတယ်။

သင်တန်းမှာ ထူးချွန်တဲ့ သင်တန်းသူ၊ သင်တန်းသားတွေကို ထိုင်းနဲ့ဂျပန်နိုင်ငံတွေကို နှစ်စဉ်လေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်တာတွေလည်း ရှိပါတယ်။ လက်တွေ့လုပ်ငန်းခွင်မှာလည်း အမှန်တကယ်ပြန်လည်အသုံးချလို့ရတဲ့ အကြောင်းအရာတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ ကုန်သွယ်စီးပွားရေးလောကမဟုတ်ဘဲ အပြင်လူ (ဆရာဝန်) တစ်ယောက်ဖြစ်တဲ့ ကျွန်တော်တောင် ကုန်သွယ်စီးပွားနဲ့ပတ်သက်တဲ့ knowledge တွေ တော်တော်ရလိုက်ပါတယ်။ ကုန်သွယ်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူတွေနဲ့ ကုန်သွယ်ရေးကို စိတ်ဝင်စားသူတွေအနေနဲ့ ဒီသင်တန်းကို တက်ရောက်သင့်တယ်လို့ အကြံပြုလိုပါတယ်။



မချိုမာဝင်း

မင်္ဂလာပါရှင့်။ ကျွန်မကတော့ မချိုမာဝင်း ဖြစ်ပါတယ်။ TTI သင်တန်းတက်ရောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ Export & Import ကို စိတ်ဝင်စားလို့ပါ။ သင်တန်းမှာ သင်ကြားပေးတဲ့ဘာသာရပ်တွေကတော့ Export & Import လုပ်ထုံးလုပ်နည်းအပြင် Insurance, Stock exchange & international stock market တို့ကိုလည်း စိတ်ဝင်စားစွာ လေ့လာခွင့်ရခဲ့ပါတယ်။

TTI သင်တန်းကျောင်းဟာ သင်ခန်းစာ ပို့ချပေးတယ်ဆိုတာထက် လက်ရှိဝန်ကြီးဌာနအသီးသီးမှာ လုပ်ကိုင်နေတဲ့ တာဝန်ရှိသူများ(ဆရာ၊ ဆရာမများ) ရဲ့ experience ကို ကျွန်မတို့အား မျှဝေပေးခြင်းပင်ဖြစ်ပါတယ်။ မိမိတို့ မသိသေးတဲ့ အချက်အလက်များသိရပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။

သင်တန်းမှာ အကြိုက်ဆုံးအချက်က စက်ရုံတွေ၊ စက်မှုဇုန်တွေနဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းတွေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိခြင်းကတန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေးတစ်ခုအဖြစ် အထူးကျေးဇူးတင်မိပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ သွင်းကုန်မြင့်မားမှုကို တဖြည်းဖြည်း လျှော့ချပြီး စံချိန်စံညွှန်းနဲ့ ပြည့်စုံတဲ့ပို့ကုန်များ ကြိုးစားထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခွင့်ရရန်ကြိုးစားနေခြင်းကလည်း ကျွန်မအပါအဝင် လူငယ်လုပ်ငန်းရှင်များရဲ့ အိပ်မက်တစ်ခုဖြစ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

TTI သင်တန်းက Trading ဘာသာရပ်တစ်ခုတည်းကိုသာ ရည်ညွှန်းတာ မဟုတ်ဘဲ စီးပွားရေး စတင်လုပ်ကိုင်လိုတဲ့ လူငယ်တွေ၊ စီးပွားရေးလုပ်ဖို့ စိတ်ဝင်စားတဲ့လူငယ်တွေ၊ SMEs လုပ်ငန်းရှင်များအနေနဲ့လည်း အထူးသင်ယူ လေ့လာသင့်တဲ့ သင်တန်းကျောင်းကြီးဖြစ်ပါတယ်။ မိမိတို့ပေးလိုက်ရတဲ့ အချိန်၊ ငွေကြေးနဲ့အညီ ပြန်လည်ရရှိလာတဲ့အတွေ့အကြုံများကတော့ တန်ဖိုးမဖြတ်နိုင်အောင်ပါပဲရှင်။

စီးပွားရေးကို စိတ်ဝင်စားတဲ့လူငယ်များအားလုံးလည်း ဒီသင်တန်းကို တက်ရောက်ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်။



ဒေါက်တာမျိုးမင်းအောင်

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို မြှင့်တင်ဖို့ လုပ်ဆောင်ရာမှာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုတို့ကနေ ဖြစ်ပေါ်လာတဲ့ ကုန်ချောတွေကို ကုန်သွယ်မှုမှတစ်ဆင့် ဈေးကွက်ရှာဖွေရောင်းချနိုင်ဖို့အတွက် ကုန်သွယ်ရေးဆိုင်ရာ အတတ်ပညာ၊ အသိပညာတွေ သိရှိတတ်ကျွမ်းမှုဟာ အလွန်လိုအပ်ပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ အကျိုးကျေးဇူးများတဲ့ ကုန်သွယ်ရေး အခြေခံသင်တန်းကို စီစဉ်ဖွင့်လှစ်ပေးတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် သင်ကြားပို့ချပေးတဲ့ ဆရာ၊ ဆရာမအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ဒီသင်တန်းတက်ရောက်စဉ် လိုအပ်ချက်မရှိအောင် အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ ဆရာဦးသိန်းမြင့်ဝေနဲ့ TTI မှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာမှာ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးမှာ ကုန်သွယ်မှုကဏ္ဍတိုးတက်ရေးဟာ အရမ်းအရေးပါလှပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေမှာကျင့်သုံးနေတဲ့ စီးပွားရေးဆိုင်ရာ ငွေကြေးနဲ့ ဘဏ္ဍာရေးပေါ်လစီတွေ၊ ဥပဒေအမိန့်စာတွေ၊ ကုန်သွယ်ရေးမူဝါဒလုပ်ထုံးလုပ်နည်းတွေ၊ ခေတ်မီအသုံးချမှုတွေ၊ သတ်မှတ် စံချိန်စံညွှန်းတွေနဲ့ ပြောင်းလဲနေတဲ့ ဈေးကွက်အနေအထားတွေဟာ ကုန်သွယ်မှုကဏ္ဍ တိုးတက်လာရေးမှာ များစွာအကျိုးသက်ရောက်လျက်ရှိပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ အခြေခံစီးပွားရေးမဏ္ဍိုင်တွေဖြစ်တဲ့ စိုက်ပျိုးရေး၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေကတစ်ဆင့် တိုင်းပြည်ဝင်ငွေ တိုးတက်ရရှိဖို့ရာမှာ ကုန်သွယ်ခြင်းလုပ်ငန်းတွေဟာ မရှိမဖြစ် တွဲဖက်ပါဝင်နေတာဖြစ်ပါတယ်။ ပြည်တွင်းကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးမှသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနယ်ပယ်အထိ တက်လှမ်းနိုင်မှသာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဟာ အလျင်အမြန်တိုးတက်လာနိုင်မှာဖြစ်ပါတယ်။

ကုန်သွယ်မှုဆိုင်ရာပညာရပ်တွေကို ဆက်လက်ဆည်းပူးလေ့လာနိုင်ဖို့ TTIအနေနဲ့ ဒီပလိုမာ ဘွဲ့သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးနိုင်ဖို့ကိုလည်း မျှော်လင့်မိပါတယ်။ ဒီသင်တန်းကို တက်ရောက်ခဲ့ကြတဲ့ သင်တန်းသူ၊ သင်တန်းသားများအနေနဲ့ ကုန်သွယ်ရေးအတတ်ပညာ၊ ဗဟုသုတတွေသာမက ရင်းနှီးတွေ့ဆုံ ခင်မင်မှုတွေကိုလည်း ရရှိခဲ့ကြပါတယ်။



မနန်းပပလွင်

ကျွန်မက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၁၀) မှာ တက်ရောက်အောင်မြင်ခဲ့တဲ့ သင်တန်းသူ နန်းပပလွင် ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ဖွင့်လှစ်ထားတဲ့ TTI Batch (10)Trade Training Institute သင်တန်းကို တက်ရောက်ခဲ့ရတဲ့ ကျွန်မရဲ့ အတွေ့အကြုံတွေကတော့

စာမျက်နှာ - ၁၇ သို့

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# H-1B ဗီဇာအားဖျက်သိမ်းမည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ မူဝါဒသစ်အစီအစဉ်သည် အိန္ဒိယအတွက် ကောင်းကျိုးဖြစ်စေနိုင်ဟုဆို

အမေရိကန်၌ အမြဲနေထိုင်ခွင့် (Green Card) ရရှိရန်စောင့်ဆိုင်းနေသော H-1B ဗီဇာကိုင်ဆောင်သူများအား သက်တမ်းတိုးခွင့်မပြုသည့် မူဝါဒတစ်ရပ်အား ဒေါ်နယ်ထရမ့်အစိုးရက အဆိုပြုထားရာ ၎င်းမူဝါဒအား စတင်အကောင်အထည်ဖော်မည်ဆိုပါက အိန္ဒိယကျွမ်းကျင်လုပ်သား ငါးသိန်းကျော်မှာ အမိနိုင်ငံသို့ပြန်လာရမည်ဖြစ်ကြောင်း၊ အိန္ဒိယအနေဖြင့် အလုပ်အကိုင်ဆိုင်ရာ ဘေးကျပ်နံကျပ်ဖြစ်သည့်အနေအထားကို ကျော်လွှန်ဖြတ်သန်းနိုင်ခဲ့ပြီးဖြစ်ရာ ယင်းအစီအစဉ်ကြောင့် အဆိုပါကျွမ်းကျင်ပညာရှင်များကိုသာမက ၎င်းတို့၏မိသားစုများကိုပါ ထိခိုက်မှုရှိလိမ့်မည်မဟုတ်ဟု တုံ့ပြန်ပြောကြားထားကြောင်း သိရှိရပါသည်။

၎င်းအစီအစဉ်သည် တစ်ဦးတစ်ယောက်ချင်းစီအတွက် ကြီးမားသည့် ဆုံးရှုံးမှုများရှိလိမ့်မည်ဖြစ်သော်လည်း နိုင်ငံအတွက်ကြီးမားသည့်အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယရှိမြို့ကြီးအားလုံး၌ ခေတ်သစ်ကုမ္ပဏီများ၊ လုပ်ငန်းများမှာ စွန့်ဦးတီထွင်လုပ်ငန်းငယ်များအဖြစ် အရှိန်စတင်ကောင်းမွန်မည့်အချိန်ဖြစ်ပြီး စီးပွားရေးလုပ်ကိုင်မှုပိုမိုလွယ်ကူစေရန် အစိုးရကလည်း စိတ်အားထက်သန်နေသည့်အချိန်ဖြစ်ရာ ယခုကဲ့သို့များပြားလှသည့် အိန္ဒိယနည်းပညာကျွမ်းကျင်လုပ်သားများ နေရပ်သို့ပြန်လာမည့်အနေအထားသည် အိန္ဒိယစီးပွားရေးကို ကြီးမားသည့်အင်အားရရှိလာနိုင်မည်ဟု သုံးသပ်ဖော်ပြထားပါသည်။

ထို့ပြင် ယင်းလုပ်သားအများစုမှာ အိန္ဒိယအဆင့်မြင့်ကျောင်းများမှ အောင်မြင်ထားသည့် အတော်ဆုံး အိန္ဒိယနိုင်ငံသားများဖြစ်ကြောင်း၊ Microsoft နှင့် Google ကို လက်ရှိဦးဆောင်နေသူများမှာလည်း အိန္ဒိယနိုင်ငံသားများဖြစ်ရာ ၎င်းတို့သည် အမေရိကန်၌အောင်မြင်မှုမှတ်တိုင်များကို စိုက်ထူထားဆဲဖြစ်ကြောင်း၊ အဆိုပါအနေအထားကို အိန္ဒိယနိုင်ငံသားများကလည်း ဝမ်းသာဂုဏ်ယူဖြစ်နေသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

အမေရိကန်၌ဒေါ်လာတစ်ဘီလီယံအထက် ရင်းနှီးမြှုပ်နှံထားသည့် Startups လုပ်ငန်းငယ်ပေါင်း ၈၇ ခုမှာ အိန္ဒိယလုပ်ငန်းရှင်များမှ တည်ထောင်ထားသည့်လုပ်ငန်းများဖြစ်ရာ ပြည်ပမှလာရောက်အခြေချနေထိုင်ကြသည့် နိုင်ငံပေါင်း ၄၄နိုင်ငံအနက်လုပ်ငန်းငယ်တည်ထောင်မှုပမာဏမှာ အိန္ဒိယက အများဆုံးဖြစ်ပြီး အမေရိကန်ရှိ Startups လုပ်ငန်းအားလုံး၏ ၂၆ရာခိုင်နှုန်းမှာ အိန္ဒိယနိုင်ငံသားများက တည်ထောင်ထားခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်၍ အိန္ဒိယအနေဖြင့် ယင်းသို့နည်းပညာအထူးကျွမ်းကျင်သည့် လုပ်သားများအနက် အနည်းငယ်ပြန်ရလျှင်ပင် နိုင်ငံ၏စီးပွားရေးကဏ္ဍ၌ သွေးသစ်လောင်းသည့်သဖွယ် အားအင်ပိုမိုတောင့်တင်းလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမိမြေသို့ပြန်လာမည့် အိန္ဒိယပညာရှင်များအား ကြိုဆို ကြောင်း Mahindra Group ၏ဥက္ကဋ္ဌဖြစ်သူ Anand Mahindra က ပြောကြားခဲ့ပြီး ထရမ့်၏ ဆုံးဖြတ်ချက်ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့်ဆုံးရှုံးထားသည့် ပညာရှင်များကိုပြန်လည်ရရှိလာနိုင်ပြီး Brain Drain ၏ဆန့်ကျင်ဘက် Brain Gain အနေအထားသို့ရောက်ရှိလာနိုင်သည်ဟု တုံ့ပြန်ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## နှစ်စဉ်ဘဏ္ဍာငွေရသုံးစာရင်း၌ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် အိန္ဒိယစီစဉ်

နိုင်ငံစီးပွားရေးတိုးတက်မှုကို အားပေးမြှင့်တင်ရန်နှင့် အလုပ်အကိုင်များပိုမိုဖန်တီးပေးရန် မျှော်လင့်ချက်ဖြင့် အိန္ဒိယအစိုးရသည်လာမည့်လ ပြည်ထောင်စုဘဏ္ဍာငွေရသုံးစာရင်း၌ အိန္ဒိယသည်ခရီးသွားလာခြင်းနှင့် ခရီးသွားလုပ်ငန်းများအပေါ် အခွန်နှုန်းထားများလျှော့ချကောက်ခံရန်စီစဉ်နေပြီး ဆွဲဆောင်မှုများ၊ သက်သာခွင့်များ ပိုမိုခွင့်ပြုပေးရန်စီစဉ်နေကြောင်း၊ အိန္ဒိယနိုင်ငံ၌ခရီးသွားလုပ်ငန်းကဏ္ဍသည် အမေရိကန်ဒေါ်လာ ၂၁၀ ဘီလီယံခန့်ထိ ပါဝင်နေကြောင်း သိရပါသည်။ ယင်းအစီအစဉ်များကြောင့် ကမ္ဘာပေါ်တွင် လူဦးရေဒုတိယအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းများမှာ ပိုမိုပွင့်လင်းအားကောင်းလာစေနိုင်ကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံသည်ငွေကြေးဖောင်းပွမှုနှုန်းနိမ့်ကျနေပြီး ဝင်ငွေမြင့်တက်လျက်ရှိခြင်းကြောင့် သန်း ၂၅၀ ဝန်းကျင်ခန့်ရှိသည့် အိန္ဒိယပြည်သူလူလတ်တန်းစားများ၏နေထိုင်မှုပုံစံများနှင့် စားသုံးမှုပုံစံများမှာပြောင်းလဲနေကြောင်း၊ ပြီးခဲ့သည့်နှစ်အချက်အလက်များအရ လေကြောင်းဖြင့် ခရီးသွားလာမှုမှာလည်း အဆမတန်မြင့်တက်လာနေကြောင်း သိရပါသည်။

အိန္ဒိယခရီးသွားလုပ်ငန်းမှ ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ ၂၀၁၇ခုနှစ် စက်တင်ဘာလကုန်ခြောက်လပတ်တွင် အိန္ဒိယနိုင်ငံ၏ခရီးသွားကဏ္ဍမှာ ၁၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်အလားတူကာလတွင် ရှစ်ရာခိုင်နှုန်းသာတိုးတက်မှုရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍသည် အိန္ဒိယပြည်သူပေါင်းသန်း ၄၀ ခန့်အား အလုပ်အကိုင်ဖန်တီးပေးနေပြီး လာမည့် ၁၀ စုနှစ် တစ်ခုအတွင်း အဆိုပါကဏ္ဍမှအလုပ်အကိုင်ပေါင်း ၁၀ သန်းခန့်တိုးတက် ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထား ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## သီးနှံကုန်စည်များပိုးသတ်မှိုင်းတိုက်ခြင်းဆိုင်ရာ မူဝါဒတစ်ရပ် ကင်းလွတ်ခွင့်ကို ယခုနှစ်ဇွန်လကုန်အထိ အိန္ဒိယကတိုးမြှင့်ပေးမည်

အိန္ဒိယအစိုးရသည် ကောက်ပဲသီးနှံကုန်စည်များအား Methyl bromide ဆေးဖြင့်သာ ပိုးသတ်မှိုင်းတိုက်ရန် သတ်မှတ်ချက်မူဝါဒတစ်ရပ်အား ကင်းလွတ်ခွင့်ပြုခြင်းကို ခြောက်လသက်တမ်းတိုးမြှင့်လိုက်ကြောင်း၊ သို့ရာတွင် Methyl bromide သည် အိုဇုန်းလွှာအားထိခိုက်မှုရှိသည်ဆိုသည့်ယူဆချက်ကြောင့် ယခုအခါ ကမ္ဘာ့နိုင်ငံအများစု၌ အဆိုပါပိုးသတ်ဆေးအသုံးပြုခြင်းအားကန့်သတ်ခြင်း၊တားမြစ်ခြင်းများကိုပြုလုပ်နေပြီဖြစ်ကြောင်းသိရှိရသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ပိုင်းမှစ၍ ပင်ရင်းသက်သေခံ လက်မှတ် (country of origin) ၌ Methyl bromide ဖြင့် ပိုးသတ်မှိုင်းတိုက်ထားကြောင်း အထောက်အထားပါရှိသည့်သီးနှံကုန်စည်များကိုသာ အိန္ဒိယအနေဖြင့်လက်ခံမည်ဟု အိန္ဒိယနိုင်ငံ၏ အပင်ပိုးမွှားကာကွယ်ရေးဌာနတာဝန်ရှိသူတစ်ဦးက အစောပိုင်းတွင်ပြောကြားထားကြောင်း၊ ယင်းအချက်သည် အိန္ဒိယသို့တင်ပို့ရောင်းချနေသည့် ကနေဒါမှပဲမျိုးစုံနှင့်ဥရောပနဲ့ပင်လယ်နက်ဒေသတို့မှဂျုံများအတွက် ခြိမ်း ခြောက်မှုတစ်ရပ်ဖြစ်စေကြောင်း၊ ယခုကဲ့သို့သက်တမ်းတိုးမြှင့်လိုက်သည့်အတွက် လက်ရှိနှစ်၊ ပထမနှစ်ဝက်အထိ Methyl bromide ဖြင့်ပိုးသတ်မှိုင်းတိုက်ခြင်း ပြုလုပ်မထားသည့် ကုန်စည်များကိုလည်းအိန္ဒိယကတင်သွင်းခွင့်ပြုမည်ဟု အမည်မဖော်လိုသည့် တာဝန်ရှိသူတစ်ဦးက မီဒီယာသို့ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## အလီဘာဘာအုပ်စုမှ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရန်အတွက် ဟောင်ကောင်တွင်ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဟု ကတိပြုပြောကြား

လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရန် ဟောင်ကောင်တွင် ပိုမိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တရုတ်ပြည်မကြီး၏အကြီးဆုံး e-commerce လုပ်ငန်းဖြစ်သည့် အလီဘာဘာအုပ်စုဥက္ကဋ္ဌ ဂျက်မာက ကျဲ့ကျန်းစွန့်ဦးတီထွင်သူများအသင်း (ဟောင်ကောင်)၏ ဖွင့်ပွဲအခမ်းအနားတွင် ကတိပြု ပြောကြားခဲ့သည်။

အလီဘာဘာအုပ်စုသည် ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဟန်ကျိုးနှင့်ကျဲ့ကျန်းပြည်နယ်များတွင် ရုံးချုပ်ထားရှိ၍ ဈေးကွက်ထပ်မံချဲ့ထွင်ခဲ့သည့်ကုမ္ပဏီဖြစ်သည်။

အလီဘာဘာမှဟောင်ကောင်၏ငွေကြေးဈေးကွက်အားမြှင့်တင်သွားမည်ဖြစ်ပြီး နယူးယောက်ပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံးငွေကြေးစင်တာဖြစ်လာစေရန် ကူညီသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်လူငယ်များအား ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်မကြီးဈေးကွက်အား အဓိကအရေးပါသောဈေးကွက်အဖြစ်မှတ်ယူစေလိုကြောင်း၊ အလီဘာဘာမှ နှစ်စဉ်ဟောင်ကောင်လူငယ် ၁၀၀ ဦးအား ပညာသင်ဆုပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ကျဲ့ကျန်းပြည်နယ်ရှိ လုပ်ငန်းများကို ဟောင်ကောင်ဒေသအတွင်း ရင်းနှီးမြှုပ်နှံရန် ရွေးချယ်ခဲ့ပြီး လုပ်ငန်းပေါင်း ၁၇၀၀ ကျော်အနက် လက်ကားလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။

ဟောင်ကောင်လုပ်ငန်းရှင်များမှလည်း ကျဲ့ကျန်းပြည်နယ်အတွင်း လုပ်ငန်းစီမံကိန်းပေါင်း ၂၄၅၀၀ ကျော်၌ ရင်းနှီးမြှုပ်နှံခဲ့ကြကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၂–၁–၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်ကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၄၈၀ရှိခဲ့ရာမှ ယခုတစ်ပတ် မှာတော့ တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန် ကျပ် ၃၀၆၁၉၀)အထိ ဈေးတက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၁၅၂၄၈၉၆ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၉၄၁၅၄၉၆ ပိဿာ ရှိခဲ့လို့ အရောင်းအဝယ်ကျလာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခုတစ်ပတ်မှာ ပြောင်းတစ်ပိဿာ ၃၃ ကျပ်ရှိခဲ့လို့ ယခင်တစ်ပတ်က ဈေးနှုန်းအတိုင်း ဈေးအတက်အကျမရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်ပြီး ပဲစင်းငုံနီဈေးတက်လာ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေပြီး ပဲစင်းငုံနီကတော့ ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ တစ်ပိဿာ ၉၂၅ ကျပ်(တစ်တန် ကျပ် ၅၆၆၄၆၀) ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ဘဲ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၅၆၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၈၅ကျပ် (တစ်တန် ကျပ် ၃၅၈၂၄၀) ဖြင့် ဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၈၉ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၆၃ ကျပ်(တစ်တန် ကျပ် ၇၇၃၄၈၀) အထိ ဈေးကျခဲ့ကာ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်ယူချင်ပေမယ့် ကုန်အဝင်နည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ် ၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၃၀၆၆ကျပ်(တစ်တန်ကျပ် ၁၈၇၇၅၈၀) ဈေးရှိခဲ့ပြီး မန္တလေးဝယ်လက်တွေက အရည်အသွေးပေါ်မူတည်ပြီး ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ သိသာစွာများပြားခြင်းမရှိကြောင်း သိရပါတယ်။မြေပဲလုံးဆန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၆၅၀ (တစ်တန် ၁၆၂၂၈၃၀)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်း (အညာရွှေဝါ)ဈေးတက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျခဲ့ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အညာရွှေဝါ) ဈေးတက်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ်၉၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ၈၃၃ကျပ်(တစ်တန်ကျပ် ၅၁၀၁၂၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီ ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၅၅၀ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ၅၅၈ကျပ်(တစ်တန်ကျပ် ၃၄၁၇၁၀)ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ကျပ်၁၃၅၀ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၃၅၁ (တစ်တန် ကျပ် ၈၂၇၃၈၀)နဲ့ ဈေးအနည်းငယ် တက်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၃၀၄၄ ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၃၀၈၉ကျပ် (တစ်တန်ကျပ်၁၈၉၁၆၇၀)၊ ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာ ၂၃၃၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၄ ကျပ်(တစ်တန် ကျပ် ၁၄၉၆၆၈၀)၊ ယခင်တစ်ပတ်က နှမ်းညို တစ်ပိဿာ ၂၃၃၃ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၄၄၄ကျပ် (တစ်တန်ကျပ် ၁၄၉၆၆၈၀) နဲ့ ဈေးမြင့်ခဲ့ကြပေမယ့် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၉၃၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တော့ တစ်ပိဿာ ၂၇၇၈ကျပ် (တစ်တန် ကျပ် ၁၇၀၁၂၂၀) ထိ ဈေးကျလာခဲ့ကြောင်း သိရပါတယ်။တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၄၅၉ကျပ်ဈေးရှိခဲ့ရာ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ၅၂၈ကျပ်(တစ်တန်ကျပ်၃၂၃၃၄၀) ထိ ဈေးတက်လာခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးအနည်းငယ်တက်ပြီး ပဲတီစိမ်းနဲ့ မတ်ပဲဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ပြီး မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ်၆၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၆၁၀ (တစ်တန် ကျပ် ၃၇၃၅၅၀)ဖြင့် ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ် ပတ်က ပဲတီစိမ်း တစ်ပိဿာ ကျပ် ၁၂၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၁၂၁၀ (တစ်တန် ကျပ် ၇၄၀၉၉၀)နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၈၉၀ (တစ်တန် ကျပ် ၅၄၅၀၂၀)ထိ ဈေးကျခဲ့ပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ၂၆၂၅ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၇၁၀ကျပ် (တစ်တန် ၁၆၅၉၅၇၀ကျပ်)၊ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ၂၄၄၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၉၀(တစ်တန် ကျပ် ၁၅၂၄၈၅၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၉၃၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၉၀ကျပ်(တစ်တန် ကျပ် ၁၈၉၂၂၈၀) ဈေး မြင့်ခဲ့ပြီး နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၇၀ (တစ်တန် ကျပ် ၁၃၉၀၁၂၀)နဲ့ ယခင်တစ်ပတ်ကအတိုင်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း၊ပဲစင်းငုံနီနဲ့ ကုလားပဲဟော်လန် ဈေးတက်နေ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဟော်လန်ကတော့ ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကျပ်၁၂၅၀နဲ့ အရောင်းအဝယ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ်၁၃၅၀ (တစ်တန် ကျပ် ၈၂၆၇၂၀)ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၅၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၆၁၀(တစ်တန် ကျပ်၃၇၃၅၅၀) နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက ပဲစင်းငုံနီကို ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဟော်လန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၄၇၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၂၅ ကျပ်(တစ်တန် ကျပ်၉၃၃၈၉၀)ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက ကုလားပဲဟော်လန်ကို ပုံမှန်ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၃၃၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၃၆၀ကျပ် (တစ်တန် ကျပ် ၁၄၄၅၂၄၀)၊ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ်၂၆၇၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၇၆၀(တစ်တန် ကျပ် ၁၆၉၀၁၉၀) ဖြင့် ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၂၄၄၅ရှိနေခဲ့တဲ့ နှမ်းနီကတော့ ယခုတစ်ပတ်မှာ ဈေးကျခဲ့ပြီး တစ်ပိဿာ ကျပ်၂၄၀၀ (တစ်တန် ကျပ်၁၄၆၉၇၃၀) ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ် အနည်းငယ်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်အနည်းငယ်ကျလာကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်မှ ရွှေလီဘက်တွင် ၈၂ယွမ် နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၂၇၂၄တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၅၀၄၆၈ တန်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ ကျပ်ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲ SQ(RC)နဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန် ကျပ် ၅၆၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၅၃၀၀၀ အထိ ဈေးကျခဲ့ပြီးယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ် ၇၀၃၀၀၀ ရှိခဲ့ရာ မှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၇၀၈၀၀၀၊ ပဲစင်းငုံနီ ယခင်တစ်ပတ်က တစ်တန်ကျပ် ၃၆၈၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၃၈၀၀၀၀ အထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း(အသစ်) ဈေးပြန်တက်လာ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း (အသစ်)တို့ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၅၀ရှိခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၆၀ (တစ်တန် ကျပ်၅၈၇၈၉၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ဈေးကွက်ဝင်နေခဲ့တဲ့ ပဲတီစိမ်း(အသစ်)ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၃၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ကျပ် ၈၂၆၇၂၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်း(အသစ်)ကို ဝယ်ယူမှုများခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း ဟင်္သာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

# ကယားပြည်နယ်နေ့အထိမ်းအမှတ် ကုန်စည်ပြပွဲနှင့် ဒေသထွက်ကုန်နှင့် ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဇန်နဝါရီလ ၁၅ ရက်တွင် ကျရောက်သည့် (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားတွင် ပြည်နယ်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်အား ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင်မှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ကြား၍ ဇန်နဝါရီ ၁၂ ရက်မှ ၁၇ ရက်အထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ကုန်စည်ပြပွဲကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အထိမ်းအမှတ်နေ့တွင် နှစ်နိုင်ငံ ကုန်စည်ပြပွဲနှင့်အတူ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ တိုင်း/ပြည်နယ် ကိုယ်စားပြုပြခန်း ၁၅ ခန်းပါဝင်ပြသခဲ့ကြောင်း သိရပါသည်။ ပြပွဲနှင့်တစ်ဆက်တည်း ဒေသထွက်ကုန်နှင့်ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် ကုန်စည်ပြပွဲကွင်း၌ကျင်းပခဲ့ရာ ကယားပြည်နယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က အမှာစကားပြောကြားခဲ့ပြီး ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ဦးခန့်တက်ရောက်ခဲ့ကြသည်။



ကယားပြည်နယ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော်က အမှာစကားပြောကြားရာတွင် (၆၆)ကြိမ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် ကုန်စည်ပြပွဲတွင် မြန်မာထုတ်ကုန်ပြခန်းများ ပါဝင်ပြသပေးခဲ့သောကြောင့် မိမိတို့ပြည်တွင်းထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပတွင် လူသိများပြီး ဈေးကွက်တိုးမြှင့် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒ့ါအပြင် ကယားပြည်နယ်တွင် သဘာဝအလှတရားများစွာတည်ရှိခြင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို လေ့လာနိုင်သော နေရာများရှိခြင်းကြောင့် ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလားအလာကောင်းများရှိသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ(ခရီးသွားလုပ်ငန်း)အတွက် ကယားပြည်နယ်ကိုရွေးချယ်ပြီး နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနက ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းအတွက် ယခုအခါ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းမှာ အတော်လေး ခရီးပေါက်ခဲ့ကြောင်း ထည့်သွင်းပြောကြားသွားသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းများက သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးခဲ့ကြရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာမှာ Myantrade ရဲ့အခန်းကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ကယားပြည်နယ်ထွက် ဧည့်မထဆန်ပို့ကုန် တိုးမြှင့်ရေး၊ ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် Ease of Doing Business ဆောင်ရွက်နေမှု အခြေအနေများ စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အထိမ်းအမှတ်နေ့ ကုန်စည်ပြပွဲတွင် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်မှ ကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ကန္တာရဝတီ၊ ဖန်ခါးမြေ၊ ကမ္ဘောဇ၊ ရတနာပုံ၊ ဇွဲကပင်၊ ရာမည ကုန်သွယ်မှုဗဟိုဌာနများမှလည်း ဒေသထွက်ပစ္စည်းများ၊ ရိုးရာအဝတ်အထည်နှင့် လက်မှုအနုပညာပစ္စည်းများ၊ ပြည်ပပို့ကုန်ပစ္စည်းများနှင့်အတူ ပြည်တွင်း၊ ပြည်ပမှ စိတ်ဝင်စားမှု များလာသော ရှမ်းပြည်နယ်ထွက် ထောပတ်ပင်နှင့် ထောပတ်ဆပ်ပြာတို့ကိုလည်း ပါဝင်ပြသနိုင်ခဲ့ကြောင်း သိရပါသည်။

**သန်းသန်းနု(Myantrade)**

## မြန်မာ့လက်မှု ယွန်းထည်လုပ်ငန်း ပျောက်ကွယ်လုနီးပါးဖြစ်လာ

မြန်မာ့လက်မှုအနုပညာလုပ်ငန်းဖြစ်သည့် ယွန်းထည်လုပ်ငန်းကို ရှေးယခင်က ပုဂံဒေသ၊ အင်းဝဒေသနှင့် မုံရွာမြို့နယ် ကျောက္ကာကျေးရွာများတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ခဲ့ကြောင်း သိရှိရပါသည်။

ယွန်းထည်လုပ်ငန်းသည် ဝါးနှီးကို အခြေခံပြုလုပ်ရသော မြန်မာ့လက်မှုပညာလုပ်ငန်းတစ်ခုဖြစ်ပြီး လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဆွမ်းအုပ်၊ နှီးဒေါင်းလန်း၊ ထမင်းချိုင့်၊ ပန်းကန်ပြား၊ ရေနွေးပန်းကန်၊ လက်ဖက်အစ်၊ ကွမ်းအစ်၊ အောက်ခံလင်ဗန်း၊ ရေနွေးကရား စသည့် ပစ္စည်းမျိုးစုံ ပြုလုပ်သုံးစွဲခဲ့ကြသည်။

ယွန်းထည်ပစ္စည်းများကို ဝါးဖြင့်ပြုလုပ်ရပြီး ဝါးများကို စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသ၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှ ထွက်ရှိသော ဝါးများကို မှာယူသုံးစွဲရပါသည်။ ဝါးများကို ယွန်းထည်ပစ္စည်းပြုလုပ်ရန်အတွက် နှီးလောင်းအဖြစ်ခွဲခြမ်းစိတ်ဖြာ ဖြတ်တောက်ပြီး အဖြူထည်ပစ္စည်းအဖြစ် နှီးခွေခြင်း၊ ဓားဖြင့် အချောသတ်ခြင်း၊ သစ်စေးရည်သုတ်ခြင်း၊ မြေတိုက်သွင်းခြင်း၊ ကော်ပတ်စားခြင်း၊ နန်းဆွဲပန်းကြွတင်ခြင်း စသည်ဖြင့် ယွန်းထည်ပစ္စည်းများ ပြုလုပ်ရာတွင် ကုန်ကြမ်းမှ ကုန်ချောဖြစ်လာသည်အထိ အဆင့်ဆင့်ပြုလုပ်ရပြီး အချိန်ကာလ ခြောက်လကျော်ကြာအောင် ပြုလုပ်ရကြောင်းသိရပါသည်။

မြန်မာ့ယွန်းထည်ပစ္စည်းများမှာ အချိန်ကာလကြာမြင့်စွာ အဆင့်အဆင့် ပြုလုပ်ရခြင်း၊ ကုန်ကြမ်းပစ္စည်း ရှားပါးလာခြင်း၊ ကျွမ်းကျင်လုပ်သား နည်းပါးလာခြင်းတို့ကြောင့် တဖြည်းဖြည်း ပျောက်ကွယ်လုနီးပါးဖြစ်လာသည်ဟု သိရှိရသည်။

“ယခင်က ယွန်းထည်လုပ်ငန်းကို မိရိုးဖလာလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်လာကြတယ်။ ယခုတော့ လုပ်သားရှား၊ ကုန်ကြမ်းရှား၊ ဈေးကွက်ရှားနှင့် အရင်းအနှီး စိုက်ထုတ်မှုများတာကြောင့် လုပ်ကိုင်သူဦးရေ ၁၀ ဦးခန့်သာရှိပြီး လုပ်ကိုင်သူများကလည်း ထိုင်း၊ ပြင်သစ်၊ ကနေဒါ၊ ဂျာမနီ၊ စပိန် စတဲ့ပြည်ပနိုင်ငံတွေက အော်ဒါမှာယူမှု တွေရှိနေလို့ လုပ်ငန်းဆက်လက်ရပ်တည်နေကြရတာ၊ ပြည်တွင်းဈေးကွက် တစ်ခုတည်းအနေနဲ့ဆို ရပ်တည်လို့မရပါဘူး။ မြန်မာ့ယွန်းထည်ပစ္စည်းများသည် ဈေးနှုန်းမြင့်မားပြီး ဝယ်ယူသုံးစွဲသူ နည်းပါးလာတာ တွေ့ရတယ်။ ဒါကြောင့် မြန်မာ့လက်မှုပညာလုပ်ငန်းဖြစ်သည့် ယွန်းထည်လုပ်ငန်းများ ပျောက်ကွယ်လုနီးပါး ဖြစ်လာပြီ”ဟု ကျောက္ကာမြောက်ရွာ ငွေကြယ်စင် ယွန်းထည်လုပ်ငန်းပိုင်ရှင် ဦးစိုးမိုးကျော်က ပြောကြားခဲ့ပါသည်။

**လင်းလင်းသန့်**

## ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Investment In Myanmar ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ဖွင့်လှစ်ထားရှိသော ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းကာလအတွင်း ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး စီးပွားရေးဟောပြောဆွေးနွေးပွဲ (Business Talk Program)ကို စီစဉ်ကျင်းပပေးလျက်ရှိရာ လက်ရှိတက်ရောက်လျက်ရှိသော သင်တန်းသား/သင်တန်းသူများအတွက် ရည်ရွယ်ပြီး ဇန်နဝါရီ ၂၇ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန် ပို့ကုန်သွင်းကုန်ရုံး၏ ပဥ္စမထပ်ညီလာခံခန်းမတွင် Business Talk ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးမှ “Investment In Myanmar” ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်သဖြင့် Business Talk သို့ လက်ရှိ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးခဲ့သူများအပြင် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဖုန်း ၀၁-၂၅၀၈၇၁၊ ၀၉-၅၀၅၉၁၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**TTI**

## ဥရောပသမဂ္ဂနိုင်ငံများသို့ ပို့ကုန်ပိုမိုတိုးမြှင့်တင်ပို့ရေးဆိုင်ရာ (How to Export to EU) လုပ်ငန်းစီမံချက်ရေးဆွဲခြင်းသင်တန်း အောင်မြင်စွာကျင်းပပြီးစီး

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ဥရောပသမဂ္ဂနိုင်ငံများသို့ ပို့ကုန်ပိုမိုတင်ပို့နိုင်ရေး ဦးတည်ချက်အရ Myanmar-EU Trade Helpdesk ၏ အဓိက ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာ ပံ့ပိုးပေးနိုင်စေရန်အတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TDP)အရ နယ်သာလန်နိုင်ငံမှ နိုင်ငံတကာဈေးကွက်ဖော်ဆောင်ရေး ကျွမ်းကျင်သူလာရောက်၍ How to Export to EU လုပ်ငန်းစီမံချက် ရေးဆွဲခြင်းသင်တန်းကို ဇန်နဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ မြန်မာကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ စုစုပေါင်းကိုယ်စားလှယ် သင်တန်းသား ၁၃ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းတွင် မြန်မာ့ထုတ်ကုန်များ ဥရောပသမဂ္ဂနိုင်ငံများသို့ ပိုမိုတိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်စေရန်၊ မြန်မာပို့ကုန်လုပ်ငန်းရှင်များ အီးယူဈေးကွက်ရှာဖွေနိုင်ရေးအတွက် Market Scan၊ အီးယူကုန်ဝယ်သူများမှ မြန်မာထုတ်ကုန်များအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိဝယ်ယူနိုင်စေရေးအတွက် Sector Profile နှင့် အလားအလာရှိသောလုပ်ငန်းရှင်များ အီးယူနိုင်ငံများသို့ ပို့ကုန်ဈေးကွက် ချဲ့ထွင်တင်ပို့နိုင်ရေး၊ အီးယူဈေးကွက်သို့ ပို့ကုန်မြှင့်တင်ရေး လမ်းညွှန်စာအုပ် Export Promotion Guide Book တို့ ပြုစုထုတ်ဝေနိုင်ရန် ပါဝင်ဆောင်ရွက်မည့် တက်ရောက်သူများအား Core Team အုပ်စုလေးခုဖွဲ့၍ တာဝန်သတ်မှတ်ခြင်း၊ အလားအလာရှိသော ဦးစားပေးထုတ်ကုန်အုပ်စုများ အကြမ်းဖျင်း ရွေးချယ်သတ်မှတ်ရာတွင် ပြည်တွင်းကုန်ထုတ်စွမ်းအား၊ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုနှင့်အရည်အသွေးသတ် မှတ်ချက်ကိုက်ညီမှု စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ပို့ချပါသည်။

အဆိုပါ Core Team အဖွဲ့ဝင်များအား ဈေးကွက်ရှာဖွေသုတေသနပြုနိုင်ရေးအတွက် ဈေးကွက်ဆန်းစစ်လေ့လာမှုကိရိယာအသုံးချသင်တန်းနှင့် နိုင်ငံတကာကုန်စည်ပြပွဲများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် နောက်ဆက်တွဲသင်တန်းကိုလည်း လာမည့်သီတင်းပတ်အတွင်း (ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ) ပို့ချသွားမည်ဖြစ်ကြောင်း သိရပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

Vol: 18, No.4 Monday January 22 2018

# တရားမဝင် ရှောင်ကွင်းလမ်းမှ အကောက်ခွန်မဲ့ သယ်ဆောင်လာသော တစ်ဖက်နိုင်ငံထွက် အာလူးများ ဖမ်းဆီးရမိ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် တရုတ်ပြည်မှ စိုက်ပျိုးထွက်ရှိသည့် အာလူး၊ ကြက်သွန်ဖြူများအား မိမိနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းခွင့်ပြုထားခြင်း မရှိသကဲ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ယခုနှစ်ဆောင်းရာသီပေါ်ချိန်တွင် တရုတ်နိုင်ငံဘက်မှ ထွက်ရှိသည့် အာလူးများကို ပြည်တွင်းဈေးကွက်သို့ တရားမဝင်လမ်းကြောင်းများမှ အလုံးအရင်းတင်သွင်းလျက်ရှိကြောင်း၊ ပြည်တွင်းအာလူးစားသုံးမှုဖူလုံစေရန် ရာသီအလိုက် မိုးကြိုအာလူး၊ ဆောင်းအာလူး၊ နွေအာလူး စသည်တို့ကို ရှမ်းပြည်နယ်တောင်ပိုင်းတွင် အများဆုံးစိုက်ပျိုးခဲ့သော်လည်း ပြည်တွင်းလိုအပ်ချက်ပြည့်မီကျော်လွန်သော ရာသီတွင် စိုက်ပျိုးစရိတ်ထက် လျော့နည်းသောဈေးနှုန်းဖြင့် အရှုံးခံ ရောင်းချရကြောင်း၊ သဘာဝဘေးဒဏ်ခံရသော ရာသီတွင် အထွက်နှုန်းကျကာ ဈေးကွက်အနေအထားအရ ဈေးလျော့၍ ရောင်းချရကြောင်း၊ ယင်းကဲ့သို့သော အခြေအနေကို အခွင့်ကောင်းယူ၍ ဝိသမလောဘသားနှင့် ကုန်သည်ပွဲစားအချို့မှ ကုန်ဈေးနှုန်းကျဆင်းရေးဟုဆိုကာ တရားမဝင် နယ်စပ်လမ်းကြောင်းများမှ အကောက်ခွန်မဲ့အလုံးအရင်းဖြင့် နေ့စဉ်တင်သွင်းလျက်ရှိနေကြောင်း၊ အာလူးစိုက်တောင်သူများအနေဖြင့် ဈေးကွက်ဝေစု ပျောက်ဆုံးခြင်း၊ နိုင်ငံတော်မှ အခွန်ဘဏ္ဍာများ ဆုံးရှုံးခြင်းတို့ကြောင့် တရုတ်နိုင်ငံထွက် အာလူးများ အလုံးအရင်းဖြင့် တင်သွင်းနေခြင်းများကို စိစစ်တားဆီးပေးရန် ညွှန်ကြားထားကြောင်း သိရပါတယ်။

တရုတ်နိုင်ငံမှ ထွက်ရှိသော အာလူးများ တရားမဝင်ဖြတ်သန်းသွားလာမှုမရှိစေရေး၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးဆောင်ရွက်နိုင်ရေးအတွက် OSS ဌာနဆိုင်ရာများဖြစ်သော ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သတင်းဖော်ထုတ်ရယူ၍စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနီးရှိ ရှောင်ကွင်းလမ်းအတွင်းသို့ ၁၂ ဘီးယာဉ်လေးစီးဝင်ရောက်သွားကြောင်းသတင်းရရှိသဖြင့်OSS (ကသရ)၊(မနရ)ပူးပေါင်းအဖွဲ့များဖြင့် စောင့်ကြည့်တားဆီးခဲ့ရာ အာလူးအိတ်များ တင်ဆောင်လာသည့် ယာဉ်လေးစီးအား တွေ့ရှိသဖြင့် ကုန်သွယ်ရေးဇုန်ဝင်းအတွင်းသို့ ခေါ်ဆောင်၍ ယာယီထိန်းသိမ်းထားရှိခဲ့ကြောင်းနှင့်ယာဉ်လေးစီးနှင့်ပတ်သက်၍ ယာဉ်အမှတ် 7D/7529 (NISSAN) ၁၂ ဘီးယာဉ်ပေါ်တွင် အာလူးအိတ်ကြီး တစ်အိတ်လျှင် ပိဿာ ၃၀ ခန့်ဝင်ဆံ့သည့် အိတ် ၃၆၀၊ ယာဉ်အမှတ် 2F/2397 (NISSAN) ၁၂ ဘီးယာဉ်ပေါ်တွင် အာလူးအိတ်ကြီး တစ်အိတ်လျှင် ပိဿာ ၃၀ ခန့်ဝင်ဆံ့သည့် အိတ် ၃၆၀ ၊ ယာဉ်အမှတ် 2J/5794 (NISSAN) ၁၂ ဘီးယာဉ်ပေါ်တွင် အာလူးအိတ်သေး တစ်အိတ်လျှင် ၁၂ ပိဿာခန့် ဝင်ဆံ့သည့် အိတ် ၆၃၀ ခန့်နှင့် ယာဉ်အမှတ် 2C/5734 (NISSAN) ၁၂ ဘီးယာဉ်ပေါ်တွင် အာလူး ၁၆ ဒသမ ၈၀၀တန်ခန့် တင်ဆောင်လာကြောင်း စုံစမ်းသိရှိရပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး ဇန်နဝါရီ ၁၅ ရက်တွင်သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရပါတယ်။

ယခုလို ပွင့်လင်းရာသီတွင် ကုန်စည်စီးဆင်းမှုများ များပြားလျက်ရှိသလို တရားမဝင် ကုန်သွယ်မှုများလည်း ပိုမိုများပြားလျက်ရှိနေကြောင်း သိရှိရပါတယ်။ တရားဝင်တင်ပို့၊ တင်သွင်းသူများအနေဖြင့် အချိန်၊ ငွေ၊ ကုန်ကျစရိတ်များ ရင်းနှီးလုပ်ဆောင်နေရသဖြင့် ရေရှည်ဈေးကွက်တည်တံ့ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းများ မဆုံးရှုံးစေရေးနှင့်စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ထိခိုက်နစ်နာဆုံးရှုံးမှုများမရှိစေရေးအတွက် ဒေသအုပ်ချုပ်မှုအဖွဲ့အစည်းများ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ စုပေါင်းအားနဲ့ တရားမဝင် အကောက်ခွန်မဲ့ သယ်ဆောင်မှုများကို ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**နေ (ရှမ်းမောမြေ)**

# မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါ ရီ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၆ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၆ မျိုး၊ တန်ချိန်အားဖြင့် ၃၇၇ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၃ တန်နဲ့ နှိုင်းယှဉ်ပါက ၁၆၄ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ မိကျောင်း ကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ နေလဲစေ့၊ နနွင်းတက်၊ တောချင်း၊ ချင်းခြောက်၊ ဖန်ခါးသီးခြောက်၊ စကားပန်းပွင့်ခြောက်၊ ဝဥခြောက်၊ ဝဥ (အစို)၊ မာလာဥ၊ ဆီးဆန်၊ ဆေးမြင်းခွာနဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ပရဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံမှာ တရုတ်တိုင်းရင်းဆေးဖော်စပ်တဲ့ နေရာတွေမှာ အဓိကအသုံးပြုကြပြီး အချို့ကုန်ကြမ်းတွေကိုတော့ ဟင်းခတ်အမွှေးအကြိုင် ပြုလုပ်ရာမှာလည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုရာမှာ လည်းကောင်း၊ သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်ရာမှာလည်းကောင်း၊ အဖျော်ယမကာ ဖော်စပ်ရာမှာလည်းကောင်း အသီးသီးထည့်သွင်းအသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖရဲသီး ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၁ သန်းတန်ဖိုးရှိ ဖရဲသီးတန်ချိန် ၃၃၆၈၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန် ၃၁၀၀၀၊ လွယ်ဂျယ်မှတန် ၄၀ နဲ့ ကန်ပိုက်တီမှ တန် ၂၆၄၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှတန် ၁၃၇၀၀ နဲ့ ကန်ပိုက်တီမှ တန် ၁၁၀၀၊ စုစုပေါင်းတန်ချိန် ၁၄၈၀၀ သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဖရဲသီး တန် ၁၈၈၈၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ဖရဲသီး တစ်တန်ကို လိုင်စင်ဈေး ၉၅ အမေရိကန်ဒေါ်လာရှိတယ်လို့ သိရပါတယ်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှာ မူဆယ်လမ်းကြောင်းက အဓိကကျပြီး မြန်မာ့ထွက်ကုန်တင်ပို့မှု စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာ မူဆယ်လမ်းကြောင်းက သွားပါတယ်။ ဆန်၊ သကြား၊ ပြောင်း၊ ရော်ဘာ၊ သစ်သီးဝလံမျိုးစုံတင်ပို့တဲ့အထဲမှာ ဖရဲ၊ သခွား၊ သရက်တင်ပို့မှုဟာ ပမာဏအများဆုံး ပို့ကုန်ပစ္စည်းဖြစ်တယ်လို့ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## ကုန်သွယ်ရေးစခန်းများမှ ပြည်တွင်းသို့ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၇ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၈၀၈၀ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀၆၂ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၀၁၈ စီး ပိုမိုတင်သွင်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်များတင်သွင်းမှု မရှိပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၃၂၃ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇၁၈ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၃၄ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ငါးစီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၈၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၇၆၃၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၈၆၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၇ တန်လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ လျော့နည်းခဲ့တဲ့အတွက် ယခုလိုတင်ပို့မှု ကျဆင်းရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို တန် ၁၄၀၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင် လယ်ငါးရှဉ့်တို့ကို ၆၄၅၁ တန် မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၀ သန်းတန်ဖိုးရှိ ကင်းမွန်လိပ်၊ ငါးမျိုးစုံ၊ မွေးပုစွန်၊ သဲကဏန်းတို့ကို ၁၀၄၇ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ တရုတ်နိုင်ငံသို့ သကြားပိုမိုတင်ပို့

ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၁၃ သန်း တန်ဖိုးရှိ Re-export သကြား ၁၉၇၁၂ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၁၃၆ တန်ကျော်နဲ့နှိုင်း ယှဉ်ပါက ၇၅၇၆ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၂၅ သန်း တန်ဖိုးရှိ သကြား တန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်ကလည်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ သကြား တန် ၅၀၀ တင်ပို့ခဲ့တဲ့အတွက် ပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြား တစ်တန်ကို မိမိဘက်ပေါက်ဈေး ကျပ် ၈၅၆၆၆၀ ရှိရာမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်းကျပ် ၈၆၀၇၂၀ ဈေးသို့မြင့်တက်ခဲ့ပါတယ်။

**မော်မော်အောင်**

**စာမျက်နှာ (၁၂) ကုန်သွယ်မှုသင်တန်းကျောင်းနှင့် …… မှအဆက်**

မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ အကြောင်းအရာများ၊ ကုန်ပစ္စည်းများ တင်သွင်းခွင့် ဘယ်လိုလျှောက်ထားရမယ်ဆိုတာ သိရှိရတဲ့အပြင် ကျွန်မအခုသင်တန်းတက်ရောက်မှ သိရှိခဲ့ရတဲ့ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ၏ အက်ဥပဒေအကြောင်းများနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ Myantrade Seminar on Trade Business and Export Promotion သင်ခန်းစာများနှင့် International Marketing အကြောင်းကိုလည်း သေချာလေ့လာသင်ယူခဲ့ပါတယ်။

TTI (Trade Training Institute) သင်တန်းက ဆရာ၊ ဆရာမများကလည်း စာသင်ကြားပေးတာ တစ်ခုတည်းမဟုတ်ဘဲ လက်တွေ့ကျကျ မိမိတို့လုပ်ငန်းအတွက်လိုအပ်ချက်များ၊ သိရှိနားလည်အောင် သေသေချာချာပြောကြားပြီး သင်တန်းသူ၊ သင်တန်းသားများထဲက လက်ရှိစီးပွားရေးလုပ်ကိုင်နေတဲ့သူများနဲ့ ယခုမှစတင်မည့်သူများကိုလည်း အကောင်းဆုံးသင်ကြား၊ အကြံပေး၊ ကူညီပေးနေတာဖြစ်ပါတယ်ရှင့်။ TTI သင်တန်းက ကျွန်မအတွက် စာတွေ့တစ်ခုထဲမဟုတ်ဘဲ Trip သွားရတဲ့ အတွေ့အကြုံနှင့် နေ့စဉ် Group အလိုက်စီမံသော အတွေ့အကြုံကောင်းလေးတွေ ရရှိခဲ့ပါတယ်ရှင့်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့တဲ့ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်ရဲ့ "Corporate Market Diversification Strategies" Business talk programme ကလည်း ကျွန်မတို့လိုစီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်နေတဲ့သူဖြစ်ဖြစ်၊ ဝန်ထမ်းဖြစ်ဖြစ်၊ အခုမှ စီးပွားရေးလောကထဲ စတင်မယ့်သူဖြစ်ဖြစ် ဆရာကြီးရဲ့ဩဝါဒတွေကို နားထောင်ရတဲ့အတွေ့အကြုံက အင်အားအသစ်၊ စိတ်ဓာတ်ခွန်အားအသစ်တွေရရှိပြီး စီးပွားရေးကို ဘယ်လိုအခက်အခဲကြုံပါစေ ဆရာကြီးရဲ့ ဩဝါဒစကားတွေကို မှတ်သားပြီး ဒီထက်မက ရှေ့ဆက်ကြိုးစားဖို့အင်အားတွေကို အခု TTI သင်တန်းတက်ရတဲ့ အတွေ့အကြုံထဲက ရရှိခဲ့ပါတယ်။

ကျွန်မတို့ သင်တန်းရဲ့ Trip ထဲက MITT and Thilawa SEZ and Hitechi Soe Electric ကို သင်တန်းမှ မောင်နှမတွေအားလုံး အသေးစိတ်သေသေချာချာ လေ့လာခွင့်ရခဲ့တာတွေ တာဝန်ရှိသူတွေရဲ့ ရှင်းပြမှုတွေကိုလည်း သိရှိခဲ့ရတဲ့အတွက် အရမ်းကိုတန်ဖိုးရှိခဲ့တဲ့ သင်တန်းရဲ့ Trip လေးဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် Myanmar Brewery, Pyinmapin Mingalardon ကိုသွားရောက်လေ့လာခဲ့ရတဲ့အတွက် ကျွန်မတို့ မသိရှိသေးတဲ့ Myanmar Brewery ရဲ့ ကောင်းမွန်ထူးကဲတဲ့ အရသာနဲ့ ဘာကြောင့်ပြည်ပနိုင်ငံတွေပါ ကြိုက်ရတယ်ဆိုတဲ့ကောင်းမွန်တဲ့ အရသာရဲ့ အခြေခံကအစ Myanmar Brewery အဆင့်ဆင့်ဖြစ်ပေါ်လာတဲ့အထိ သိရတဲ့အတွက် သင်တန်းမှ တန်ဖိုးဖြတ်မရတဲ့ အတွေ့အကြုံတစ်ခုလို့ ပြောမယ်ဆိုမမှားနိုင်ပါဘူးရှင်။ Yangon Stock Exchange ကို သွားရောက်လေ့လာရတဲ့အတွက် Stock ဈေးကွက်ကို ဘယ်လိုဝယ်မယ်၊ ဘယ်အချိန်မှာ ပြန်ရောင်းမယ်ဆိုတာ အခြေခံကျကျ သင်ယူခဲ့ရပါတယ်။

TTI သင်တန်းမှ Group ခွဲဝေပေးမှု၊ EC ရွေးချယ်ပြီး ခေါင်းဆောင်တစ်ဦးစီတာဝန်ပေးမှုများကလည်း တစ်ဦးစီ တာဝန်ပေးခြင်း၊ Group လိုက်တာဝန်ပေးခြင်း အစရှိတဲ့ သင်တန်းအတွေ့အကြုံတွေသာမက သင်တန်းသူ/သား အချင်းချင်း တစ်ဦးစိတ်ရင်း တစ်ဦးသိရပြီး ပိုမိုရင်းနှီးပွင့်လင်းစွာ ခင်မင်မှုတွေရရှိခဲ့ပါတယ်။ ကျွန်မကိုယ်တိုင် ပါဝင်ပြုလုပ်ခဲ့တဲ့ 'Digital Economy and SMEs Role' Final Presentation ကလည်း စိတ်ကူးသစ်၊ အတွေးသစ်တွေရရှိပြီး ရန်ခုန်စရာအရမ်းကောင်းတဲ့ စာတမ်းတစ်ခု ဖြစ်ခဲ့ရပါတယ်။

ယခုအချိန်ကာလလေးက ကျွန်မတို့လူငယ်တွေအတွက် စိတ်ကြိုက်ရွေးချယ်ဖန်တီးမှုပြုလုပ်နိုင်တဲ့ကာလလေးဖြစ်ပြီး အရင်ကထက် ပိုမိုကောင်းမွန်ပွင့်လင်းမှုတွေကို အစိုးရအနေနဲ့ ဖန်တီးပေးနေတဲ့အတွက် ယခုရရှိနေတဲ့ အခွင့်အရေးတွေကို အကောင်းဆုံးဖန်တီးကြိုးစားနေဖို့ အချိန်အခါကောင်းဖြစ်ပါတယ်ရှင်။ ကျွန်မတို့ လူငယ်တွေအနေနဲ့ လုပ်စရာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို အကောင်းဆုံးပြီးမြောက်ဆောင်ရွက်ဖို့ဆိုရင် မသိသေးတဲ့အရာတွေ သိဖို့အတွက် TTI သင်တန်းကို တက်ရောက်ပြီး အနာဂတ်လုပ်ငန်းတွေကို ယခုအချိန်မှစပြီး ကြိုးစားပြင်ဆင်ထားကြပါလို့ ကျွန်မနန်းပပလွင်မှ TTI သင်တန်းကို တက်ရောက်ပြီး ရရှိခဲ့တဲ့ အတွေ့အကြုံများအရ လေးစားစွာ ပြောကြားလိုက်ပါတယ်ရှင့်။

# မော်လမြိုင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မော်လမြိုင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား မော်လမြိုင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်နွဲ့မူဆွေဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မော်လမြိုင်ခရိုင် စားသုံးသူရေးရာဦးစီး ဌာန၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မော်လမြိုင်ခရိုင် ဥပဒေရုံးမှခရိုင်ဥပဒေအရာရှိဒေါ်မိသန္တာမြင့်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များနှင့်ပတ်သက်၍ လည်းကောင်း၊ မော်လမြိုင်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြဝင်းက ကျောင်းမုန့်ဈေးတန်းတွင် လုံခြုံစိတ်ချရမှုမရှိသော ဆိုးဆေးပါသည့်မုန့်များအား ထိထိရောက်ရောက် စစ်ဆေးပေးရန်နှင့် လုပ်ငန်းရှင်များကိုလည်း ကြပ်မတ်သင့်သည်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် မော်လမြိုင်၊ ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က တံဆိပ်မပါသည့် ဆပ်ပြာဆီ၊ လက်ဆေးဆီ၊ ခေါင်းလျှော်ရည်များမှာ အသေးစားနှင့် အလတ်စားဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိကြောင်း၊ အသားအရေနှင့် ထိတွေ့ရသည့် ဓာတုပစ္စည်းဖြစ်၍ သုံးစွဲသူများ ဘေးဥပဒ်အန္တရာယ်မဖြစ်စေရန် ထုတ်လုပ်သူလုပ်ငန်းရှင်မှာ တာဝန်ရှိကြောင်း၊ ကွင်းဆင်းဆောင်ရွက်မှုအပိုင်းတွင် အခက်အခဲရှိပါက မိမိတို့အနေဖြင့် အချိန်မရွေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့တယ်လို့ သတင်းရရှိသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# ကျွန်းမာရေးဆေးဖက်ဝင် ဆားခါးထုတ်ကုန်ပစ္စည်းများ ဈေးကွက်တွင်ကျယ်လာ

ဖျာပုံမြို့နယ်အတွင်း SMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ရွာထုတ်ကုန် တစ်မျိုး (One Village One Product) ထုတ်လုပ်လာစေရန် ရည်ရွယ်၍ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်နှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၉ ရက်ကဖျာပုံမြို့ (၁၂)လမ်း(၁၀)ရပ်ကွက်တွင် ထုတ်လုပ်နေသည့် ကျန်းမာရေးဆေးဖက်ဝင်ဆားခါး ခေါင်းအုံး၊ ထိုင်ခင်းနှင့် ကျောခင်းလုပ်ငန်းအား အရည်အသွေးကောင်းမွန်ပြီး ဈေးကောင်းရရန် ထုတ်လုပ်မှုနည်းစဉ်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာခဲ့ကြပါသည်။

ဒီလုပ်ငန်းက အရင်းအနှီးအနေနှင့် အပ်ချုပ်စက်တစ်လုံးရှိရန် လိုအပ်ပြီး၊ ကုန်ကြမ်းကတော့ ဆားခါးနှင့် ချည်သားပိတ်စပဲလိုတော့ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့အတွက် ခေါင်းအုံး ၁၁" x ၁၈" အရွယ် ခေါင်းအုံးစွပ်ပါ တစ်လုံးကို အရင်း ကျပ် ၄၀၀၀ ၊ ထိုင်ခင်း ၂၀" x ၂၂" အရွယ် အရင်းဈေး ကျပ် ၆၆၀၀ နဲ့ ကျောခင်း ၂' x ၄' အရွယ် အရင်းဈေး ကျပ် ၁၈၅၀၀ ကုန်ကျပြီး ပစ္စည်းတန်ဖိုးအမျိုးအစားအလိုက် ကျပ် ၂၀၀၀ မှ ကျပ် ၇၅၀၀ အမြတ်ရရှိကြောင်း သိရသည်။

"ဆေးမြင့်မိုရ်" အမှတ်တံဆိပ်ဖြင့် ရန်ကုန်၊ မန္တလေးမြို့များအပြင် ဖျာပုံခရိုင်အတွင်းရှိမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ဆားခါးကုန်ပစ္စည်းကို အသုံးပြုခြင်းအားဖြင့် မျက်စိဝေခြင်း၊ မျက်စိမှုန်ခြင်း၊ ခေါင်းအုံ၊ ခေါင်းမူး၊ နှာပိတ်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ခန္ဓာကိုယ်အတွင်းမှာ အပူ၊ အပုပ်၊ အဆိပ်အတောက်များ စုပ်ယူပေးသည့်အတွက် ရက်အနည်းငယ်အတွင်း သိသာစွာ ပျောက်ကင်းနိုင်ကြောင်းသိရသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## မူဆယ်မှ ရေထွက်ကုန် တန်ဖိုး ပိုမိုပြီး တန်ချိန်လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန် ၂၅၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၆၄၀ ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၁၁၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်တွင် ငါးရှဉ့်၊ ငါးဆားနယ်၊ ငါးမျိုးစုံ၊ ပုစွန်ခြောက်မှုန့်တို့ တင်ပို့မှုပိုမိုခဲ့တာကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါ ပိုမိုရတာဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

**Commerce ကာတွန်း**





T.W
ကျော်ကြား
ကုမ္ပဏီလီမိတက်
KAA
Truck & Machinery Sales
Worthy for Reliability
လေ့ပါင်နီးသုံးယာဉ်ရောင်းဝယ်ရေး
ဆက်သွယ်ရန်
01 2305511, 09 49806777, 09 260008787, 09 5320712
တိုက် (စီ)၊ အခန်း (၁၀၅)၊ ယုဇနပိုက်ဝေးကွန်ဒို၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



မြိုင်
ခန်းဆီး၊ လိုက်ကာ၊
မွေ့ရာ နှင့် ခြင်ထောင်အမျိုးမျိုး
အမှတ် (၁၇၃)၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ ကျိုက်လတ်လမ်းထိပ်(အ.ထ.က - ၄)အနီး
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁) - ၅၃၂၃၇၆
၀၉ - ၅၁၉၇၄၂၀၊ ၀၉ - ၇၃၀၈၆၃၆၄၊ ၀၉ ၇၆၅၁၉၇၄၂၀



Home Made
Top Home-made Foodstuff Trading Co., Ltd.
No. 350, Mingalar Street, Sawbwagyi Gone, Insein Township, Yangon.
Tel : 01 641457, 01 646655, Call : 095405083
Email : sonnythwin@gmail.com
FDA No- Sa 13/17024/Hta La



ပြည့်ပြည့်ကြီး မောက်မောက်ကြီး ကုမ္ပဏီလီမိတက်
Pyae Pyae Kyie Mauk Mauk Kyie Co.,Ltd.
JAS
PPK
MMK
Price
- 1kg ငါး/ရေညှိ = ၁၅၀၀၀ကျပ်
- 500g ငါး/ရေညှိ = ၈၆၀၀ကျပ်
- 200g ငါး/ရေညှိ = ၃၆၀၀ကျပ်
- 100g ငါးရေညှိ = ၂၀၀၀ကျပ်
ပင်လယ်ငါးဟင်းခတ်မှုန့်
KANESHICHI CO.,LTD.
SINCE 1884
Made in Japan
ပင်လယ်ရေညှိဟင်းခတ်မှုန့်
လူတိုင်းကိုယ်စီကျန်းမာဖို့
KANESHICHI BRAND ဟင်းခတ်မှုန့်ကိုသုံးကြစို့.
ပြည့်ပြည့်ကြီး မောက်မောက်ကြီးကုမ္ပဏီ(PPK MMK Co.,LTd)
FDA IR-F/2015-B1/1537,IR-F/2016-B1/3296,IR-F/2016-B1/3297,No 10,Thiri Street,14 Quater,Kyauk Kone,Yankin Tsp,Yangon.Tel : 09 253975229,09 450065431,09 261351476,09 454887530

ဗုဒ္ဓံ ဓမ္မံ သံဃံ

# Golden Dragon

## Construction Materials Trading




Office: No(27), Lanthit Road, Insein Tsp, Yangon. ✆ 09-785311305
Showroom: Bld(28), Room(9,10), Kyauk Sein 5th Road, Sawbwargyigone Compus, Insein Tsp, Yangon.
Phone: 01-655094, 646652, 641556, 9640271, 9640272, 9640273
Branch(1): No(415,424), Lanshae Road, Pyay. ☎ 053-29110, 29107, 09-5370162
Email: dryznm.23195@gmail.com, Web: www.facebook.com/goldendragonintl.steeltrading.

# Myint Thukha Nadi Logistics Co.,Ltd.

A Myintthukhanadi Company




**Head Office ;**
No.408, Tower(B), Myaing Hay Wun Condo, 8 miles, Mayangone Township, Yangon, Myanmar.
Tel ; (+95)1-651049, (+95)9-5109786
Website ; www.myintthukhanadi.com, E-mail ; myintthukhanadi@gmail.com
f ; MyintThukhaNadi Logistics

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Online ကုန်သွယ်မှုကဏ္ဍတွင် စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများ ခိုင်မာစေရန် ဆောင်ရွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Online မှကုန်ပစ္စည်းရောင်းဝယ်ခြင်း လုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ခိုင်မာစွာဆောင်ရွက်ရန်လိုအပ်လာသဖြင့် တရုတ်နိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး အုပ်ချုပ်မှုအာဏာပိုင် အဖွဲ့အစည်းက Online စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ သဘောထားစာတမ်းတစ်စောင် ထုတ်ဝေခဲ့သည်။ အဆိုပါစာတမ်းတွင် အာဏာပိုင်အဖွဲ့သည် Online ကုန်သွယ်မှု၏ အရည်အသွေး စောင့်ကြည့်စစ်ဆေးမှုအား စားသုံးသူတိုင်ကြားစာများမှ တစ်ဆင့် အခြေခံဆောင်ရွက်ကြောင်း၊ အရည်အသွေး နမူနာရယူစစ်ဆေးမှုအား ဒေသဆိုင်ရာအာဏာပိုင်များ၏ နှစ်ပတ်လည်စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ကြောင်း၊ အရည်အသွေးစံနမူနာရယူ စစ်ဆေးရာတွင် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေးဆိုင်ရာ ဥပဒေနှင့်အညီ Online တွင်ရောင်းဝယ်သော အီလက်ထရောနစ်ကုန်စည်များ၊ အိမ်ထောင်စုသုံး လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဦးထုပ်များ၊ ဖိနပ်များ၊ ကလေးထုတ်ကုန်များနှင့် ကားအစိတ်အပိုင်းပစ္စည်းများကို အဓိကစစ်ဆေးကြောင်း သိရသည်။

တရုတ်နိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့အစည်းသည် ဥပဒေကိုလိုက်နာဆောင်ရွက်ခြင်းမရှိသော Online မှ လက်လီရောင်းချသူများနှင့် စီးပွားရေးလုပ်ငန်းများအား အရောင်းရပ်ဆိုင်းရန်နှင့် ထုတ်ကုန်သတင်းအချက်အလက်များကို ဖယ်ရှားရန် အမိန့်ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် Online ရောင်းချသူများမှ စားသုံးသူများကိုလျော်ကြေးပေးခြင်းနှင့် စေ့စပ်ဖျန်ဖြေသည့်နည်းလမ်းဖြင့် ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မည့်စနစ်အား တည်ထောင်ပေးပြီး နိုင်ငံဖြတ်ကျော် Online ရောင်းဝယ်မှု လုပ်ငန်းများအတွက် အငြင်းပွားမှုဖြေရှင်းသည့်စနစ်ကို တည်ထောင်ပေးခဲ့သည်။

စားသုံးသူများ ထင်ယောင်ထင်မှားဖြစ်စေသော ကြော်ငြာများ၊ ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုများ၊ တရားမဝင် အရောင်းမြှင့်တင်မှုများနှင့် မှားယွင်းသော သက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ တင်းကြပ်စွာ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဖြေရှင်းဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိပြီး သတင်းအချက်အလက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၊ အိမ်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ထိန်းသိမ်းစောင့်ကြည့်သွားမည်ဖြစ်သည်။

လက်ရှိကာလတွင် တယ်လီဖုန်းဖြင့် တိုင်ကြားမှုစနစ်ကို တည်ထောင်ထားပြီး Online မှတိုင်ကြားနိုင်ရန်လည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြည်သူအများသို့ပညာပေးနိုင်ရန် WeChat နှင့် Weibo တို့မှ အသိပညာပေးသွားမည်ဖြစ်သည့်အပြင် Online ကုန်စည်များကို စံနမူနာရယူပြီး ရရှိလာသောရလဒ်များကိုပြည်သူအများသို့ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ ပြစ်ဒဏ်ကို နှစ်နှစ်အတွင်း သုံးကြိမ် သို့မဟုတ် ပိုမိုပြီး ကျခံရသောကုန်ပစ္စည်းရောင်းချသူများကို အမည်မည်းစာရင်း (Blacklist) တွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ(နေပြည်တော်)**

## ယခုတစ်ပတ် ရော်ဘာတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ် နယ်စပ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၈ သန်းတန်ဖိုးရှိ ရော်ဘာ ၂၁၂၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၁၅၆၆ တန်၊ MSR 20 အမျိုးအစား ၂၇၁ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber အမျိုးအစား ၁၀ တန်၊ RSS 3 အမျိုးအစား ၁၀ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၂၄၃ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၂၅ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၈၁၃ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၀ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၆၁၅၄ ကျပ်ဈေးကျကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိကာလအတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၀၄ သန်းတန်ဖိုးရှိ ရော်ဘာ ၈၆၃ တန် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၄၆၀၊ MSR 20 အမျိုးအစား ၂၀၂ တန်ကျော်နဲ့ တရုတ်နိုင်ငံသို့ MSR 10 အမျိုးအစား ၂၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅၉၅ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၇၃၂ တန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ အတက်အကျအနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**

## မကွေးမြို့ တောင်တွင်းလမ်းပေါ်ရှိ ရွှေတိုက်မုန့်တိုက်အား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အဖွဲ့စုံဖြင့် ကွင်းဆင်းစစ်ဆေး အသိပညာပေး

ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ဈေးဆိုင်များသို့ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၇ ရက်တွင် မကွေးမြို့ ရွှေတိုက်မုန့်တိုက်၌ ရောင်းချလျက်ရှိသော စားသောက်ကုန်များ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မကွေးခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပုဒ်မ ၈(ဂ)တွင်ဖော်ပြ ထားသည့် စံချိန်စံညွှန်းမီ ထုတ်ကုန်တစ်ခု၏ ထုပ်ပိုးမှုတွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာ ထည့်သွင်းထုတ်လုပ်ထားသည့် စားသောက်ကုန်များသာ ရောင်းချရန်၊ သက်တမ်းလွန်မုန့်များ မရောင်းချရန် အသိပညာပေးဆွေးနွေးခဲ့ပြီး ရန်ကုန်၊ မန္တလေးတို့မှ မှာယူရောင်းချသောမုန့်များမှာ ပုဒ်မ ၈(ဂ)တွင် ပါရှိသည့်အချက်များဖြစ်သော ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးရက်စွဲများ ထည့်သွင်းဖော်ပြထားမှုမရှိခြင်း၊ ပခုက္ကူမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့၊ ပဲခူးတိုင်း ရွှေတောင်မြို့မှ ထုတ်လုပ်သည့်ယိုများတွင် ပုဒ်မ ၈(ဂ)ပါ အချက်များအနက်မှ သက်တမ်းလွန် ကုန်ဆုံးရက်များ မပါရှိခြင်း၊ မန္တလေးမှ ထုတ်လုပ်သည့် Puci Special Cake (ကိတ်မျိုးစုံ)၊ Morning Sun (ပေါင်မုန့်) တို့တွင် FDA ထောက်ခံချက်များရရှိထားသော်လည်း Expire Date ထည့်သွင်းထားမှုမရှိခြင်းတို့ကြောင့် ကိုယ်စားလှယ်ဝယ်ယူသည့်ဆိုင်များသို့ ပုဒ်မ ၈(ဂ) တွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာ ထည့်သွင်းပေးရန် ပြောကြားစေလိုကြောင်း ဆိုင်ရှင်အား အသေးစိတ်ရှင်းလင်းခဲ့ပြီး သက်တမ်းလွန်မုန့်များဖြစ်သည့် Euro Pandoro (ချောကလက်မုန့်)၊ Ei Dorado (ကြက်ဥမရွှေ)၊ Ovaltine ထုပ်များ၊ Yum Yum နူတ်ခမ်း(ခေါက်ဆွဲခြောက်)၊ Jucies Le-mond(ဘီစကစ်)၊ Tomo (အမဲသားမွကြော်)၊ Tipco (အုန်းနို့ရည်)၊ စုစုပေါင်း ခုနစ်မျိုး၊ အရေအတွက် ၆၇ ခု နှင့် ခန့်မှန်းတန်ဖိုး ကျပ် ၇၉၆၀၀ အား ပုဒ်မ ၁၉(စ)အရ မီးရှို့ဖျက်ဆီးရန် အတွက် အဖွဲ့စုံဖြင့် သိမ်းဆည်းခဲ့ပြီး နောက်နောင်တွင် ပုဒ်မ ၈(ဂ)တွင် ပါဝင်သည့် အချက်များ ပြည့်စုံစွာထည့်သွင်းပြီးမှ ရောင်းချရန်၊ သက်တမ်းလွန် ပစ္စည်းများအား သီးခြားခွဲထားရန်၊ သက်တမ်းမလွန်သော ပစ္စည်းများကြား ရောနေလျှင် သိမ်းဆည်းသွားမည်ဟု ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

ဤကဲ့သို့ သက်တမ်းလွန်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်း၊ ဈေးကွက်စောင့်ကြည့်ခြင်းများကို စဉ်ဆက်မပျက်ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်အတွင်း စံချိန်စံညွှန်းမီ၊ အရည်အသွေးမီ ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဝယ်ယူသုံးစွဲလာနိုင်မည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းလာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း သုံးခုမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၃၃ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၅၉၆၄၀ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၅၈၅၃၀၊ လွယ်ဂျယ်မှ ၈၉၆ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၂၁၃ တန်ခွဲဖြစ်ပါတယ်။

ယခင်သီတင်းပတ်က အဆိုပါစခန်းများမှ ပြောင်းတန်ချိန် ၅၃၁၅၀ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန် ၆၄၉၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၂၈၁၆၆၃ ကျပ်ရှိရာမှ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း ၂၈၀၇၇၃ ကျပ်သို့ ဈေးကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၇၆၀ စီး ဝင်ရောက်ခဲ့ကြောင်း၊ မန္တလေး-မူဆယ် သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၆၅-၇၆ ကျပ်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဝါနှင့် ဝါထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၂၀၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း တန် ၁၆၀၊ အမေရိကန်ဒေါ်လာ ၇၁၀၂၀ တန်ဖိုးရှိ ဝါစေ့ ၃၅၅ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ ပိုးအိမ် ၁၂ တန်ကို တင်ပို့ခဲ့ပါတယ်။

ဝါစိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်။

**မော်မော်အောင်**

## မအူပင်မြို့နယ် တော်တလုပ်ကျေးရွာတွင် (၆၂၁) အစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် တော်တလုပ်ကျေးရွာတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှု အခြေအနေအား သွားရောက်ကွင်းဆင်းလေ့လာခဲ့ပါသည်။

မအူပင်မြို့နယ် တော်တလုပ်ကျေးရွာတွင် (၆၂၁)အစေ့ထုတ်ပြောင်း မျိုးတစ်ထုပ်လျှင် ကျပ် ၃၈၀၀၀ ဖြင့်ဝယ်ယူပြီး နှစ်ဧကလျှင် သုံးထုပ်စိုက်ပျိုးရကြောင်း၊ တစ်ဧကထွန်ယက်ခမှာ ကျပ် ၈၀၀၀၀ ကုန်ကျကြောင်း၊ ဓာတ်မြေဩဇာ တစ်အိတ်လျှင်ကျပ် ၂၂၀၀၀ ဖြင့် တစ်ဧကလျှင် သုံးအိတ်စာဝယ်ယူသုံးစွဲရကြောင်းနှင့် စိုက်ပျိုးချိန်မှာ လေးလခန့်ကြာမြင့်ပြီး တစ်ဧကလျှင်တင်း ၁၀၀ခန့် ထွက်ရှိကြောင်း သိရှိရသည်။

ထွက်ရှိလာသော အစေ့ထုတ်ပြောင်းများကို ရန်ကုန်၊ ဘုရင့်နောင်ပွဲရုံတွင် တစ်တင်းလျှင် ကျပ် ၉၀၀၀ ဖြင့် ရောင်းချပါက တစ်ဧကလျှင် ကိုးသိန်းခန့်ရရှိသောကြောင့် ကုန်ကျစရိတ် နှစ်သိန်းခန့်သာရှိသဖြင့် ခုနစ်သိန်းခန့် အကျိုးအမြတ်ရရှိ၍ တောင်သူများအနေဖြင့် စိုက်ပျိုးသင့်သည့် သီးနှံဖြစ်ကြောင်း သိရှိရပါသည်။

**CONSUMER-MT**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ

|နိုင်ဦး (DOCA)|

စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ လိမ်လည်လှည့်ဖျားမှုမခံရစေရေး၊ စားသုံးသူများ၏ အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်ပေးနိုင်သည့်စနစ်တစ်ရပ် ပေါ်ပေါက်လာစေရေး၊ စီးပွားရေးလုပ်ငန်းရှင်များ တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်လာစေရေး၊ အရည်အသွေးမြင့်မားသော ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ပေါ်ပေါက် လာစေရေးတို့အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(The Consumer Protection Law)(၂၀၁၄) ကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၀) ဖြင့် ပြဋ္ဌာန်း၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါတယ်။

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီဖွဲ့စည်းမှု အခြေအနေများ**

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) ပုဒ်မ(၄)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုအသုံးပြု၍ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၈-၁၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁၂/၂၀၁၆)ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စားသုံးသူရေးရာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဧပြီလ ၁၉ ရက်မှစ၍ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခဲ့သဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့၏ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်တွင် ထုတ်ပြန်သောအမိန့် ကြော်ငြာစာအမှတ်(၅၆/၂၀၁၇)ဖြင့် ဒုတိယဝန်ကြီးကို စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းခဲ့ပါတယ်။

**တိုင်းဒေသကြီး/ပြည်နယ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းမှုအခြေအနေများ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီသည် စားသုံးသူအငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအား အမိန့်ကြော်ငြာစာထုတ်ပြန်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းခဲ့ပါတယ်။

**စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းမှုအခြေအနေ**

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၏အောက်တွင် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်းခဲ့ပါတယ်။

**စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)အားပြင်ဆင်ရေးဆွဲမှု အခြေအနေ**

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄)ထက် ပိုမိုပြည့်စုံကောင်းမွန်ပြီး စားသုံးသူအခွင့်အရေးများအပြည့်အဝရရှိရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အစားထိုး ပြင်ဆင်ရေးဆွဲရန် အဖွဲ့များဖွဲ့စည်းခြင်း၊ အားသာချက်၊ အားနည်းချက်များအပေါ်အခြေခံ၍ ဥပဒေကိုအစားထိုးပြင်ဆင်ရေးဆွဲရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ဥပဒေအစားထိုးပြင်ဆင်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေအစားထိုးပြင်ဆင်ရေးဆွဲရေးအဖွဲ့ကို ဆက်စပ်ဝန်ကြီးဌာန ၁၂ ခုနှင့် အသင်းအဖွဲ့များ၊ ပညာရှင်များဖြင့် ပါဝင်ဖွဲ့စည်းပြီး အကြံပြုချက် များရယူခြင်း၊ ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ အကြံပြုချက်၊ ဖြည့်စွက်ချက်များရယူ၍ ဥပဒေ (မူကြမ်း)ကို ပြန်လည် ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ယခုအခါ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသစ်(မူကြမ်း)ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားရှိပြီးဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ပြည်သူများသိရှိလေ့လာနိုင်ရန်နှင့် အကြံပြုချက်များ ပေးပို့နိုင်ရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်းက နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြကာ အကြံပြုစာများ တောင်းခံခဲ့ပြီး ဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့်ပတ်သက်၍ ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ အစည်းအဝေးများကျင်းပမှုအခြေအနေ**



စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ အစည်းအဝေးများအား စတုတ္ထအကြိမ်အထိ ကျင်းပနိုင်ခဲ့ပြီး ပဥ္စမအကြိမ်အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ကျင်းပရန် စီစဉ်ဆောက်ရွက်လျက်ရှိပါတယ်။

**၂၀၁၇ခုနှစ်အတွင်းတိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များ၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေ**

၂၀၁၇ခုနှစ်အတွင်း အစည်းအဝေးများပြုလုပ်ခြင်း ၄၀၃ ကြိမ်၊ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်း ၂၈ ကြိမ်၊ အရေးယူ ဆောင်ရွက်ခြင်း ၃၈ ကြိမ်၊ အသိပညာပေးဟောပြောခြင်း ၇၅၄၄ ကြိမ်၊ ကွင်းဆင်းလေ့လာစိစစ်ခြင်း ၅၉၄၈ ကြိမ်၊ ပြည်တွင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ၃၆ ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ၉၇၄ ကြိမ်၊ သင်တန်းများဖွင့်လှစ်ပို့ချခြင်း ၁၃၁ ကြိမ်၊ လုံခြုံ စိတ်ချရမှုမရှိသော ကုန်စည်များစစ်ဆေးခြင်း ၄၉၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ACCP နှင့် ပူးပေါင်းဆောင်ရွက်မှု**




(၁၃)ကြိမ်မြောက်အာဆီယံ စားသုံးသူအကာအကွယ်ပေးရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ် ဇွန်လ ၁၀ ရက်တွင် အာဆီယံစားသုံးသူ အကာအကွယ်ပေးရေးကော်မတီလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂ ရက်တွင် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး မလေးရှားနိုင်ငံသို့လေ့လာရန် သွားရောက်ခဲ့ပါတယ်။ (၁၆) ကြိမ်မြောက် အာဆီယံစားသုံးသူ အကာအကွယ်ပေးရေးကော်မတီ အစည်းအဝေးကို မြန်မာနိုင်ငံက အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်မှ ၂၇ ရက်ထိ ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ပါတယ်။

**USAID နှင့် ပူးပေါင်းဆောင်ရွက်မှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူရေးရာဦးစီးဌာနသည် USAID အဖွဲ့နှင့်ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး၊ ဥပဒေအစားထိုးပြင်ဆင်ရေးဆွဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲရှစ်ကြိမ်ကျင်းပခဲ့ပါတယ်။

**EU-GIZ နှင့် ပူးပေါင်းဆောင်ရွက်မှု**

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် EU-GIZ နှင့် ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသင်တန်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်မှုသင်တန်း စုစုပေါင်း ငါးကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံများရှိ စားသုံးသူအက ာအကွယ် ပေးရေးလုပ်ငန်းဆောင်ရွက်မှုများအားလေ့လာရန် နှစ်ကြိမ် ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီအစည်းအဝေးလေးကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ထိုအစည်းအဝေးမှဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**CICC စင်တာများဖွင့်လှစ်ထားရှိမှုအခြေအနေ**

စားသုံးသူများမိမိတို့၏ ထိခိုက်နစ်နာဆုံးရှုံးမှုများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင်အချိန်တိုအတွင်း အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ (Consumer Information Complaint Center) (CICC)များ ဖွင့်လှစ်နိုင်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၁၅ ခုနှင့် ခရိုင်များတွင် ၅၈ ခု ဖွင့်လှစ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါတယ်။

**ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ အခြေအနေ**

မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

**စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် မီဒီယာများအခန်းကဏ္ဍ**

စားသုံးသူပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံပိုင်သတင်းစာများ၌ ၁၂၉ ကြိမ်၊ Commerce Journal ၌ ၁၅၆၈ ကြိမ်၊ အခြားဂျာနယ်စာစောင်များတွင် ၃၆၄ ကြိမ် စုစုပေါင်း ၂၀၆၁ ကြိမ် ရေးသားခဲ့ပါတယ်။

**ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ပွဲ အခမ်းအနားကျင်းပမှု အခြေအနေ**



စာမျက်နှာ (၂၉) သို့ ➤

# အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲအခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့၊ မြို့နယ်သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အလုပ်အမှုဆောင်အသစ် ရွေးချယ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က အရာတော်မြို့ ပိတောက်ပင်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပခဲ့ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနစသည့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သနပ်ခါး အသင်းဝင် အသင်းသားများ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ပါသည်။

အရာတော်မြို့နယ် သနပ်ခါး အသင်းကိုဖွဲ့စည်းခြင်းသည် အရာတော်သနပ်ခါးဈေးကွက်မြှင့်တင်ရေး၊ သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ အရာတော်ဒေသဆိုင်ရာ အညွှန်း (GI) ရရှိရေး၊ ပြည်ပဈေးကွက်ထိ တင်ပို့နိုင်ရေးတို့ကိုရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

အရာတော်မြို့နယ် သနပ်ခါး အသင်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်က ကျေးရွာအုပ်စု ၁၂ စု၊ အသင်းသားဦးရေ ၂၇၇၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုသုံးနှစ်ပြည့်၍ အမှုဆောင်အသစ်များ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ယခုအသင်းသားဦးရေမှာ ၃၀၀၀ ကျော်ထိ တိုးတက်ခဲ့ကြောင်း၊ ရွေးချယ်ပွဲအခမ်းအနားသို့ တက်ရောက်သောအသင်းသားများ၏ ဆန္ဒသဘောထားဖြင့် ဗဟိုအလုပ်အမှုဆောင် ၁၁ ဦး၊ အလုပ်အမှုဆောင် ၂၂ ဦး ရွေးချယ်ခဲ့ရာ ယခင်ဥက္ကဋ္ဌ ဦးကျော်မိုးကို ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **သန်းသန်းတင် (မုံရွာ)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်/စပ်စီ (၂၀၁၁) | ယာယီ | ၂၁၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | စီအာဗီ (၂၀၁၂) | ယာယီ | ၆၀၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | အက်ဇီယို (၂၀၁၄) | ယာယီ | ၃၈၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာလ်ဖတ် (၂၀၀၅) | L | ၄၅၅ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ရက်တစ် (၂၀၁၂) | ယာယီ | ၂၄၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန်၊ ကီလိုနည်း |
| ၇။ | ဆူဇူကီး၊ ကယ်ရီထရပ် (၂၀၁၀) | ယာယီ | ၉၃ သိန်း | 0.6 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဖွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၂၂၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | နီဆန်း၊ လက်တီယိုဆလွန်း | ယာယီ | ၂၇၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန်၊ ကီလိုနည်း |

# ပုသိမ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ၂၀၁၈ ခုနှစ်အတွင်း သက်မွေးသင်တန်း ရှစ်ကြိမ်ဖွင့်လှစ်မည်

ပုသိမ်မြို့၊ မင်းကြီးလမ်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းတွင် ၂၀၁၈ ခုနှစ်အတွင်း အိမ်တွင်းမှုသက်မွေးသင်တန်း ရှစ်ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၈ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ကြိမ်လျှင် တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ သင်ကြားပေးသွားမှာဖြစ်ကြောင်း အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းမှ သိရသည်။

သင်တန်းတွင် အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းနှစ်မျိုးခွဲခြားထားပြီး မိန်းမဝတ်လက်မ၊ ကလေးဝတ်ကျားရှပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ၊ ဘရာစီယာ၊ မြန်မာ့အစားအစာမုန့်မျိုးစုံနှင့် သီးယိုဆီစိမ် သင်တန်းများအတွက် သင်တန်းကြေးမှာ ကျပ် ၄၀၀၀ ဖြစ်ပြီး မော်တာစက်ချုပ် သင်တန်းအတွက် ကျပ် ၁၀၀၀၀၊ တိုက်ပုံအင်္ကျီသင်တန်းအတွက် ကျပ် ၁၅၀၀၀၊ စက်ကြီးပန်းထိုးအတွက် ကျပ် ၁၅၀၀၀နှင့် စတိုင်လ်ဘောင်းဘီအတွက် ကျပ် ၂၀၀၀၀ တို့ဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမှာဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း၏ ပြောကြားချက်အရ ပါသည်။

သင်တန်းဖွင့်လှစ်ရခြင်းမှာ ကျွမ်းကျင်သည့်စက်ချုပ်သမားများပေါ်ထွက်လာ၍ ခေတ်မီဒီဇိုင်းအသစ်များ တီထွင်ချုပ်လုပ်၍ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေပေးနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအနေဖြင့် ဘဝရပ်တည်နိုင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် ရည်ရွယ်၍ဌာနမှယခုလိုအသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကိုယ်စား ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေး သိမ်းဆည်းထားသော ဘေးဥပဒ်အန္တရာယ်ရှိအစားအစာ ၁၀ မျိုးကို ညောင်တုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံရုံးတွင် ပူးပေါင်းအဖွဲ့များနှင့် မီးရှို့ဖျက်ဆီးမှုအား ဓာတ်ပုံမှတ်တမ်းထားရှိရန်နှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကျောင်းမုန့်ဈေးတန်းများ၊ စာသင်ကျောင်းများနှင့် ကျေးရွာအရောက်ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **CONSUMER–MT**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မြေ | တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းသွယ် | (၈၀ x ၁၀၀)ပေ | မြေသီးသန့်၊ အုတ်တံတိုင်းခတ်ပြီး | ၂၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၂။ | မြေ | လှည်းကူးမြို့သစ်ရပ်ကွက် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၁၅၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၉၇၆၂၁၁၂၃ |
| ၃။ | လုံးချင်းအိမ် | သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ | ၆၃၀၀ စ/ပေ | RC (၂) ထပ်၊MB (၂) | ၂၃ သိန်း | ၁ လအငှားနှုန်း | ၀၉/၉၇၆၂၁၁၂၃ |
| ၄။ | လုံးချင်းအိမ် | သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာ | ၆၄၀၀ စ/ပေ | RC (၂) ထပ် | ၂၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၅၂၁၉၄၄၃၉ |
| ၅။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ SB(၂) | ၁၅၅၀ သိန်း | ပစ္စည်းစုံ၊ ဓာတ်လှေကားပါ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၆။ | ကွန်ဒို | အလုံမြို့နယ်၊ အောကစ်ကွန်ဒို | ၁၈၀၀ စ/ပေ | MB (၁)၊ SB(၂) | ၃၂၀၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |
| ၇။ | ကွန်ဒို | ဗဟန်းမြို့နယ်၊ ဆရာစံကွန်ဒို | ၁၇၀၀ စ/ပေ | MB (၂) | ၂၅၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၈။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက် | (၃၀ x ၅၀)ပေ | BN(၁) ထပ် | ၂၁၀၀ သိန်း | မြေပိုပါ၊ လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ(၄) လမ်း | (၃၀ x ၅၀)ပေ | RC(၁) ထပ် | ၁၃၅၀ သိန်း | ရပ်ကွက်၊ လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |

# ကယားပြည်နယ်မှ ယခုတစ်ပတ်အတွင်း ဆန်၊ စပါး၊ ပြောင်းနှင့် အခြားသီးနှံများ၏ တင်ပို့မှုနှင့် လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းအခြေအနေ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်မှ ၁၆ ရက်အထိ ကယားပြည်နယ်မှ မန္တလေးမြို့နဲ့ မူဆယ်ဘက်ကို ဒေသထွက် ဧည့်မထ ဆန်အိတ်ပေါင်း ၃၈၀၀၊ တန်ချိန်အားဖြင့် ၁၉၀ ဒသမ ၈၀ တန်ခန့် တင်ပို့ခဲ့ပြီး ကယားပြည်နယ်သို့ တင်သွင်းမှုအနေနဲ့ ရန်ကုန်မှ အိတ် ၇၂၀၊ မန္တလေးမှ အိတ်၃၅၀ တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်း အိတ် ၁၀၇၀၊ တန်ချိန်အားဖြင့် ၅၃ ဒသမ ၇၃ တန်ရှိသဖြင့် ယခင်တစ်ပတ်ထက် ၇၂ ဒသမ ၅၅ တန်လျော့နည်းတင်သွင်းခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း ပြောင်းအိတ်စုစုပေါင်း ၂၁၇၅၃ အိတ်၊ တန်ချိန်အားဖြင့် ၁၀၆၅ ဒသမ ၆၁ တန်ခန့်တင်ပို့ထားပြီး ယခင်တစ် ပတ်ထက် ပြောင်းတန်ချိန်ပေါင်း ၇၀၅ ဒသမ ၂၆တန်ခန့်တင်ပို့မှု လျော့နည်းကြောင်းတွေ့ရှိရပါတယ်။ ယခုတစ်ပတ်အတွင်းဖြစ်ပေါ်နေသော နှမ်းဈေးနှုန်းမှာ နှမ်း(ဖြူ)တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ နှမ်း(နက်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြစ်ပြီး ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း သိရှိရပါတယ်။ ဇန်နဝါရီ ၁၁ ရက်တွင် ဧည့်မထ (မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၆၅၂၀၀၀ ပေါက်ပြီး ဇန်နဝါရီ ၁၆ ရက်တွင် ဧည့်မထ (မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၆၇၇၀၀၀ ဈေးပေါက်သောကြောင့် ကျပ် ၂၅၀၀၀ ခန့်ဈေးတက်သွားကြောင်း ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၈၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ (ဒေသ) ဆန်တစ်အိတ် ကျပ် ၃၆၀၀၀၊ တစ်ပြည်လျှင်ကျပ် ၁၆၀၀ ဈေးရှိသောကြောင့် ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀ ခန့်ဈေးတက်လာကြောင်း ငစိန်ဆန်နှင့် စားသုံးဆီများဖြစ်သော ပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီတို့၏ လက်လီလက်ကားဈေးများမှာ ယခင်တစ်ပတ်အတိုင်း ဈေးအတက်အကျမရှိကြောင်း သိရှိရပါတယ်။ **ဖြိုးဝေအောင် (လွိုင်ကော်)**

# မြန်မာနိုင်ငံ Hilton Nay Pyi Taw က ပထမဆုံး ASEAN MICE အား ဆွတ်ခူးရရှိ

အာဆီယံမှ ပေးအပ်ချီးမြှင့်သော ASEAN MICE (Meetings, Incentives, Conventions and Exhibitions ဆုကို မြန်မာနိုင်ငံအတွက် နေပြည်တော်ရှိ Hilton Nay Pyi Taw ဟိုတယ်မှ ပထမဦးဆုံး ဆုရရှိသည့် ဟိုတယ်တစ်ခုဖြစ်ကြောင်း၊ အဆိုပါဆုကို ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်မည့် အာဆီယံခရီးသွားဖိုရမ်ဆုပေးပွဲတွင် သွားရောက်လက်ခံရယူရမည်ဖြစ်ကြောင်း သိရသည်။



Hilton Nay Pyi Taw သည် နောက်ခံတွင် ဗွီဒီယိုပြသနိုင်သော၊ ကြီးမားကျယ်ပြန့်သော စတိတ်စင်ပါဝင်ပြီးလူဦးရေ ၅၀၀ ထိ လက်ခံနိုင်သော ၄၈၅ စတုရန်းမီတာအကျယ်အဝန်းရှိသည့် Grand Ballroom အပါအဝင် ခန်းမ ၈ ခုဖြင့် Meetings Incentives, Conventions and Exhibition (MICE) စသည့် ပွဲအခမ်းအနားများအတွက် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ခမ်းနားကြီးကျယ်၍ ဧက ၁၀၀ အကျယ်အဝန်းရှိသည့် ဟိုတယ်ဧရိယာအတွင်း အမျိုးမျိုးသော အစည်းအဝေးပွဲများနှင့် အသင်းအဖွဲ့ဆိုင်ရာ အစည်းအဝေးများ ကျင်းပရန်အတွက် အခမ်းအနားစီစဉ်သူ စိတ်တိုင်းကျအဖက်ဖက်မှ အကောင်းမွန်ဆုံး ဖြည့်ဆည်းပေးစွမ်းနိုင်ပြီး Busines Centre တစ်ခုကိုလည်း လွယ်လင့်တကူ အသုံးပြုနိုင်၍ အခြားခရီးသွားများနှင့်အတူ အခမဲ့စားသောက်ဖွယ်ရာများဖြင့် စားသောက်အပန်းဖြေအနားယူရန် သို့မဟုတ် မိတ်ဖွဲ့စကားပြောနိုင်ရန်အတွက် Executive ခန်းမလည်းရှိသည့်အပြင် Hilton ဟိုတယ်မှာ အစည်းအဝေးနှင့် ပွဲအခမ်းအနားများကျင်းပရာတွင် ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် စွန့်ပစ်ပစ္စည်းလျှော့ချရေးတို့နှင့် ပတ်သက်သော Hilton's Meet With Purpose အစီအစဉ်ကိုလည်း ကျင့်သုံးလျက်ရှိကြောင်း၊ အာဟာရမျှတသော အစားအသောက်များ၊ လန်းဆန်းတက်ကြွစေနိုင်သည့် လှုပ်ရှားမှုများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ် အသုံးပြုမှုအနည်းဆုံးဖြစ်စေရန် စီစဉ်ထားမှုများသည် အခမ်းအနားစီစဉ်သူများအတွက် မျှော်မှန်းသည့်အတိုင်း အကောင်းဆုံးသော အစည်းအဝေးများ ဖြစ်မြောက်စေရန် ကူညီပေးလျက်ရှိပါသည်။

"အခုလို ပထမဆုံးပေးအပ်ချီးမြှင့်တဲ့ ASEAN MICE ဆုကို လက်ခံရရှိတဲ့အတွက်တကယ်စိတ်လှုပ်ရှားမိပါတယ်။ MICE ဟာဆိုရင် အရှေ့တောင်အာရှရဲ့ဒေသအနှံ့အပြားနဲ့ မြန်မာနိုင်ငံမှာပါ ဖွံ့ဖြိုးလျက်ရှိတဲ့ စီးပွားရေးလုပ်ငန်းတွေတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ခုလည်းဖြစ်ပြီး ကမ္ဘာ့အဆင့် ဝန်ဆောင်မှုတွေနဲ့အတူ ကျွန်တော်တို့ရဲ့ နွေးထွေးပျူငှာတဲ့ စိတ်ရင်းတွေနဲ့ ပေါင်းစပ်ပြီးတော့ မြန်မာနိုင်ငံရဲ့တောက်ပတဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်သွားမှာပါ"ဟု Hilton မြန်မာ၏ Cluster Business Development မန်နေဂျာ Belmond Lee မှ ပြောကြားသည်။

Hilton သည် Eden လုပ်ငန်းစုနှင့် မြန်မာနိုင်ငံရှိ အဓိကအချက်အချာကျသော နေရာငါးခုတွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် သဘောတူညီပြီးသည့်နောက်ပိုင်း ၂၀၁၄ အောက်တိုဘာလမှစ၍ မြန်မာနိုင်ငံတွင် ဟိုတယ်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ရာ ယခုလက်ရှိတွင် နေပြည်တော်၊ ငပလီနှင့် မန္တလေးတို့ တွင် Hilton Nay Pyi Taw၊ Hilton Ngapali Resort & Spa နှင့် လတ်တလောဖွင့်လှစ်ခဲ့သော Hilton Mandalay ဟိုတယ် သုံးခုတို့ဖြင့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးလျက် ရှိပြီး အင်းလေးကန်နှင့် ပုဂံတို့တွင်လည်း လာမည့်နှစ်နှစ်တွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ထားရှိကြောင်းသိရသည်။

**ရောမြေ**

# ပွင့်လင်းရာသီပုသိမ်ထီးဈေးကွက် ပြည်တွင်း/ပြည်ပ အရောင်းအဝယ်သွက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်သော မြန်မာ့လက်မှုရိုးရာပုသိမ်ထီး ဈေးကွက်မှာ ယခုလို ပွင့်လင်းရာသီတွင် ပင်လယ်ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ဧည့်ခရီးသွားများနှင့် ပြည်တွင်း ခရီးသွားများလည်း လာရောက် ဝယ်ယူလျက်ရှိကြောင်း ပုသိမ်ထီးဈေးကွက်မှ သိရသည်။

ပြည်ပဈေးကွက်တွင် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် အခြားဥရောပတိုက်သားများအပြင် ဂျာမနီနိုင်ငံမှ အများဆုံး လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ကျပ် ၅၅၀၀၀၊ ကျပ် ၆၅၀၀၀၊ ကျပ် ၉၅၀၀၀ ဈေးနှုန်းရှိ အနီ၊ အဝါ၊ လိမ္မော် ရောင်ပုသိမ်ထီးများကို ကြိုက်နှစ်သက်ပြီး ထီးတစ်ချောင်းလုံးကို ဝါး၊ သစ်၊ ပိတ်စတို့နှင့် ပြုလုပ်၍ လက်ဖြင့်ပြုလုပ်သည့် မြန်မာ့လက်မှုရိုးရာစစ်စစ်ဖြစ်သည့် အပြင် ထီးကို ရေဆေးပန်းချီဖြင့် ရှုခင်းပုံနှင့် ပုဂံခေတ်လက်ရာကနုတ်ပန်းများဖြင့် ရေးဆွဲအလှဆင်ထားသည်ကို အထူးကြိုက်နှစ်သက်၍ နိုင်ငံခြားသားများက အမြတ်တနိုးတန်ဖိုးထားကာ ဝယ်ယူခြင်းဖြစ်ပြီး ထီးပြုလုပ်ရာလုပ်ငန်းခွင်သို့ နေ့စဉ်နီးပါးလာရောက် လေ့လာဝယ်ယူလျက်ရှိကြောင်း ပုသိမ်မြို့တောရကျောင်းလမ်း ရွှေထီးလုပ်ငန်းရှင်ဦးမင်းနိုင်က ပြောသည်။

ပြည်တွင်းဈေးကွက်တွင် ချောင်းသာ၊ ငွေဆောင်၊ ရန်ကုန်၊ တောင်ကြီး၊ အင်းလေးဟိုတယ်များတွင် ဟိုတယ်သုံးထီးများဝယ်ယူလျက်ရှိပြီး ၁၀ လက်မ အလှဆောင်းထီးနှင့် အလှူအတန်းအတွက် ၁၄ လက်မဆိုဒ် ဖဲထီးများကို အများဆုံးအော်ဒါမှာ ဝယ်ယူလျက်ရှိကြောင်း ပုသိမ်ထီးလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်း(ပုသိမ်)**

## ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်ရှိ အောင်သီရိန်ကုမ္ပဏီမှ နွားအရှင်များ ပြည်ပသို့တင်ပို့ရန်ပြင်ဆင်

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက သက်ဆိုင်ရာထောက်ခံချက်များဖြင့် ပြည်ပသို့ ကျွဲ၊ နွား၊ ဆိတ်အရှင် တင်ပို့ခွင့်ပြုခဲ့ပြီးနောက် အောင်သီရိန်ကုမ္ပဏီက နွားအရှင် အကောင် ၁၀၀ ကို ပြည်ပတရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရန် ဝယ်ယူစုဆောင်းလျက်ရှိကြောင်း သိရပါသည်။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်အတွင်းရှိ အောင်သီရိန်ကုမ္ပဏီ၏ စုဆောင်းရေးခြံသို့ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာန၊ ရုံးချုပ်နှင့် ခရိုင်မြို့နယ်အဆင့်တာဝန်ရှိသူများက ကနဦးစုဆောင်းထားသော နွားအကောင်ရေ ၆၀ အား ကာကွယ်ဆေးထိုး ထောက်ခံချက်လက်မှတ်(PC-1)၊ တိရစ္ဆာန် ကျန်းမာရေးလက်မှတ် (PC -3)များ ထုတ်ပေးခဲ့ပြီး အတည်ပြု အမှတ်အသား (Ear-Tag)နားကပ်တပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မိုးမိုးမြင့်(ယင်းမာပင်)**



## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၂-၁-၂၀၁၈ မှ ၂၈-၁-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** သဘာဝအခြေအနေများ ပြောင်းလဲဖြစ်ပေါ်မှုကြောင့် စားသုံးရသော သီးနှံများ၊ အလှပန်းများ စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် စီးပွားဖြစ်ထွန်းလိမ့်မည်။ သကြား၊ ဂျုံ၊ အာဟာရမှုန့်၊ အသီး၊ အစေ့အဆန်များစျေးကောင်းရလိမ့်မည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှု လျော့နည်းနေတတ်သည်။ မေတ္တာရေးတွင် ကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ချူချာမှုရှိနေတတ်သည်။

**ယတြာ။ ။အုန်းစိမ်းရေနှင့်ဆန်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းတာဝန်များပြားစွာ ဆောင်ရွက်ရတတ်သည်။ လယ်ယာထွက်ကုန်ပစ္စည်းဖြစ်သော ပဲအမျိုးမျိုးနှင့် ရွှေ ရှယ်ယာ၊ ချည်ထည်ပစ္စည်းများစျေးကောင်းပြီး စီးပွားဖြစ်ထွန်းလိမ့်မည်။ ပညာရေးအောင်မြင်မှုရှိတတ်သည်။ နှလုံးသားရေးအတွက် အာရုံထားမှုလျော့နည်းနေတတ်သည်။ ကျန်းမာရေးပုံမှန်ရှိနေလိမ့်မည်။ သွေးသားမမှန်ခြင်း၊ ညောင်းညာခြင်းတို့ဖြစ်တတ်သည်ကို သတိရှိပါ။

**ယတြာ။ ။ကျောက်ကျောလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေး၊ လူမှုရေးတို့တွင် ဆက်ဆံရေးသင့်တင့်နေမည်။ ငွေကြေးအတွက်ရှာဖွေရန်နည်းလမ်းအသစ်ရရှိတတ်သည်။ အဓိကစီးပွားရေးတွင် အရောင်တင်ဆီ၊ သတ္တုပစ္စည်းများစျေးကောင်းရ၍ ဝင်ငွေကောင်းလိမ့်မည်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးအတွက် ရည်မှန်းချက်ကြီးမားစွာထားရှိနေတတ်သည်။ ကျန်းမာရေးသင့်တင့်ပါလိမ့်မည်။ အချစ်ရေးကိုဦးစားပေးစဉ်းစားတတ်သည်။

**ယတြာ။ ။ဆန်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးတွင် အလှကုန်ပစ္စည်းများ၊ မုန့်မျိုးစုံ၊ အထည်အလိပ်၊ ဓာတုပစ္စည်းများ အကျိုးပေးအားကောင်းလိမ့်မည်။ နိုင်ငံခြားသားများနှင့် ဆက်ဆံရခြင်း၊ ဆက်သွယ်ရခြင်းမျိုးကြုံမည်။ ပညာရေးအောင်မြင်မှုရရှိလိမ့်မည်။ ဘဝအတွေ့အကြုံသစ်များရရှိခြင်းကြောင့် အချစ်ရေးကို ဦးစားပေးစဉ်းစားမိတတ်သည်။ ကျန်းမာရေးတွင် နှလုံးအားနည်းသောရောဂါဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ပျဉ်းမညွန့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** တစ်ပါးသူ၏စကားကို ယုံလွယ်နေတတ်သည်။ စီးပွားရေးအတွက် အောင်မြင်မှုရရန် အခွင့်အလမ်းတွေ့လာတတ်သည်။ ဝါဂွမ်း၊ ဘော်၊ ငွေ၊ ရွှေ၊ သိုးမွေးတို့ရောင်းဝယ်သည့် စီးပွားရေးလုပ်ကိုင်ပါက အကျိုး ဖြစ်ထွန်းမှုအားကောင်းနေလိမ့်မည်။ ပညာရေးအတွက် အားတက်လိမ့်မည်။ အချစ်ရေးတွင် အဆင်ပြေလာတတ်သည်။ ကျန်းမာရေးချူချာလာတတ်သည်။ မူးဝေခြင်း၊ အာရုံကြောအားနည်းခြင်းတို့ ဖြစ်တတ်သည်။

**ယတြာ။ ။သီဟိုဠ်ညွန့်လှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းခွင်တွင် အခက်အခဲကို ကျော်ဖြတ်ရန်ကြိုးစားရလိမ့်မည်။ ငွေကြေးအတွက် ပြောဆိုမှုအောင်မြင်မည်။ စီးပွားရေးလုပ်ငန်းတွင် ကားအမျိုးမျိုး၊ ရေယာဉ်အမျိုးမျိုး၊ ဇိမ်ခံပစ္စည်းများ၊ စိန်ထည်ပစ္စည်းများ အကျိုးပေး အားကောင်းလာပါလိမ့်မည်။ ပညာရေးအတွက်အားတက်စရာရှိမည်။ နှလုံးသားရေးတွင် သံသယအတွေးစိတ်ဝင်နေတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေးပြဿနာဖြစ်တတ်သည်။ ကျန်းမာရေးသင့်တင့်မှုရှိနေမည်။

**ယတြာ။ ။သစ္စာပန်းလှူပါ။**



**စနေသားသမီးများအတွက်** ကိုယ့်ဆန္ဒမပါသောကိစ္စများကို ဝင်ရောက်ပြောဆိုပေးရတတ်သည်။ စီးပွားရေးတွင် ကော်ဖီ၊ လက်ဖက်၊ ရေခဲ၊ ရေမွှေး၊ ရှယ်ယာစျေး၊ ထောပတ်၊ နွားနို့ စသည်တို့ အကျိုးပေးလိမ့်မည်။ ၎င်းစီးပွားရေးလုပ်ပါက အကျိုးဖြစ်ထွန်းလိမ့်မည်။ ပညာရေးအားနည်းချက်ဝင်တတ်သည်။ အချစ်ရေးအဆင်ပြေမှုများနေမည်။ ကျန်းမာရေးချူချာနေတတ်သည်။ ဘာသာရေးတွင် ကျင့်ကြံမှုအားကောင်းလာတတ်သည်။

**ယတြာ။ ။နို့ထောပတ်လှူပါ။**

# မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံစျေးကွက်တွင် မြေပဲလုံးဆန်နှင့် နှမ်းမျိုးစုံစျေးမြင့်တက်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်စျေးကွက်သို့ မြေပဲလုံးဆန်အသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး စျေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ယခုတစ်ပတ် မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၂၃၅၀ မှ ကျပ် ၂၄၀၀ ဖြင့် ဒေသတွင်းပဲလှော်ဖိုသမားများကဝယ်ယူမှုရှိလို့ တစ်ရက်အိတ် ၃၀၀ ခန့်၊ မြေပဲလုံး ဆန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၅၅၀ မှ ကျပ် ၂၆၅၀ ဖြင့် ယခင်တစ်ပတ်ထက်စျေးအနည်းငယ်မြင့်တက်ခဲ့ပြီး ရန်ကုန်ဝယ်လက်သမားများ ဝယ်ယူမှုရှိလို့ တစ်ရက်အိတ် ၃၀၀ခန့်နှင့် မြေပဲဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၉၅၀ မှ ကျပ် ၂၀၀၀ ဖြင့် စျေးငြိမ်၍ တစ်ရက်အိတ် ၁၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

ယခုတစ်ပတ် နှမ်းမျိုးစုံစျေးကွက်မှာတော့ ပြည်ပဝယ်လက်ရှိသောကြောင့် ယခင်တစ်ပတ်ထက် စျေးမြင့်တက်ခဲ့ကြောင်း သိရတယ်။ ယခုတစ်ပတ် နှမ်းညိုတစ်တင်းလျှင် ကျပ်၃၄၀၀၀ဖြင့်တစ်ရက်အိတ် ၂၀၀ခန့်၊ နှမ်းနက် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ မှ ကျပ် ၃၉၀၀၀ ဖြင့် တစ်ရက်အိတ် ၄၀၀ ခန့်နှင့် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၈၀၀၀ မှ ကျပ် ၄၆၀၀၀ ဖြင့် တစ်ရက်အိတ် ၃၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများအား အသေးစား အရင်းအနှီးချေးငွေပေးအပ်ပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော သမဝါယမအသင်းပေါင်း ၇၃၁၂ သင်းတွင် အသင်းသားဦးရေ ၆၇၆၆၅၄ ဦးရှိပြီး ၎င်းအသင်းများထဲမှ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၆၀၅၄ သင်း၊ အသင်းသား ၃၃၉၇၉၄ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ၊ မွေးမြူရေးချေးငွေ၊ သွင်းအားစုဖြန့်ဖြူးချေးငွေ၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းချေးငွေ၊ Hire Purchase စနစ်ဖြင့် ရောင်းချပေးမည့် လယ်ယာသုံးစက်ကိရိယာအတွက် ချေးငွေ၊ မျိုးစေ့ထုတ်လုပ်ခြင်းချေးငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ ရက်တွင် ပုသိမ်မြို့ မြက်တိုသမဝါယမ သင်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းအတွင်း ခြောက်ခရိုင်ရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများအတွက် အသေးစားအရင်းအနှီး ငွေကျပ် ၉၁၅၀၈ ဒသမ ၃၈၇ သန်း၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းအတွက် ချေးငွေကျပ် ၉၄၇ ဒသမ ၈ သန်း၊ လယ်ယာသုံး စက်ကိရိယာ ထွန်စက် ၅၆၈ စီးအတွက် တန်ဖိုးငွေကျပ် ၂၁၃၀ ဒသမ ၀၉ သန်း၊ မျိုးစေ့ထုတ်လုပ်ရေးချေးငွေကျပ် ၄၈၅ ဒသမ ၄ သန်း၊ စုစုပေါင်း ကျပ် ၉၅၀၇၁ ဒသမ ၆၁ သန်း ထုတ်ချေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## မြောင်းမြမြို့နယ်ရှိ ဆန်စပါးစျေးကွက်တွင် စပါး/ဆန်စျေးနှုန်း အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးစျေးကွက်မှာ ဇန်နဝါရီလတတိယပတ်အတွင်း ဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ပျမ်းမျှစျေး ကျပ် ၅၀၀၀၀၀ - ကျပ် ၅၃၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀- ကျပ် ၂၂၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပြီး ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၇၀၀၀၀၀ မှ ကျပ် ၇၅၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၃၁၀၀၀ မှ ကျပ် ၃၂၅၀၀ အတွင်း ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးစျေးကွက်မှ သိရသည်။

ယခင်ကစပါးလှိုင်လှိုင်ပေါ်ချိန်တွင် စျေးနှုန်းကျဆင်းမှုရှိသော်လည်း ယခုလက်ရှိတွင် ယခင်စျေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ စျေးပိုရ၍တောင်သူများတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီလ တတိယပတ်၌ မြောင်းမြမြို့နယ်တွင် ဆန်စပါးအရောင်းအဝယ်သွက်လျက်ရှိပြီး ဧည့်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ယခင် ကျပ် ၅၂၀၀၀၀ မှ ယခု ကျပ် ၅၃၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ မှ ယခု ကျပ် ၂၁၅၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ယခင် ကျပ် ၃၃၅၀၀ မှ ကျပ် ၃၄၀၀၀ ဖြစ်၍ ဧည့်မထစပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ နှင့် ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့်စျေးမြင့်တက်လျက်ရှိကြောင်း ဆန်စပါးစျေးကွက်သတင်းများအရ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးများပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဒီဇင်ဘာ ၆ ရက်မှ ၁၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၇ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၆၃၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၂၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၁၀ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၀၄၅ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၉၁ တန်ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၀ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံနှင့် ငရုတ်ကောင်း၊ ပဲစင်းငုံတို့ကို ၃၇ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၄၈ သန်းတန်ဖိုးရှိ စောင်၊ မုန့်မျိုးစုံ၊ ဆေးရိုး၊ ဆေးမှုန့်၊ မဝတ်တီရှပ်တို့ကို တန် ၃၁၀ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဇန်နဝါရီလဆန်းထိ ပြည်ခရမ်းချဉ်သီး စျေးကောင်းရလျက်ရှိ

ပြည်ခရမ်းချဉ်သီးစျေးကွက်သို့ ရွှေတောင်၊ ကျိုးသဲ၊ မှော်ဇာ၊ ပုတီးကုန်း၊ ဝက်ပုတ်၊ ပန်းတောင်းမြို့နယ်တို့မှ ဝင်ရောက်လျက်ရှိပါတယ်။ ဒေသတွင်းစျေးကွက်များသို့ ဝင်ရောက်ပြီး နယ်အစွဲများရှိတာကြောင့် အရောင်းအဝယ်လည်း သွက်နေတာ တွေ့ရပါတယ်။ ယခုနှစ်တွင် ခရမ်းချဉ်သီးစျေးကျမသွားဘဲ စျေးနှုန်းတန့်နေတာ တွေ့ရပါတယ်။ ကြက်သွန်နီစျေးဟာလည်း အသစ်ပေါ်ချိန်မှာတောင် စျေးမကျဘဲ ဆက်တက်နေတာကြောင့် ခရမ်းချဉ်သီးစျေးကောင်းရနေတာလို့လည်း သိရပါတယ်။ ယခုတစ်ပတ် ခရမ်းချဉ်သီး တစ်ပိဿာစျေးနှုန်းမှာ လက်ကားစျေးကျပ် ၆၅၀၊ လက်လီတစ်ပိဿာလျှင် ကျပ် ၈၀၀ စျေးရှိကြောင်း စျေးကွက်မှ သိရပါတယ်။

ယခင်နှစ်က ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ကျပ် ၂၀၀ ထိသာ ရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ယခင်နှစ်ထက်တစ်ပိဿာပေါ်တွင် ကျပ် ၅၀၀ ကျော် အမြတ်ပိုရနေတာကြောင့် ခရမ်းချဉ်သီးစိုက်တောင်သူတွေ စျေးကောင်းရတဲ့နှစ်လို့ ဆိုနိုင်ပါတယ်။ ဒီဇင်ဘာ တတိယပတ်တွင် ခရမ်းချဉ်သီးစျေးကျပ် ၅၀၀ ထိကျလာတာကြောင့် နောက်တစ်ပတ်မှာ စျေးကျလာနိုင်တယ်လို့ ခန့်မှန်းထားပေမယ့် ဇန်နဝါရီလဆန်းထိ တဖြည်းဖြည်းချင်း စျေးပြန်တက်လာတာ တွေ့ရပါတယ်။

**နီနီဝင်း**

## တတိယအကြိမ်မြောက် KID Wonderland 2018 ကို ပြည်သူ့ရင်ပြင်တွင် ကျင်းပ

တတိယအကြိမ်မြောက် ကလေးအသုံးအဆောင်ပစ္စည်း အရောင်းပြပွဲ (KID Wonderland 2018) ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တွင် ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ကလေးများနှင့် သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများ၊ ပညာရေးကျောင်းများ၊ သင်တန်း များ၊ ဆေးဝါးအာဟာရအစားအစာများ အဝတ်အထည်များ၊ အရုပ်ဆိုင်များနှင့် စာအုပ်ဆိုင်များကို ခင်းကျင်းပြသ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကလေးများ ပျော်ရွှင်စွာ ကစားရန်နှင့် သွက်လက်လှုပ်ရှားစွာ ကခုန်နိုင်ရန် Dancing Floor၊ စူးစမ်းရှာဖွေမှုများပြုနိုင်ရန်အတွက် ဝက်ဘာခန်း၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတရရှိဖွယ် Booth များ၊ အာဟာရတိုက်ကျွေးခြင်းများ၊ အထူးကံစမ်းမဲအစီအစဉ်များနှင့် ငွေဆောင်ခရီးစဉ်ကံထူးရှင်ရွေးချယ်ခြင်းအစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကလေးငယ်များ၏ ပင်ကိုယ်အရည်အသွေး ပိုမိုတောက်ပစေရန်အတွက် Talent Show ပြိုင်ပွဲ၊ စိတ်ကူးစိတ်သန်းကောင်းမွန်စေရန်နှင့် ဖန်တီးမှုအနုပညာ ပိုမိုတိုးတက်လာစေရန်အတွက် Finger Painting Contest ပြိုင်ပွဲ၊ ကလေးငယ်များကြိုက်နှစ်သက်သည့် လူစွမ်းကောင်းပုံစံများ၊ ကာတွန်းဇာတ်လိုက်ကျော်များကဲ့သို့ ဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးယှဉ်ပြိုင်ရမည့် Costume Contest ပြိုင်ပွဲ၊ သားသားမီးမီးများနှင့် ဖေဖေမေမေတို့ပါ အတူကစားနိုင်မည့် Family Shopping Game ပြိုင်ပွဲ၊ မိသားစုဓာတ်ပုံဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မည့် ငွေဆောင်ကမ်းခြေသွားရအောင်ပြိုင်ပွဲ၊ Facebook Profile ပြောင်းရုံနှင့် ဆုငွေ တစ်သိန်းရရှိမည့်ပြိုင်ပွဲနှင့် KID Wonderland 2018 စာသားဖြင့် ဓာတ်ပုံရိုက်ပြိုင်ပွဲဝင်ရမည့် ပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်း သိရသည်။

KID Wonderland ပွဲတော်အတွင်း ကျင်းပမည့် ကစားနည်းများ၊ ယှဉ်ပြိုင်ပွဲများအတွက် နာမည်စာရင်းကြိုပေးသည့် ကလေးငယ်များရှိသလို၊ Sponsorship အနေဖြင့် Nestle Cerelac, Nestle Lactogen 3, Nestle Milo, Nestle Bear Brand, Biogesic for kids, Mo Mo Play နှင့် ပုတက်ဂျာနယ်တို့မှလည်း ပူးပေါင်းကူညီထားကြောင်း သိရသည်။

## (၂)နှစ်အထက် ကလေးများအတွက် အာဟာရဆိုင်ရာဆွေးနွေးပွဲနှင့် အာဟာရမိတ်ဆက်ပွဲကို Nestle Cerelac မှ ကျင်းပ




(၂)နှစ်အထက် ကလေးများအတွက် အာဟာရဆိုင်ရာ ဆွေးနွေးပွဲနှင့် အာဟာရမိတ်ဆက်ပွဲကို Nestle Cerelac မှ ကျင်းပခဲ့သည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ကလေးငယ်များအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် အဆာပြေမုန့် ရွေးချယ်မှုနှင့် မိသားစုထမင်းဝိုင်း၏ အရေးပါပုံများကို အသိပညာပေးလိုသည့်အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"အဆာပြေမုန့်အများစုက ကျန်းမာရေးနဲ့ ညီညွတ်မှုမရှိဘဲ သကြားဓာတ်နဲ့ အငန်ဓာတ်တွေ အလွန်အကျွံသုံးစွဲတာတွေရှိတဲ့အတွက် ကလေးငယ်တွေနဲ့ မသင့်လျော်ပါဘူး။ ရေရှည်မှာ အဝလွန်တာ၊ အရွယ်မတိုင်မီ ဆီးချိုရောဂါဖြစ်တာနဲ့ သွေးတိုးရောဂါတွေ ဖြစ်နိုင်ပါတယ်"ဟု အာဟာရဆိုင်ရာအထူးကု ဒေါက်တာဝင်းဝင်းမြင့်က ပြောသည်။

"ကလေးငယ်တွေက သူတို့ကြိုက်တဲ့အစားအစာဆိုအများကြီးစားတယ်။ အဲ့ဒါကို မိဘက သူတို့စားတယ်ဆိုပြီး ကျွေးလိုက်လို့မရဘူး။ အဲဒီလိုပဲ ကလေးမစားတာကိုလည်း အတင်းကျွေးစရာမလိုဘူး။သူတို့အရွယ်မှာလည်း ငြင်းဆိုတဲ့အချိန်(No Period Time) ဆိုတာရှိတယ်။ သူတို့တွေက အသက်အရွယ်နဲ့လိုက်ပြီး စားတတ်သွားမှာ။ အဲဒါကို မစားလို့ဆိုပြီး သူများနဲ့ယှဉ်ပြောလို့မရဘူး။ အရွယ်မတိုင်ခင်မှာ မသင့်လျော်တဲ့ အစားအစာတွေကို မစားမိဖို့ မိဘတွေက ဂရုတစိုက်စောင့်ကြည့်ရမယ်။ အဲ့ဒီအတွက် ကလေးကိုထိန်းဖို့ဆိုပြီး မိခင်တွေ အလုပ်ထွက်စရာမလိုပါဘူး။ အိမ်ကထိန်းမယ့်သူက သတိထားပြီး စောင့်ရှောက်ရပါမယ်။ ဖခင်တွေကလည်း ဝိုင်းဝန်းကူညီရမယ်။ စိတ်ရှည်ရှည်နဲ့ ဒီကာလကို ဖြတ်ကျော်ကြပါလို့ အကြံပြုပါတယ်" ဟု ၎င်းကပြောသည်။

Nestle Cerelac အနေဖြင့် အာဟာရဆိုင်ရာ ဆွေးနွေးပွဲနှင့်အတူ ကျန်းမာရေးနှင့်ညီညွတ်သည့် ကလေးအဆာပြေမုန့်ဖြစ်သော Nestle Cerelac Nutripuffs (Banana & Strawberry) ပစ္စည်းသစ်ကို မိတ်ဆက်ခဲ့ပြီး ကလေးများအတွက်လိုအပ်သည့် Iron, Vitamin B & Zinc စသည့် သတ္တုဓာတ်များ ပါဝင်အောင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲနှင့် ပစ္စည်းသစ်မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၁၄ ရက်တွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

## မြန်မာနိုင်ငံ၏ ပထမဆုံးသော ညနေခင်း Fitness Party ပွဲ ကျင်းပ

မြန်မာနိုင်ငံ၏ ပထမဆုံးသော Fitness Party ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင် ကွင်းအမှတ် ၁ တွင် ကျင်းပခဲ့သည်။

အဆိုပါပွဲကျင်းပရခြင်းမှာ ရန်ကုန်မြို့အတွင်း နေထိုင်သည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပြုလုပ်နိုင်စေရန်ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေက နေ့စဉ်စီးပွားရှာတဲ့လုပ်ငန်းနဲ့ပဲ လည်ပတ်နေပြီး ကျန်းမာရေးလုပ်ဖို့ကို မေ့နေတတ်ကြပါတယ်။ အဲဒါကြောင့် ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေပြုလုပ်ဖို့ အသိပေးချင်လို့ ဒီပွဲကိုလုပ်ပေးတာပါ။ အခွင့်အရေးရရင်ရသလို အခုလိုပွဲကို ထပ်လုပ်သွားမှာပါ"ဟု ပွဲစီစဉ်သူက ပြောသည်။

အဆိုပါပွဲတော်တွင် အားကစားဝတ်စုံများ၊ အားကစား အသုံး အဆောင်ပစ္စည်းများ၊ အားဆေးများ၊ အားဖြည့်အစားအစာများနှင့် လူအသုံးအဆောင်ပစ္စည်းများကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ပျော်ပွဲရွှင်ပွဲ အစီအစဉ်များသို့ လာရောက်သောပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုစေရန် လေ့ကျင့်ခန်းအစီအစဉ်များ ပြုလုပ်ပေးခြင်း၊ အဆိုတော်များမှ တေးသီချင်းများဖြင့် ဖျော်ဖြေပေးခြင်းနှင့် အခြားသောဖျော်ဖြေရေးအစီအစဉ်များကိုလည်း ကျင်းပပေးခဲ့ကြောင်း သိရသည်။

ချောစု စုစည်းသည်

## သီးနှံအာဟာရဖြည့်နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော ယာရာကုမ္ပဏီ ပြည်တွင်းသို့ ဝင်ရောက်

သီးနှံအာဟာရဖြည့် နည်းပညာကုမ္ပဏီများအတွင်း ကမ္ဘာ့ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် Yara International ASA မြေဩဇာကုမ္ပဏီသည် ပြည်တွင်းသို့ စတင်ဝင်ရောက်လာပြီဖြစ်သည်။

နိုင်ငံတကာ ယာရာ ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ GDP မြင့်မားရေးကို ဦးတည်သလို လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနိုင်ရန်ရည်ရွယ်၍ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အတွက် မြန်မာနိုင်ငံက အလားအလာရှိတဲ့ မိတ်ဆက်နိုင်ငံတစ်ခုဖြစ်ပါတယ်။ ယာရာရဲ့ ဦးတည်ချက်နဲ့ ရည်မှန်းချက်တွေအတိုင်း မြန်မာနိုင်ငံမှာရှိတဲ့ လူတွေရဲ့ဘဝတွေ တိုးတက်လာစေဖို့အတွက် ရည်ရွယ်ပြီး ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံလိုက်တာဖြစ်ပါတယ်။ စိုက်ပျိုးတောင်သူတွေ၊ တာဝန်ရှိသူတွေနဲ့ အမြဲတမ်းရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးကဏ္ဍမှာ ကြီးမားတဲ့အခွင့်အလမ်းသစ်တွေကို လုပ်ဆောင်ပေးနိုင်ဖို့ ကြိုးစားသွားပါမယ်"ဟု ယာရာ၏ CEO Svein Tore Holsether က ပြောသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ GDP ၏သုံးပုံတစ်ပုံ၊ အလုပ်သမားဦးရေ၏ ထက်ဝက်ခန့်နှင့် ပို့ကုန်ပစ္စည်းများ၏ ငါးပုံတစ်ပုံဖြစ်သည့်အတွက် အဆိုပါကဏ္ဍ၏ အောင်မြင်မှုမှာ မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေနိုင်ကြောင်း သိရသည်။

"ယာရာကုမ္ပဏီအနေနဲ့ မြေဩဇာအသုံးပြုပုံနည်းလမ်းကို ပိုမိုကောင်းမွန်လာစေခြင်းဖြင့် အထက်နှုန်းတိုးဖို့ အခွင့်အလမ်းအများကြီးရှိတာကို သိထားပါတယ်။ အဲဒီအတွက် အရည်အသွေးမြင့်ထုတ်ကုန်တွေအပြင် လိုအပ်တဲ့ ကိရိယာတွေ၊ ဝန်ဆောင်မှုတွေနဲ့ ဗဟုသုတမျှဝေပေးမယ့် အစီအစဉ်တွေကိုပါ ဆောင်ရွက်သွားမှာပါ။ ဒေသခံဝန်ထမ်းတွေကိုလည်း အရည်အချင်းပြည့်မီအောင် သင်ကြားပေးနေသလို စိုက်ပျိုးတောင်သူတွေ၊ ဖြန့်ဖြူးရောင်းချသူတွေနဲ့လည်း ပူးပေါင်းလုပ်ဆောင်နေပါတယ်"ဟု ယာရာမြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Havar Valved က ပြောသည်။

ယာရာမြန်မာအနေဖြင့် ပြည်တွင်း၌ သီးနှံစိုက်ပျိုးရေးပညာရှင်များနှင့် ရုံးပိုင်းဆိုင်ရာဝန်ထမ်းများခန့်အပ်ကာ ရုံးခွဲစတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီရှိ စိုက်ပျိုးရေးပညာရှင်များအားလုံးသည် စိုက်ပျိုးရေးကျွမ်းကျင်မှုမွမ်းမံသင်တန်းကို မဖြစ်မနေတက်ရောက်ရမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းမှတစ်ဆင့် ဒေသခံသီးနှံအာဟာရအကြံပေးပညာရှင်များကို မွေးထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

## Jack'n Jill Myanmar နှင့် Fun-O ဘီစကစ်တို့ပူးပေါင်း၍ ကလေးငယ်များအတွက် အခမဲ့ ကူညီစာကျက်ပေးမှုအစီအစဉ် ပြုလုပ်မည်

အခြေခံပညာမူလတန်းနှင့် အလယ်တန်းကလေးငယ်များအတွက် အခမဲ့စာကူညီကျက်ပေးမည့်အစီအစဉ်ကို Jack'n Jill Myanmar နှင့် Fun-O ဘီစကစ်တို့ပူးပေါင်း၍လာမည့်ဖေဖော်ဝါရီလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကျင်းပရခြင်းမှာ မကြာခင်ဖြေဆိုရမည့် စာမေးပွဲကာလအတွက် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ပြီး ပျော်ပွဲရွှင်ပွဲတွင် လာရောက်ကစားသည့် ကလေးငယ်များထဲမှ မဲစနစ်ဖြင့် မဲဖောက်ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုမျိုး ပျော်ပွဲရွှင်ပွဲတွေကို လစဉ်ပြုလုပ်သွားဖို့ရှိပါတယ်။ မကြာခင်ဖြေဆိုရတော့မယ့် စာမေးပွဲကာလအတွက် ပွဲမှာလာကစားတဲ့ ကလေးငယ်တွေထဲကနေ မဲစနစ်နဲ့မဲဖောက်ရွေးပေးပြီး အခမဲ့စာကျက်ဝိုင်းတွေလုပ်ပေးမယ် စာတွေအတူလိုက်ကျက်ပေးမှာပါ။ ဒီလိုလုပ်ရတာကလည်း စားသုံးသူတွေကို တစ်ဖက်တစ်လမ်းက ကျေးဇူးဆပ်တဲ့အနေနဲ့ လုပ်ပေးတာပါ" ဟု Fun-O ဘီစကစ်မှမန်နေဂျာ ကိုချစ်ဦးဇော်က ပြောသည်။

Jack'n Jill Myanmar နှင့် Fun-O ဘီစကစ်တို့ပူးပေါင်း၍ ပြည်တွင်းရှိ မိသားစုများ ပျော်ရွှင်စေရန်အတွက် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင်ကျင်းပခဲ့ပြီး ကလေးငယ်များအတွက် ဆေးရောင်ခြယ်အစီအစဉ်များနှင့် အခြားသောကစားနည်းများကိုလည်း ထည့်သွင်းပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ပျော်ပွဲရွှင်ပွဲများကိုလည်း မန္တလေး၊ တောင်ကြီး စသည့်မြို့များတွင်လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

# အများပြည်သူလမ်းနယ်နိမိတ်ရှိ ယာဉ်အိုဟောင်းများနှင့် မြစ်ချောင်းများရှိ ရေယာဉ်အိုဟောင်းများ ရှင်းလင်းမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူလမ်းနယ်နိမိတ်များရှိ ယာဉ်အိုယာဉ်ဟောင်းများနှင့် မြစ်ချောင်းများရှိ ရေယာဉ်အိုဟောင်းများကို သတ်မှတ်ကာလတွင် ဖယ်ရှား ရှင်းလင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရက သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်များပြားလာသော ယာဉ်များ မောင်းနှင်သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရေးအတွက် ရန်ကုန်တိုင်း ဒေသကြီး အစိုးရမှ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အချို့ယာဉ်အိုယာဉ်ဟောင်း ယာဉ်အပျက်များသည် အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ် အကြောင်းမဲ့ကြာရှည်စွာ ရပ်နားထားခြင်းကြောင့် လမ်းပိတ်ဆို့မှုနှင့် လမ်းဥပဒေရပ်ကို အကျည်းတန်စေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းနယ်နိမိတ်များပေါ် ယာဉ်အိုယာဉ်ဟောင်း ယာဉ်အပျက်များအားလုံး ရပ်နားထားခြင်းကို ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဖယ်ရှားပေးရန်နှင့် ပျက်ကွက်ပါက တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဖယ်ရှားမည့်အပြင် တည်ဆဲဥပဒေများ အရအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများတွင် ကုန်စည်နှင့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသော သွားလာမှုမပြုတော့သည့် ရေယာဉ်ဟောင်းများ၊ အပျက်အစီးများကြောင့် မြစ်ချောင်းများကို အကျည်းတန်စေကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ရေယာဉ်အိုဟောင်းနှင့် ရေယာဉ်ပျက်များအားလုံး ရပ်နားထားခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားဖယ်ရှားပေးရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဖယ်ရှားမည့်အပြင် တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

# The Central အဆင့်မြင့်အိမ်ရာ စီမံကိန်း၏အိမ်ရာပြခန်းကို ရန်ကုန်မြို့၌ဖွင့်လှစ်

နိုင်ငံတကာစီးပွားရေးလုပ်ငန်းစုဖြစ်သည့် Marga Landmark မှ တာဝန်ယူ တည်ဆောက်နေသော The Central အဆင့်မြင့်အိမ်ရာစီမံကိန်း၏ အိမ်ရာပြခန်းကို ဇန်နဝါရီလအတွင်း ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။




The Central အဆင့်မြင့်အိမ်ရာစီမံကိန်းသည် ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်၊ အင်းယားကန်ဘေးတွင်တည်ရှိပြီး ရန်ကုန်မြို့တွင် ပထမဆုံး နိုင်ငံတကာစျေးဝယ်လျှောက်လမ်း၊ လူနေတိုက်ခန်းတာဝါ၊ စျေးဝယ်ကုန်တိုက်နှင့် Grade A အဆင့်ရှိ ရုံးခန်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီပြခန်းကို ဖွင့်လှစ်နိုင်ခြင်းဟာ The Central အတွက် နောက်ထပ်မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းဖြစ်ပါတယ်။ The Central ရဲ့ ခေတ်မီလှပတဲ့ အဆင့်မြင့် လူနေတိုက်ခန်းဒီဇိုင်းတွေကို မည်သူမဆိုလာရောက်ကြည့်ရှုနိုင်မှာဖြစ်သလို ဇန်နဝါရီလအတွင်း ဝယ်ယူအားပေးသူတွေအနေနဲ့ အံ့အားသင့်ဖွယ်အစီအစဉ်တွေကို ခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ အကြီးကျယ်ဆုံး စီမံကိန်းတစ်ခုဖြစ်လာမှာဖြစ်ပါတယ်" ဟု Marga လုပ်ငန်းစု၏ Director Mr.John Barnes က ပြောကြားသည်။

The Central အဆင့်မြင့်အိမ်ရာစီမံကိန်းသည် ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် Myanmar Property Award ဆုပေးပွဲ၌ ဆုခြောက်ခုဆွတ်ခူးခဲ့ကြောင်း သိရသည်။

# ဘဏ္ဍာရေးနှင့် စာရင်းကိုင်အလုပ်အကိုင်အတွက် ဝန်ထမ်းခေါ်ယူမှု များပြားကြောင်း စစ်တမ်းတစ်စောင်ဖော်ပြ

အွန်လိုင်း အလုပ်အကိုင်ရှာဖွေမှုတွင် ဘဏ္ဍာရေးနှင့် စာရင်းကိုင်အလုပ်အကိုင်အမျိုးအစားမှာ ဝန်ထမ်းခေါ်ယူမှု အများဆုံးအလုပ်အကိုင်ဖြစ်ကြောင်း work.com.mm ၏ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ အွန်လိုင်းအလုပ်အကိုင် ရှာဖွေမှုနှစ်ချုပ်အစီရင်ခံစာအရ သိရသည်။

အလုပ်အကိုင် အမျိုးအစားအလိုက် ဝန်ထမ်းခေါ်ယူမှု အများဆုံးကဏ္ဍ၌ ဘဏ္ဍာရေးနှင့် စာရင်းကိုင်အလုပ်အကိုင်အမျိုးအစား၊ အရောင်းပိုင်း အလုပ်အကိုင်အမျိုးအစား၊ စျေးကွက်မြှင့်တင်ရေး အလုပ်အကိုင်အမျိုးအစား၊ အိုင်တီနှင့် ဆော့ဖ်ဝဲရေးသားမှု အလုပ်အကိုင်အမျိုးအစားနှင့် အင်ဂျင်နီယာဘာသာရပ် အလုပ်အကိုင်အမျိုးအစားတို့ ဖြစ်ကြောင်း သိရသည်။

နေရာဒေသအလိုက် အလုပ်အကိုင်ခေါ်ယူမှုတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးနှင့် ပေလီတို့မှာ အလုပ်အကိုင်ခေါ်ယူမှု အများဆုံးဒေသများဖြစ်ပြီး ကျားမအချိုးအစားမှာ ကွာခြားမှုမရှိကြောင်း သိရသည်။

ထို့ပြင် ဝန်ထမ်းခန့်အပ်မှုအများဆုံးလုပ်ငန်းအမျိုးအစားအဖြစ် ကွန်ပျူတာနှင့် အိုင်တီနည်းပညာ၊ ကုန်စည်ဖြန့်ချီရေး၊ ပို့ကုန်သွင်းကုန် အရောင်းအဝယ်၊ ဆက်သွယ်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့ဖြစ်ကြောင်း work.com.mm ၏ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ အွန်လိုင်းအလုပ်အကိုင်ရှာဖွေမှု နှစ်ချုပ်အစီရင်ခံစာအရ သိရသည်။

# အူရီဒူး 4G Plus ကွန်ရက်ကို မြို့နယ် ၂၀၀ တွင် ဖြန့်ကြက်လိုက်ပြီဟု အူရီဒူးမြန်မာဆို

အူရီဒူး 4G Plus ကွန်ရက်ကို မြို့နယ် ၂၀၀ တွင် ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာ၏ စီအီးအို Mr.Vikram Sinha က ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

"အူရီဒူးရဲ့ ဝန်ဆောင်မှုကိုသုံးစွဲသူတွေအတွက် မြန်နှုန်းမြင့်အင်တာနက် နေ့တိုင်းရရှိနိုင်ဖို့ ပြီးခဲ့တဲ့ နိုဝင်ဘာလက ပြောကြားခဲ့ပါတယ်။ ဒီနေ့မှာတော့ မြို့နယ်ပေါင်း ၂၀၀၊ လူဦးရေ ၁၅ သန်းခန့်ကို 4G ကွန်ရက် ဖြန့်ကြက်တိုးချဲ့ပေးနိုင်ခဲ့တာကြောင့် ကျွန်တော်တို့အနေနဲ့ ဝမ်းသာမိပါတယ်။ အခု ၂၀၁၈ ခုနှစ်မှာ မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် အရေးပါလှတဲ့ ဆက်သွယ်ရေးကွန်ရက် ပြောင်းလဲတိုးတက်မှုကို ကျွန်တော်တို့ ကြိုးစားလုပ်ဆောင်နေပါတယ်။ အူရီဒူးဝန်ဆောင်မှုအသုံးပြုသူတွေကို အကောင်းဆုံးသောအင်တာနက်အသုံးပြုခြင်း အတွေ့အကြုံကောင်းတွေနဲ့ အူရီဒူးရဲ့ အင်တာနက်ချိတ်ဆက်မှုနှုန်း ထူးခြားချက်ကို သိရှိစေလိုပါတယ်"ဟု Mr.Vikram Sinha က ပြောကြားသည်။

ထို့ပြင် အူရီဒူးမြန်မာမှ ပိုမို ကောင်းမွန်သော အင်တာနက်ကွန်ရက်ကိုရရှိစေရန်အတွက် 10MHz လှိုင်း နှုန်းစဉ်ဖြင့် 1800MHz ကြိမ်နှုန်းလှိုင်းခွင်ကို ထပ်မံရရှိစေရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ ကို ထပ်မံရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးလိုင်စင်ရရှိပြီးနောက် ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။




# YPS တင်ဒါ အောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်




YBS ဘတ်စ်ကားများနှင့် အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကတ်စနစ်သုံး အီလက်ထရောနစ်စနစ်ဖြစ်ပေါ်လာစေရန် လုပ်ဆောင်မည့် Yangon Payment System အတွက် TYPE A (Turnkey Solution) တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတင်း ထုတ်ပြန်ထားသည်။

Yangon Payment System အတွက် TYPE A တင်ဒါအောင်မြင်သည့်ကုမ္ပဏီအဖြစ် Excel KC Myanmar Co.,Ltd ကို ရွေးချယ်ခဲ့ပြီး အဆိုပါကုမ္ပဏီမှ မြန်မာကျပ်ငွေ ၁၉ ဘီလီယံကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

Excel KC Myanmar Co., Ltd သည် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော အဖွဲ့အစည်းအဖြစ် ၂၀၁၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ တရားဝင်မှတ်ပုံတင်ထားကြောင်း သိရသည်။

Excel KC Myanmar Co., Ltd တွင် မြန်မာနိုင်ငံအခြေစိုက် Excel Myanmar Group နှင့် ထိုင်ဝမ်အခြေစိုက် ACER Incorporated တို့ ပူးပေါင်းထားခြင်းဖြစ်ကြောင်း၊ Excel Myanmar Group အနေဖြင့် နည်းပညာနယ်ပယ်တွင်အတွေ့အကြုံကောင်းများ ရရှိထားကြောင်း၊ ACER သည် ITS (Intelligent Transportation System) လုပ်ငန်းကို ၂၀၀၄ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

Yangon Payment System အတွက် ရွေးချယ်မှုတွင် စိစစ်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာအဖွဲ့၊ နည်းပညာဆိုင်ရာအဖွဲ့ဟူ၍ တိုးမြှင့်ဖွဲ့စည်းကာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါ စိစစ်ရွေးချယ်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

သန်းထိုက်အောင်စုစည်းတင်ပြသည်။



## မြို့ကြီးများ၏ ၂၂-၁-၂၀၁၈ မှ ၂၆-၁-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၂-၁-၂၀၁၈) | အင်္ဂါ(၂၃-၁-၂၀၁၈) | ဗုဒ္ဓဟူး(၂၄-၁-၂၀၁၈) | ကြာသပတေး(၂၅-၁-၂၀၁၈) | သောကြာ(၂၆-၁-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F |
| မန္တလေးမြို့ | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| မြစ်ကြီးနား | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | ၁၀% ၇°C/၄၄°F | တိမ်အသင့်အတင့် -၀.၅°C/၃၁°F | နေသာ ၂°C/၃၅°F | နေသာ ၇°C/၄၅°F | တိမ်အသင့်အတင့် ၁၀°C/၅၀°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| ဘားအံ | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F |
| တောင်ငူ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| မုံရွာ | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| မြိတ် | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၆၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F |
| မကွေး | နေသာ ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| ဖလမ်း | နေသာ ၁၉°C/၆၇°F | နေသာ ၂၀°C/၆၈°F | နေသာ ၂၁°C/၆၉°F | နေသာ ၁၉°C/၆၇°F | နေသာ ၁၉°C/၆၆°F |

## ၂၀၁၇ ခုနှစ်သည် အယ်လ်နီညိုကြောင့် မဟုတ်ဘဲ အပူချိန် စံချိန်တင် မြင့်တက်သောနှစ်ဖြစ်

၂၀၁၇ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့သော်လည်း ယင်းသို့ ဖြစ်ခဲ့ခြင်းမှာ ကမ္ဘာ့အပူချိန်ကိုမြင့်တက်အောင် အထောက်အကူပေးလေ့ရှိသည့် အယ်လ်နီညို ရာသီဥတုပုံစံ၏ အကျိုးသက်ရောက်မှုကြောင့် မဟုတ်ကြောင်း သိပ္ပံပညာ ရှင်များက ပြောသည်။

အားလုံးခြုံကြည့်မည်ဆိုပါက ၂၀၁၇ ခုနှစ်သည် အပူချိန်အမြင့်ဆုံးနှစ်များအဖြစ် စံချိန်တင်ခဲ့သော သုံးနှစ်အနက် တစ်နှစ်အဖြစ်ပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာ လေ့လာဆန်းစစ်ရေးဌာန အသီးသီးမှ ရရှိထားသော ကိန်းဂဏန်းများက ပြသလျက် ရှိသည်။

၂၀၁၇ ခုနှစ်ကရောက်ရှိခဲ့သော အပူချိန်များထက် ၂၀၁၆ ခုနှစ်ကရောက်ရှိခဲ့သော အပူချိန်တစ်ခုတည်းက ပိုမိုခဲ့သည်ကို လေ့လာဆန်းစစ်ချက်အများစုတွင်တွေ့ရပြီး အချို့သော လေ့လာချက်များတွင်မူ ၂၀၁၅ ခုနှစ် အပူချိန်က ၂၀၁၇ ခုနှစ်ထက် ပိုမိုနေသည်ကို တွေ့ရသည်။

၂၀၁၆ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် အယ်လ်နီညို၏ ထူးခြားသောသွင်ပြင် လက္ခဏာကို တွေ့ရသည်။ ထိုနှစ်များတွင် ပစိဖိတ်သမုဒ္ဒရာတွင်ရှိသော သဘာဝသွင်ပြင်လက္ခဏာအရ လူသားတို့ တွေ့ထိခံစားရသောအပူချိန်မှာ အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ အတွင်း အပူချိန်မြင့်တက်ရသည့် အဓိကအကြောင်းရင်းမှာ ရုပ်ကြွင်းလောင်စာအသုံးပြုမှုကဲ့သို့သော လူသားတို့၏ လုပ်ရပ်များကြောင့်ဖြစ်ကြောင်း သိပ္ပံပညာရှင်တို့က ပြောသည်။

"၂၀၁၇ ခုနှစ်အတွက် စုစည်းရရှိတဲ့ ကမ္ဘာ့အပူချိန်ကိန်းဂဏန်းတွေက ကမ္ဘာ့တစ်ဝန်းရှိအခြားသောလေ့လာရေးဌာနများမှ ကိန်းဂဏန်းများနှင့် ကိုက်ညီနေပြီး ၂၀၁၇ ခုနှစ်က ကမ္ဘာ့အပူချိန်အမြင့်ဆုံးနှစ်တွေထဲမှာ ပါဝင်နေပါတယ်။ အယ်လ်နီညိုရဲ့ အကျိုးသက်ရောက်မှုမပါဘဲ ၁၈၅၀ ပြည့်နှစ်နောက်ပိုင်း အပူချိန် အမြင့်ဆုံးနှစ်ဖြစ်တယ်ဆိုတာကိုပြသနေပါတယ်"ဟု ဟတ်ဒလေစင်တာ မိုးလေဝသရုံးမှ ဒေါက်တာကောလင်းမောရစ်က ပြောသည်။

**ဉာဏ်တင်**

## နယူးဒေလီတွင် အအေးလှိုင်းပြင်းထန်မှုကြောင့် ရထားခရီးစဉ် ၃၉ ခုနောက်ကျ၊ ၁၅ ခု ဖျက်သိမ်း



နယူးဒေလီတွင် အအေးလှိုင်း အဆက်မပြတ်ဖြစ်ပေါ်နေမှုကြောင့် ဆီးနှင်းများထူထပ်ကာ မြင်ကွင်းမကောင်းသည့်အတွက် ဇန်နဝါရီ ၁၈ ရက်က ရထားခရီးစဉ် ၃၉ ခုနောက်ကျ၊ ၁၅ ခု ဖျက်သိမ်းပြီး ၁၁ ခု အချိန်ဇယားပြန်ပြင်ပေးခဲ့ရသည်။

မိုးလေဝသဌာန၏ အဆိုအရ အမြင့်ဆုံးအပူချိန်မှာ ၂၅ ဒီဂရီဆယ်လ်စီးယပ်ဖြစ်ပြီး ငါးဒီဂရီကျဆင်းခဲ့ကြောင်း သိရသည်။ ထို့အပြင် နေ့အချိန်မှာပင် ဆီးနှင်းများ သည်းထန်စွာကျဆင်းနေသည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းဒေသများတွင် အအေးဓာတ်လွန်ကဲကာ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသများတွင် ဆီးနှင်းများကျဆင်းလျက်ရှိပြီး ဟီမာချာပရာဒက်ရှ်ရှိဒေသ အများအပြားတွင် အာတိတ်ဒေသအခြေအနေမျိုး ဖြစ်ပေါ်နေသည်။

မြို့တော်နယူးဒေလီတွင် အနိမ့်ဆုံးအပူချိန်မှာ ၅ ဒသမ ၆ ဒီဂရီဆယ်လ်စီးယပ်အထိရှိနေပြီး ပျမ်းမျှအပူချိန်အောက် နှစ်မှတ်ကျဆင်းနေသည်။ နံနက်ပိုင်းအချိန်များတွင် ဆီးနှင်းများ ကျဆင်းသည့်အတွက် မြို့ပေါ်နေရာအတော်များများ တွင် မြင်ကွင်းများ မှုန်ဝါးလျက်ရှိသည်။

ကက်ရှ်မီးယားနှင့် လာဒက်ဒေသတို့၏ ကောင်းကင်ယံတွင် တိမ်ထူထပ်နေသည့်အတွက် အပူချိန်မှာအနည်းငယ်သာ မြင့်တက်ပြီး ဆရီနာဂါ အပါအဝင် နေရာဒေသအတော်များများတွင် ရေခဲမှတ်အောက်သို့ ရောက်ရှိနေသည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ်၏ နွေရာသီ အပန်းဖြေ မြို့ဖြစ်သော ဆရီနာဂါဒေသ၏အအေးဓာတ်မှာ အနုတ် နှစ်ဒီဂရီဆယ်လ်ဆီးယပ်အထိ ရောက်ရှိနေပြီး ဂူလ်မတ်တွင် အနုတ် ခုနစ်ဒီဂရီဆယ်လ်ဆီးယပ်နှင့် ဂါဇီဂန်းဒေသတွင် အပူချိန်သုည ဒသမ ၄ ဒီဂရီဆယ်လ်ဆီးယပ်ရှိသည်။

ဟီမာချာပရာဒက်ရှ်ဒေသရှိ နေရာအတော်များများတွင် ပြင်းထန်သော အအေးလှိုင်းများ ဆက်တိုက်ဖြစ်ပေါ်နေ ပြီး အနိမ့်ဆုံးနှင့် အမြင့်ဆုံး အပူချိန်ကွာခြားချက်မှာ အနည်းငယ်မျှသာရှိသည်။

**ဉာဏ်တင်**

Vol: 18, No.4 Monday January 22 2018

# ပြည်ခရိုင် တောင်လုံးညိုကျေးရွာမှ ကျေးရွာနေပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်မြို့နယ်တာဝန်ခံတို့သည် ဇန်နဝါရီလ ၁ ရက်က ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စု၊ တောင်လုံးညိုကျေးရွာရှိ အ. မ. က (တောင်လုံးညို) ကျောင်းသားစုံညီပွဲတော်သို့ သွားရောက်ကာ ကျေးရွာနေပြည်သူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ အပါအဝင် စုစုပေါင်း ၂၉၅ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲတွင် ပြည်မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူများ ရရှိမည့်အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း၊ နစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက မှန်ကန်စွာဖြေရှင်းနိုင်ရန် ပြည့်စုံသော အချက်အလက်များဖြင့် တိုင်ကြားရမှာဖြစ်သည့်အတွက် မိမိတို့ဝယ်ယူအသုံးပြုသော ကုန်စည်ဝန်ဆောင်မှုနှင့်ပတ်သက်သည့် ပြေစာများအား စနစ်တကျ သိမ်းဆည်းထားကြရန် လိုအပ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည့်အတွက် စားသုံးသူများမှ ပူးပေါင်းပါဝင် အလေးထားလိုက်နာဆောင်ရွက်မှသာ အောင်မြင်မှုရရှိမှာဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းလဲ့ဝါက တားမြစ်ထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်များအကြောင်း၊ ဓာတုဆိုးဆေးအန္တရာယ်အကြောင်း၊ ရက်လွန်အစားအစာများအကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်ရန် ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်သည့်လိပ်စာ၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ဆုံးရက်စွဲ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက်အမှတ်၊ ပါဝင်ပစ္စည်းဖော်ပြမှု အစရှိသည့် အချက်များအား သေချာစွာကြည့်ရှုဝယ်ယူ စားသုံးနိုင်ရေးတို့ကို အသိပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

# ဟသ်ာတခရိုင် ကြံခင်းမြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီလ ၁၇ ရက်နံနက်ပိုင်းတွင် ဟသ်ာတခရိုင် ကြံခင်းမြို့နယ် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃၂) အကြီးစားဘိလပ်မြေစက်ရုံနှင့် နေ့လယ်ပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင်လည်းကောင်း စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က စားသုံးအကာအကွယ်ပေးရေးလုပ်ဆောင်ရန် လိုအပ်သည့်အကြောင်း၊ ဆိုးဆေးအန္တရာယ်နှင့် မှိုဆိပ်အန္တရာယ်၊ စားသုံးသူများ၏ အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း၊ ဒုတိယဦးစီးမှူး ဦးမြင့်ကြိုင်က CICC စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဆောင်ရွက်နေမှု၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယခရိုင်ဦးစီးမှူး ဦးစောကေးလက်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အတွက် တားမြစ်ချက်များ၊ တာဝန်များနှင့် ကုန်စည်များကြော်ငြာရာတွင် လိုက်နာရမည့်အချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများမှ သိလိုသည်များ မေးမြန်းမှုကို ခရိုင်ဦးစီးမှူးမှ ပြန်လည်ရှင်းလင်းခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ အစည်း အဝေးခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပခဲ့ရာခရိုင်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာန များ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ် ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ဇန်နဝါရီလတွင်ဆောင်ရွက်မည့်လျာ ထားချက်အစီအမံများ၊ လစဉ်ကွင်းဆင်းစစ်ဆေးမှုများတွင် သက်ဆိုင်ရာဌာနများက ဦးဆောင်၍ မိတ်ဖက်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်စီမံဆောင်ရွက်ပေးရန်တို့ကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက မြို့နယ်အလိုက် ကွင်းဆင်းစစ်ဆေးရာတွင် အားနည်းချက်မရှိစေရန်၊ သိမ်းဆည်းကုန်စည်များအား မီးရှို့ဖျက်စီးရာတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရရှိမှသာ ဆောင်ရွက်သွားရန်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ဆေးဝါးအရောင်းဆိုင်များ အားတစ်လတစ်ကြိမ် ကွင်းဆင်းစစ်ဆေးရန်၊ စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားချက်အရ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်စသည်ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် ကန်ဒေါင့်ကျေးရွာတွင် ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အမျိုးသမီးအိမ်တွင်း သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ဇန်နဝါရီ ၁၇ ရက်တွင် ပုလဲမြို့နယ်ကန်ဒေါင့်ကျေးရွာရှိ ကုန်မျိုးစုံဆိုင် ၁၀ ဆိုင်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြော်ငြာထားသည်များအား ရောင်းချခြင်းရှိ/မရှိ၊ သက်တမ်းလွန်စံချိန်မမီ ကုန်ပစ္စည်းများရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ FDA ခွင့်မပြုအရောင်ဆိုးဆေးပါနိုင်းအမှတ် တံဆိပ်၊ သိန်းကမ္ဘာအမှတ်တံဆိပ်ဖြင့် ငရုတ်သီး၊ အရောင်တင်မှုန့်များ၊ သက်တမ်းလွန်ဖျော်ရည်ဗူးများတွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး ဆက်လက်ရောင်းချခြင်းမပြုရန် ဆိုင်ရှင်များအား ကတိဝန်ခံလက်မှတ် ရေးထိုးစေပြီး မှတ်တမ်းရယူခြင်း၊ စာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။

အလားတူ ညနေပိုင်းတွင် ပုလဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ဌာန၏လုပ်ငန်းဆောင်ရွက်မှုများ သိရှိနိုင်ရန် Commerce ဂျာနယ်နှင့် ပညာပေးလက်ကမ်းစာစောင်များအား အမျိုးသမီးအိမ်တွင်းသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့ (မြင်းမူ)**

# ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမ (၂)တွင် ဇန်နဝါရီ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင် ၁၂ ဦးနှင့် ဖိတ်ကြား၍ တက်ရောက်လာသူ သုံးဦး၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်း ငါးဦး အပါအဝင် စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှုအဖွဲ့ အတွင်းရေးမှူးမှ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ အထက်ဌာနများ၏ လမ်းညွှန်ချက်ပါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှတားမြစ်ထားသော အစားအသောက် ၄၀ မျိုးအား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အဖွဲ့များမှလည်း မိမိတို့ဆောင်ရွက်နေသည့် စားသုံးသူရေးရာကိစ္စရပ်များအား အသီးသီးတင်ပြ ဆွေးနွေးကြပါသည်။

ထို့နောက် ဥက္ကဋ္ဌမှ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အနေဖြင့် စားသုံးသူများနစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် အဖွဲ့ဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

# ပုသိမ်မြို့ ကင်မလင်းကျွန်းစက်မှုဇုန်ရှိ Dong Long အထည်ချုပ်စက်ရုံတွင် စားသုံးသူအသိပညာပေးဟောပြောပွဲ ကျင်းပ

ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဦးသိန်းနိုင်နှင့် ဝန်ထမ်းများသည် ကင်မလင်းကျွန်းစက်မှုဇုန်ရှိ Dong Long အထည်ချုပ်စက်ရုံ အစည်းအဝေးခန်းမတွင် စက်ရုံရှိဝန်ထမ်းများအား ဇန်နဝါရီ ၁၅ ရက်က စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေရည်မှန်းချက်၊ မျှော်မှန်းချက်၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားစာ လက်ခံဆောင်ရွက်ရေးစင်တာ ဖွင့်လှစ်ထားရှိမှု၊ စားသုံးသူအကာအကွယ်ပေးရေးအသင်း ရပ်ကွက်၊ ဈေးနှင့် ကျောင်း စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတတို့ကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးရန်မသင့်သော စားသောက်ကုန်များ၊ ဆိုးဆေးပါဝင်သော အစားအစာများ၊ FDAမှ တားမြစ်ကုန်စည်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသောက်ကုန်နှင့် အလှကုန်များ၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များ၊ ဥပဒေဆိုင်ရာ စာစောင်များ၊ အသိပညာပေး သတင်းစာဂျာနယ်ပါ သတင်းဆောင်းပါးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။

**စောမိုက်ကယ်(ပုသိမ်)**

## စာမျက်နှာ (၂၁) ➢➢➢ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ • • • • • • • မှအဆက်

ပြည်တွင်းပဲစားသုံးမှု အလေ့အထကောင်းများတိုးမြှင့်ရန် ရည်ရွယ်၍ ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ပွဲအခမ်းအနားများနှင့် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့၏အာဟာရဓာတ်ပါဝင်မှု၊ အထောက်အကူပြု ချက်ပြုတ်နည်းစနစ်များ ပြန့်ပွားစေရန်ရည်ရွယ်၍ကျင်းပဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပဲစားသုံးမှု အလေ့အထကောင်းများတိုးမြှင့်ရန်ရည်ရွယ်၍ ပဲစားသုံးမှုမြှင့်တင်ပွဲအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့၏ပူးပေါင်းစီစဉ်မှု၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

**စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံချိန်စံညွှန်း နည်းပညာဆပ်ကော်မတီ၏ ဆောင်ရွက်နိုင်မှုအခြေအနေ**

မြန်မာ့ဆန်နှင့် ပဲမျိုးစုံစံချိန်စံညွှန်း (မူကြမ်း)အား အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာတို့၏ စံချိန်စံညွှန်းရေးဆွဲရာတွင် လုပ်ငန်းစဉ်များအား ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Working Group ဖွဲ့စည်းဆောင်ရွက်ခြင်း၊ မြန်မာစံချိန်စံညွှန်းများ စဉ်ဆက်မပြတ်ချမှတ်အကောင်အထည်ဖော်၍ အတည်ပြုနိုင်ရေးအတွက် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီအနေဖြင့် ဦးစားပေးထွက်ရှိရန် လိုအပ်သော အဆိုပြုစံချိန်စံညွှန်း ၁၀ ခုအား ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ပေးပို့ထားခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တည်ထောင်ဆောင်ရွက်မည့် တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (National Metrology Institute)မှာ ပါဝင်မည့်ဆန်စပါးစိုထိုင်းဆတိုင်းတာခြင်း၊ ဓာတ်ခွဲခန်းဆောင်ရွက်ရန် ISO ၏ ဆန်အပါအဝင်နှံစားသီးနှံများနှင့် ယင်းထုတ်ကုန်များ တိုင်းတာသည့် စံနည်းစဉ် (Referene Method) ဖြစ်သည့် ISO 712: 2009 (E) ကို မြန်မာနိုင်ငံစံချိန်စံညွှန်းအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက်လည်းကောင်း၊ သီးနှံများဖြစ်သော ထောပတ်သီး၊ ငှက်ပျောသီး၊ ကျွဲကောသီးနှင့် ဝဥ တို့အားလည်းကောင်း သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ အဆိုပြုစံချိန်စံညွှန်းများ ပေးပို့ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သီးနှံရှစ်မျိုးကို မြန်မာ စံချိန်စံညွှန်းရေးဆွဲရာတွင် လုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ရန်အတွက် လုပ်ငန်းအဖွဲ့ (Working Group) နှစ်ခုဖွဲ့စည်း၍ UMFCCI သို့လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံမြေဌာနသို့လည်းကောင်း ကိုယ်စားလှယ်အမည်စာရင်းများ တောင်းခံခဲ့ပြီး ကော်ဖီ၊ ဝဥ၊ ထောပတ်သီး၊ ဖရဲ၊ သခွားမွှေး၊ သရက်၊ ကျွဲကော၊ ငှက်ပျောလုပ်ငန်းအဖွဲ့ဟူ၍ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ အစည်းအဝေးတွင် မြေပဲစံချိန်စံညွှန်းအား အများပြည်သူသဘောထားမှတ်ချက် တောင်းခံနိုင်ရေးအတွက် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနသို့လည်းကောင်း၊ မြန်မာနှမ်းစံချိန်စံညွှန်းအား မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းသို့ သဘောထားမှတ်ချက်များ တောင်းခံထားပြီးဖြစ်ပါတယ်။ ဖရဲသီးစံချိန်စံညွှန်းနှင့် ထောပတ်သီး စံချိန်စံညွှန်းများအား အတည်ပြုနိုင်ရေးအတွက် နည်းပညာဆပ်ကော်မတီသို့ သဘောထားမှတ်ချက် တောင်းခံလျက်ရှိပါတယ်။

**ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ်နောက်ကြောင်းပြန် ခြေရာခံစနစ်တည်ထောင်နိုင်ရန် ဆောင်ရွက်ခြင်း**

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃ ရက်တွင် ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (DRI)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန (DOCA)၊ JICA နှင့် Kett Electric Laboratory တို့မှ ဆွေးနွေးမှုမှတ်တမ်း Minutes of Meeting - MOM ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

**ရော်ဘာဓါတ်ခွဲခန်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း**

စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်း (MRPPA) တို့အကြား သဘာဝရော်ဘာအရည်အသွေး ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်း၊ အရည်အသွေး ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ရယူခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျ တာဝန်ခွဲဝေ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နားလည်မှုမှတ်တမ်းလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ပသို့တင်ပို့သည့် မြန်မာ့သဘာဝရော်ဘာများအား ပို့ကုန်သွင်းကုန် ဥပဒေအခန်း (၃) ပုဒ်မ (၄) အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ ပို့ကုန်သွင်းကုန်၏ ပစ္စည်းအမျိုးအမည်နှင့် အဆင့်အတန်းများ သတ်မှတ်ရာတွင် ပြည်ပတင်ပို့သည့် မြန်မာ့သဘာဝ ရော်ဘာများ၏ စံအရည်အသွေးသတ်မှတ်ချက် (MSR 5, MSR 10, MSR 20) များကို သတ်မှတ်သည့် အမိန့်စာ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ အမျိုးသားစံချိန်စံညွှန်း ကော်မတီ၏ အတည်ပြုချက်ဖြင့် မြန်မာ့ရော်ဘာစံအရည်အသွေးသတ်မှတ်ချက် (Myanmar Specified Rubber)ဟု သတ်မှတ်သည့်အမိန့်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် အမိန့်ကြော်ငြာစာ (၆၂/ ၂၀၁၇)ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာ့သဘာဝရော်ဘာ အရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်းအား အပြည်ပြည်ဆိုင်ရာ ဓာတ်ခွဲခန်းအဖြစ် အသိအမှတ်ပြုရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**အီးယူသို့ Bean Sprouting အတွက်မြန်မာပဲများတင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း**

အီးယူသို့ ပဲပင်ပေါက် (Bean Sprouting)ဖောက်ရန် မြန်မာပဲများ တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ပဲရာသီတွင် ကုမ္ပဏီခုနစ်ခုအား Processer စစ်ဆေးပေးခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ကုမ္ပဏီခြောက်ခုမှ ပဲတန်ချိန် စုစုပေါင်း ၁၀၆၈၄ ဒသမ ဝ၇၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။




**Laboratory Network ထူထောင်ခြင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း**

ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၏ PTB (ဂျာမနီ) အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Laboratory Network အဖွဲ့တွင် CTQM အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဓါတ်ခွဲခန်း အရည်အသွေးမြှင့်တင်ရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အဆိုပါဌာနမှဖွင့်လှစ်သော ဓာတ်ခွဲခန်းနှင့်ပတ်သက်သော သင်တန်းများတွင် စေလွှတ်တက်ရောက်စေခဲ့သည့်အပြင် Laboratory Network နှင့် ပတ်သက်၍ ဦးစီးဆောင်ရွက်ဆုံးဖြတ် ပေးနိုင်မည့်အဖွဲ့ (Steering Board of the Laboratory Network) တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ Lab Network Steering ကော်မတီဝင်များပါဝင်သော ဓာတ်ခွဲခန်းဆပ်ကော်မတီတစ်ရပ်ကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီအောက်တွင် ဖွဲ့စည်းနိုင်ရေးအတွက် ပုဂ္ဂလိကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် Lab Network အစည်းအဝေးကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးမှ ဓာတ်ခွဲခန်းများအား Capacity Building ပူးပေါင်းဆောင်ရွက်ရန်နှင့် ဓာတ်ခွဲခန်းအလိုက် Project Proposal များ ရေးဆွဲတင်ပြရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဓာတ်ခွဲခန်း ၁၀ ခုမှ သင်တန်းပို့ချခြင်း၊ Calibration ပြုလုပ်ခြင်း၊ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်း၊ ဓာတ်ခွဲခန်းသုံးဓာတုဗေဒပစ္စည်းများ ဖြည့်ဆည်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တင်ပြ တောင်းခံလာသည့် လိုအပ်သောငွေကြေးပမာဏများအား စီးပွားရေးရာကော်မတီနှင့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်ရေးအတွက် အပင်၊ တိရစ္ဆာန်သန့်ရှင်းရေးနှင့် ရောဂါဘယကင်းရှင်းရေးဆိုင်ရာ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်မှုစီမံချက် အသေးစိတ်နှင့်အတူ ဝန်ကြီးရုံးသို့တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

**ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးနှင့် နည်းပညာအကူအညီရရှိရေး စီမံကိန်း အဆိုပြုလွှာများပြုစုပေးပို့ခြင်း**

စားသုံးသူရေးရာဦးစီးဌာန၏ အဓိကတာဝန်ဖြစ်သည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးစီမံခန့်ခွဲမှုနှင့် စားသောက်ကုန်များဓါတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းစဉ်မှာ အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM) အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။ ဓါတ်ခွဲခန်းများအဆင့်မြှင့်တင်နိုင်ရေးအတွက် အာဆီယံ-တရုတ်ဗဟိုဌာန(ASEAN- China Centre- ACC) သို့ Upgrading the role and capacity of laboratories in Commodity Testing and Quality Management Center (CTQM) အဆိုပြု စီမံကိန်းအားလည်းကောင်း၊ ADB မှ ကူညီထောက်ပံ့မည့် SASEC Operational Plan 2016-2025 တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Promoting laboratory testing capacity of Commodity Testing and Quality Management Center အဆိုပြု စီမံကိန်းအားလည်းကောင်း ပြုစုတင်ပြခဲ့ပါတယ်။ ဂျပန်နိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ အောက်မှ နည်းပညာအကူအညီ (Technical Assistance)နှင့် အကူအညီ (Grant) တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများအဖြစ် စားသုံးသူ အကာအကွယ်ပေးရေးအတွက် စားသောက်ကုန်ဓာတ်ခွဲခန်းသစ် ထူထောင်ရေးစီမံကိန်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများအဆင့်မြှင့်တင်ရေးစီမံကိန်း၊ အရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးစီမံကိန်း၊ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်းအား ISO 17025 ရရှိရေးစီမံကိန်း၊ အရည်အသွေးစီမံခန့်ခွဲမှု၊ အစားအစာလုံခြုံမှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးတို့အတွက် သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချနိုင်ရေး စီမံကိန်း၊ သင်တန်းများ ဖွင့်လှစ်သင်ကြားရာတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများ ထူထောင်ရေးစီမံကိန်းစတဲ့ အဆိုပြုစီမံကိန်း (၆) မျိုးကို ပြုစုတောင်းခံထားပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

## ထားဝယ်ခရိုင် ထားဝယ်မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့တွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဇန်နဝါရီလ ၁၆ ရက်တွင် အ. မ. က ဝဲကျွန်းဘီနှင့် ကျွန်းမွှေးကျောင်းများတွင် လည်းကောင်း၊ ဇန်နဝါ ရီလ ၁၇ ရက်တွင် အ. မ. က ထိန်းဟောင်းနှင့် အိမ်ရှေ့ပြင်ကျောင်းများတွင်လည်းကောင်း၊ ဇန်နဝါရီလ ၁၈ ရက်တွင် အ. မက ကရပ်ပြင်နှင့် ကျောက်မော်ကျောင်းများတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၀၇ ဦး တက်ရောက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# အင်ဒိုနီးရှားနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်

# wipg(arqk vkkxukenj;[ b0ef;nBm;rsm;

၂၀၁၆ ခုနှစ် စာရင်းဇယားများအရ အင်ဒိုနီးရှားနိုင်ငံဟာ လူဦးရေသန်း၂၆၀ ကျော်ရှိပြီး အာဆီယံဒေသတွင်းမှာ လူဦးရေအရ ဈေးကွက်အရွယ်အစား အကြီးမားဆုံးနိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံရဲ့ ပြည်ပပို့ကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၄၀ ဘီလီယံကနေ ၂၂၄ ဘီလီယံအတွင်းရှိပြီး သွင်းကုန်တင်သွင်းမှုမှာ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၂ ဘီလီယံရှိခဲ့ပါတယ်။ ကမ္ဘာမှာ သွင်းကုန်တင်သွင်းမှုအများဆုံးနိုင်ငံများအနက် ၂၇ နိုင်ငံမြောက် တင်သွင်းမှုအများဆုံး နိုင်ငံဖြစ်တယ်လို့လည်း သိရပါတယ်။ ယခုတစ်ပတ်မှာတော့ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် တင်သွင်းမှုအတွက် အင်ဒိုနီးရှားနိုင်ငံက သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းနှင့်စံချိန်စံညွှန်းများကို လက်လှမ်းမီသမျှ ရေးသားတင်ပြသွားမှာ ဖြစ်ပါတယ်။



| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

အင်ဒိုနီးရှားနိုင်ငံရဲ့ စားသောက်ကုန်ဥပဒေ ၁၈/၂၀၁၂ ဟာ စားသောက်ကုန်အမျိုးအစားအားလုံးအတွက် ဥပဒေစည်းမျဉ်း စည်းကမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ ဥပဒေအရ စားသောက်ကုန် ပြည်တွင်းထုတ်လုပ်မှု မလုံလောက်တဲ့အခါမှာ ပြည်ပကနေဝယ်ယူတင်သွင်းမှုကို ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ စားသောက်ကုန်တင်သွင်းတဲ့အခါမှာ ပြည်တွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လယ်ယာသားငါးစိုက်ပျိုးထုတ်လုပ်သူတွေရဲ့ အကျိုးစီးပွားနဲ့ စားသောက်ကုန်စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်မှုမရှိစေရေး စားသောက်ကုန်တင်သွင်းမှုဆိုင်ရာ မူဝါဒတွေနဲ့ ထိန်းကျောင်းဆောင်ရွက်တာ ဖြစ်ပါတယ်။

## အစားအစာဖြည့်စွက်ပစ္စည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

အစားအစာဖြည့်စွက်ပစ္စည်းထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် အင်ဒိုနီးရှားနိုင်ငံ၊ အစားအသောက်နှင့် ဆေးဝါးထိန်းချုပ်ရေးအမျိုးသား အေဂျင်စီထံမှ ဖြန့်ဖြူးရေးလိုင်စင်ရရှိရန် လိုအပ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ အစားအစာဖြည့်စွက် ပစ္စည်းအုပ်စု ၂၇ ခုရှိပြီး အုပ်စုတစ်ခုချင်းအလိုက် အစားအစာဖြည့်စွက်ပစ္စည်းအမျိုးအစား အမျိုးမျိုးရှိကြပါတယ်။ အဆိုပါအင်ဒိုနီး ရှား အစားအသောက်နှင့်ဆေးဝါးထိန်းချုပ်ရေး အမျိုးသားအေဂျင်စီဟာ အစားအစာဖြည့်စွက်ပစ္စည်း အများဆုံးအသုံးပြုနိုင်မှုကန့်သတ်ချက် (Maximum limits) ကိုလည်း သတ်မှတ်ပေးပါတယ်။ ဥပမာအားဖြင့် Sweeteners အတွက် အသုံးပြုနိုင်မည့် အစားအစာ ဖြည့်စွက်ပစ္စည်းအမျိုးအစားများနဲ့အများဆုံးအသုံးပြုနိုင်မှုကန့်သတ်ချက်ကို ၎င်းအေဂျင်စီရဲ့ စည်းမျဉ်းအမှတ် ၄/၂၀၁၄ မှာ ပြဋ္ဌာန်းထားပြီး Flavours အတွက် အလားတူသတ်မှတ်ချက်ကိုတော့ စည်းမျဉ်းအမှတ် ၂၂/၂၀၁၆ မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ တိရစ္ဆာန်ကနေ ထုတ်လုပ်တဲ့ အစားအစာဖြည့်စွက်ပစ္စည်း ဖြစ်ခဲ့ရင်တော့ 'ဟာလာ' ဖြစ်ကြောင်း ကိုက်ညီမှုသက်သေခံလက်မှတ်ပါရှိရန်လိုအပ်မှာဖြစ်ပြီးတော့ အဆိုပါလက်မှတ်ကို ကုန်ပစ္စည်းရဲ့ ပင်ရင်းနိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်ထံမှထုတ်ပေးရမှာ ဖြစ်ပါတယ်။

## ပိုးသတ်ဆေးဓာတ်ကြွင်းနှင့်မသန့်သောပစ္စည်းများပါဝင်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ

လတ်ဆတ်သော လယ်ယာထွက်ကုန်သီးနှံတွေအတွက် ပိုးသတ်ဆေးနှင့် အခြားဓာတ်ကြွင်းများပါဝင်မှု ကန့်သတ်ချက်ကိုတော့ ဥပဒေအမှတ် ၁၈/၂၀၁၂ (Food Law) ပါ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် အရည်အသွေးပိုင်းဆိုင်ရာ အခန်းမှာ ပြဋ္ဌာန်းထားပါတယ်။ အစားအသောက်တွေရဲ့ ဘေးကင်းလုံခြုံမှု၊ အရည်အသွေးနဲ့ အာဟာရပြည့်ဝမှုအပိုင်းကို လတ်ဆတ်သော စားသောက်ကုန်ထုတ်လုပ်မှု နည်းလမ်းကောင်းများဖြင့် သတ်မှတ်ဆောင်ရွက်ပါတယ်။ ရေထွက်ကုန်တွေအတွက်ကိုတော့ Good Aquaculture Practices တွေ သတ်မှတ်ထားပြီး ပိုးသတ်ဆေး၊ ဓာတုဓာတ်ကြွင်းနဲ့ အခြားထိခိုက်စေနိုင်သော ဓာတ်ကြွင်းများ၊ ကူးစက်ရောဂါများ မပါဝင်စေရန် ထိန်းချုပ်ထားပါတယ်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံ၊ ပဲ စတဲ့ အပင်ထွက် စားသောက်ကုန်တွေအတွက်ကိုတော့ အင်ဒိုနီးရှားနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက Maximum Residue Limits (MRLs) တွေသတ်မှတ်ပြီး ဆောင်ရွက်ပါတယ်။ ဆင့်တက်ပြုပြင်ထုတ်လုပ်သော စားသောက်ကုန်များ (Processed Foods) တွင် အဏုဇီဝပစ္စည်းပါဝင်မှုအတွက် စည်းမျဉ်းအမှတ် ၁၆/၂၀၁၆ နဲ့ အဏုဇီဝပစ္စည်းဆိုင်ရာ စံနှုန်းများကို သတ်မှတ်ထားပါတယ်။

## ထုပ်ပိုးမှုဆိုင်ရာလိုအပ်ချက်များ

ထုပ်ပိုးမှုအပိုင်းနဲ့ပတ်သက်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းကတော့ စည်းမျဉ်းအမှတ် ၁၆/၂၀၁၄ ဖြစ်ပြီး အဆိုပါပြဋ္ဌာန်းချက်တွင် တားမြစ်ထားသော ထုပ်ပိုးပစ္စည်းများနှင့် ကန့်သတ်ထားသော ထုပ်ပိုးပစ္စည်းများစာရင်း ပါရှိပါတယ်။ အဆိုပါစာရင်းမှာဆိုင်ရာ active food package, smart food package, adhesives, ကြွေထည်ပစ္စည်းများ၊ Styrofoam, ရော်ဘာနှင့် အီလက်စတိုမာ၊ ဖန်၊ ion exchange resin၊ သတ္တုနှင့် သတ္တုအလွိုင်း၊ စက္ကူနှင့် ကတ်ထူစက္ကူ၊ ပလတ်စတစ်၊ regenerated cellulose, ဆီလီကွန်၊ အထည်အလိပ်၊ ဖယောင်း၊ polisher and coatings တို့လည်း အပါအဝင်ဖြစ်ပါတယ်။ ထုပ်ပိုးမှုအရွယ်အစားနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေတော့ မရှိဘူးလို့သိရပါတယ်။ အလေးချိန်နဲ့ အတိုင်းအတာတွေကို ဖော်ပြဖို့အတွက်ဆိုရင်တော့ မက်ထရစ်စနစ်ကို အသုံးပြုရမှာ ဖြစ်ပါတယ်။

## တံဆိပ်ကပ်ခြင်းဆိုင်ရာလိုအပ်ချက်များ

အင်ဒိုနီးရှားနိုင်ငံရဲ့ စားသောက်ကုန်တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်တဲ့ အချက်အလက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါ တယ်-

- ထုတ်ကုန်အမည်
- ပါဝင်ပစ္စည်းများစာရင်း
- စုစုပေါင်းအလေးချိန် (သို့မဟုတ်) ပမာဏ
- ထုတ်လုပ်သူ(သို့မဟုတ်) တင်သွင်းသူ၏ အမည်နှင့်လိပ်စာ
- ဟာလာအမှတ်တံဆိပ် (ရနိုင်ပါက)
- ရက်စွဲနှင့် ထုတ်လုပ်မှု codes
- သက်တမ်းကုန်ဆုံးသည့် ရက်၊ လ၊ ခုနှစ်
- မှတ်ပုံတင်ထားသည့်နံပါတ်
- အချို့သော စားသောက်ကုန်များ၏ အရင်းအမြစ်

အထက်ပါအချက်အလက်များအပြင် အင်ဒိုနီးရှားနိုင်ငံအစိုးရက ဆုံးဖြတ်တဲ့ အခြားသော ဖော်ပြရမည့် သတင်းအချက်အလက်တွေလည်း ရှိနိုင်ပါသေးတယ်။ တံဆိပ်ကပ်ရာမှာ အင်ဒိုနီးရှားဘာသာစကားနဲ့ ရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ ဖော်ပြရပါမယ်။ ပြည်ပမှ တင်သွင်းလာတဲ့ ကုန်စည်များအပေါ်မှာ အင်ဒိုနီးရှားဘာသာစကားနဲ့ ဖော်ပြတဲ့ sticker များ ကပ်ပေးရမှာ ဖြစ်ပါတယ်။

## တံဆိပ်ကပ်ခြင်းဆိုင်ရာသီးခြားလိုအပ်ချက်များ

ဆင့်တက်ပြုပြင်ထုတ်လုပ်ထားတဲ့စားသောက်ကုန်တွေဆိုရင် အထက်မှာဖော်ပြခဲ့တဲ့ တံဆိပ်ကပ်ခြင်းဆိုင်ရာ အချက်အလက်တွေအပြင် အာဟာရဆိုင်ရာအချက်အလက်များ၊ ဓာတ်ရောင်ခြည်ပေးခြင်း၊ အော်ဂဲနစ်စိုက်ပျိုးထားခြင်းနှင့် မျိုးဗီဇပြုပြင်ထုတ်လုပ်ထားခြင်း စတာတွေနဲ့ ဆိုင်တဲ့ အချက်အလက်တွေကိုပါ ဖော်ပြပေးရပါမယ်။ စားသုံးရန်အညွှန်း (preparation instructions)၊ ထိန်းသိမ်းရန်အညွှန်း၊ serving suggestions နဲ့ intended use, သတိပေးချက်စတာ တို့ကိုလည်း ဖော်ပြပေးဖို့ လိုအပ်ပါတယ်။ ဝက်သားပါဝင်တဲ့ စားသောက်ကုန်ဆိုရင် MENGANDUNG BABI (ဝက်သားပါဝင်သည်) ဆိုတဲ့စာသားကို ထုတ်ကုန်ရဲ့အပေါ်မှာ ရေးသားဖော်ပြထားဖို့လိုအပ်ပါတယ်။ အဆိုပါ စာသားကို နောက်ခံအဖြူရောင်ပေါ်မှာ အနီရောင်နဲ့ရေးဆွဲထားတဲ့ စတုရန်းပုံအတွင်း ရေးဆွဲထားတဲ့ ဝက်တစ်ကောင်ရဲ့ပုံစံနဲ့အတူ ဖော်ပြရတာဖြစ်ပါတယ်။

## အရက်ပါဝင်သောအစားအသောက်နှင့်အဖျော်ယမကာများ

အရက်ပါဝင်တဲ့ ဆင့်တက်ပြုပြင်ထားသည့် စားသောက်ကုန်တွေကိုတော့ ပါဝင်သော အယ်လ်ကိုဟောအဆင့် (ရာခိုင်နှုန်း) ကို မဖြစ်မနေ ဖော်ပြရပါတယ်။ ဒါ့အပြင် ဝက်သားပါဝင်တဲ့ အစားအစာမှာလိုပဲ MINUMAN BERALKOHOL (အရက်ပါဝင်သော အဖျော်ယမကာ) ဆိုတဲ့ စာသားကို စားသောက်ကုန် အမျိုးအစားခွဲခြားမှုအလိုက် အရက်ပါဝင်သော အဖျော်ယမကာတွေမှာ ဖော်ပြရမှာဖြစ်ပါတယ်။

## ကလေးများအတွက် အစားအစာ (၁၂နှစ်နှင့်အောက်)

ကလေးများအတွက် စားသောက်ကုန်တွေကို တံဆိပ်ကပ်ဖော်ပြရာမှာ 'မိခင်နို့ရည်ဟာ သင့်ကလေးအတွက် အကောင်းဆုံး ဖြစ်သည်' ဆိုတဲ့ စာသား(သို့မဟုတ်) အလားတူ အဓိပ္ပာယ်ရတဲ့စာသားကို မဖြစ်မနေဖော်ပြရန် လိုအပ်ပါတယ်။ ပရိုတင်းရင်းမြစ်များကိုလည်း ရှင်းလင်းစွာ ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ ဓာတ်ရောင်ခြည်ပေးခြင်းကို ကလေးအစားအစာတွေမှာ တားမြစ်ထားပါတယ်။

## ဓာတ်မတည့်မှုဖြစ်စေသောအစားအစာများ

ဓာတ်မတည့်မှုဖြစ်စေနိုင်သော စားသောက်ကုန်ပစ္စည်းများကို ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ ၎င်းအစားအစာများတွင် cereals containing gluten (wheat, rye, barley, oats, spelt) အခွံမာငါး၊ ဥများ၊ ငါး၊ မြေပဲ၊ ပဲပိစပ်၊ နို့ (including lactose)၊ အခွံမာသီးများ၊ sulfites နှင့် အဆိုပါပစ္စည်းများ ပါဝင်ထုတ်လုပ်ထားသော ဆင့်တက်ပြုပြင်ထားသည့် စားသောက်ကုန်များ ပါဝင်ပါတယ်။

## အစားအစာဖြည့်စွက်ပစ္စည်းများပါဝင်သော ဆင့်တက်ပြုပြင်ထားသည့် စားသောက်ကုန်များ

ဖြည့်စွက်ပစ္စည်းပါဝင်တဲ့ စားသောက်ကုန်တွေအနေနဲ့ ဖြည့်စွက်ပစ္စည်းအုပ်စုအမည် (antioxidant, artificial sweetener, preservative, food color, enhancer) ဖြည့်စွက်ပစ္စည်း၏ အမည်၊ ဖြည့်စွက်ပစ္စည်း အဖြစ် မှတ်ပုံတင်ထားသည့်နံပါတ်၊ Carryover food additives တွေအနေနဲ့ food additives တွေရဲ့အမည်ကို ရေးသားဖော်ပြရန် လိုအပ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**ယခင်တစ်ပတ်မှအဆက်**

၂၃။ တင်ပို့ကုန်အတွက် အကောက်ခွန်ဌာနတွင် ဂျူတီမဆောင်ခင် (သို့မဟုတ်) ထုပ်ပိုး သယ်ယူမှုမပြုမီ ၇ ရက်စော၍ စစ်ဆေးချက် လျှောက်လွှာတင်ရမည်။ ပိုးမွှားစစ်ဆေးမှုအချိန်ယူရမည့် ကုန်ပစ္စည်းများအနေဖြင့် လုံလောက်သောအချိန်ရှိရန် စစ်ဆေးချက် လျှောက်လွှာကို စောတင်ရမည်။

၂၄။ တင်ပို့ကုန်သယ်ယူသည့်ယာဉ်နှင့် ယာဉ်မောင်းများအတွက် နယ်စပ်ဖြတ်မည့်အချိန်တွင် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနတွင် စစ်ဆေးမှု၊ လျှောက်ထားမှုများ ပြုလုပ်ရမည်။

၂၅။ ပိုးမွှားကင်းရှင်းရန် ကန့်သတ်နယ်မြေအတွင်း ကာလတစ်ခု ထားရမည့် တင်ပို့သည့် တိရစ္ဆာန်ကို မတင်ပို့မီ ရက် ၆၀ အတွင်း စစ်ဆေးရန် လျှောက်ထားရမည်။ ထို့အတူ ကန့်သတ်နယ်မြေအတွင်း ကျုံးမသွင်းမီ ၇ ရက်စော၍ သတင်းပို့ရမည်။

၂၆။ ပိုးမွှားကင်းရှင်းမှု စစ်ဆေးချက်စာတမ်းတွင် အထူးတောင်းဆိုထားမှုရှိပါက လျှောက်လွှာတွင် မှတ်ချက်ပေးထားရမည်ဖြစ်သလို သက်ဆိုင်ရာအထောက်အထားများ ပေးပို့ရမည်။

**အပိုင်း၇-ပူးတွဲချက်**

၂၇။ စစ်ဆေးချက်လျှောက်သည့် ကုမ္ပဏီနှင့်လျှောက်သူအနေဖြင့် အတုလုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြင်ဖျက်ခြင်း၊ ခိုးယူခြင်း ဆိုသော ပုံစံများဖြင့် ပိုးမွှားစစ်ဆေးရေးဌာနမှထုတ်သည့် ထောက်ခံချက်၊ တံဆိပ်စသည့် ဥပဒေစာရွက်စာတမ်းများကိုလုပ်ပါက ဒဏ်တပ်ခံရမည်။

၂၈။ ဥပဒေအရစိစစ်မှုများ၊ အစိုးရဌာနမှ ကိုယ်စားလှယ်လွှဲလုပ်ကိုင်ခွင့်ရ အသင်းအဖွဲ့မှ စိစစ်မှုများကို ဤစည်းမျဉ်းစည်းကမ်းများနှင့် အညီ လုပ်ကိုင်ရမည်။

၂၉။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေး ဌာနချုပ်ရုံးမှ ဤစည်းမျဉ်း စည်းကမ်းကို တာဝန်ယူရှင်းလင်းသည်။

၃၀။ ဤစည်းမျဉ်းစည်းကမ်းကို ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ကျင့်သုံးသည်။ နိုင်ငံတော် ကုန်ပစ္စည်းစစ်ဆေးရေးဌာနချုပ်ရုံးမှ ထုတ်ပြန်သော သွင်းကုန်/ပို့ကုန် စစ်ဆေးမှုစည်းမျဉ်းစည်းကမ်းနှင့် နိုင်ငံတော်ကျန်းမာရေးနှင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ ထုတ်ပြန်သော တင်သွင်းတင်ပို့သည့် ကွန်တိန်နာ၊ ကုန်ပစ္စည်းများ စိစစ်ရေးစနစ် စည်းမျဉ်းစည်းကမ်းကို ရုပ်သိမ်းသည်။

## ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှုစစ်ဆေးရန်လျှောက်ထားသည့် ကုမ္ပဏီကြီးကြပ်မှု လုပ်ငန်းစည်းမျဉ်းစည်းကမ်း

**အပိုင်း၁-အထွေထွေ**

၁။ ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှုစစ်ဆေးရန် လျှောက်ထားသည့် ကုမ္ပဏီကြီးကြပ်မှုလုပ်ငန်းများ ပိုမိုစနစ် တကျရှိစေရန်။ ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှု စစ်ဆေးရေးဥပဒေနှင့်အညီ ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှု စစ်ဆေးရန် လျှောက်ထားသည့် ကုမ္ပဏီကြီးကြပ်မှုလုပ်ငန်းစည်းမျဉ်းစည်းကမ်း အရည်အချင်းစစ်ဆေး ရုံးချုပ်အမိန့်စာ အမှတ်-၁၆၁ ကို ထုတ်ပြန်သည်။

၂။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနချုပ်ရုံး (အောက်တွင် နိုင်ငံတော်အရည်အချင်းစစ်ဆေးရေးဌာနချုပ်ဟု အတိုကောက်ခေါ်ဆိုမည်။) အနေဖြင့် ဝင်ထွက်မှုပိုးမွှား ကင်းရှင်းမှု စစ်ဆေးရန် လျှောက်ထားသည့် ကုမ္ပဏီကြီးကြပ်မှုလုပ်ငန်းများကို တာဝန်ယူရမည်။ နိုင်ငံတော် အရည်အချင်း စစ်ဆေးရေးဌာနချုပ်အနေဖြင့် ဒေသတွင်းတွင် ပိုးမွှားကင်းရှင်းမှုစစ်ဆေးရေးဌာနများ၊ ပိုးမွှားကင်းရှင်းမှု စစ်ဆေးရေးဌာနထားကာ မိမိဒေသတွင်းရှိ ဝင်ထွက်မှုပိုးမွှားကင်းရှင်းမှုစစ်ဆေးရန် လျှောက်ထားသည့် ကုမ္ပဏီကြီးကြပ်မှုလုပ်ငန်းများကို တာဝန်ယူရမည်။ ဒေသတွင်းတွင် ပိုးမွှားကင်းရှင်းမှု စစ်ဆေးရေးဌာနခွဲများမှာ မိမိဒေသတွင်းရှိဝင်ထွက်မှုပိုးမွှားကင်းရှင်းမှု စစ်ဆေးရန်လျှောက်ထားသည့်ကုမ္ပဏီ ကြီးကြပ်မှုလုပ်ငန်းများကို တာဝန်ယူရမည်။

**|သန်းသန်းနိုင်|**

၃။ စည်းမျဉ်းစည်းကမ်းများပါ ဝင်ထွက်မှု ပိုးမွှားကင်းရှင်းမှုစစ်ဆေးရန် လျှောက်ထားသည့်ကုမ္ပဏီဆိုသည် မှာကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီနှင့် ဝန်ဆောင်မှုလုပ်ငန်းလုပ်သည့် ကုမ္ပဏီများ ပါဝင်သည်။ ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီဆိုသည်မှာ ပိုးမွှားကင်းရှင်းမှုစစ်ဆေးရေးဌာနသို့ မိမိကုမ္ပဏီ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများအတွက် တင်ပို့လက်ခံသူအနေဖြင့် စစ်ဆေးမှုလျှောက်လွှာများ လုပ်ကိုင်သည်ကိုဆိုလိုသည်။ တင်ပို့ကုန်အချောကိုင်လုပ်ငန်းကုမ္ပဏီ၊ အခြားအချောကိုင်လုပ်ငန်းကုမ္ပဏီ၊ သွင်းကုန် စစ်ဆေးရန်လျှောက်လွှာတင်ပို့သည့်ကုမ္ပဏီတို့ကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်သွားမည်ဖြစ် သည်။ ဝန်ဆောင်မှုလုပ်ငန်းလုပ်သည့်ကုမ္ပဏီဆိုသည်မှာ သွင်းကုန်/ပို့ကုန်လက်ခံတင်ပို့ပေးသူ (အောက်တွင် ကိုယ်စားလှယ်ဟု အတိုကောက်ခေါ်ဆိုမည်။) အဖြစ် ကိုယ်စားလှယ်လွှဲခံထားရသူကိုဆိုလိုပြီး ကိုယ်စားလှယ်လွှဲသူမှ ပိုးမွှားကင်းရှင်းမှု စစ်ဆေးရေးဌာနတွင် စစ်ဆေးချက်များပြုလုပ်ရန်ကိုယ်စားလှယ်လွှဲမှုကို လက်ခံလုပ်ကိုင်ပေးသည့်ပြည်တွင်းကုမ္ပဏီကိုဆိုလိုသည်တွင် ဝန်ဆောင်မှုလုပ်ငန်းလုပ်သည့် ကုမ္ပဏီအနေဖြင့် တင်သွင်း/ တင်ပို့လာသည့် ချောထုပ်များကိုစစ်ဆေးရန် ကိုယ်စားလျှောက်ထားပေးခြင်း၊ တင်သွင်းတင်ပို့ရန် ချောထုပ်များကို သယ်ပို့ပေးရန် လုပ်ကိုင်ပေးခြင်းများလည်း အကျုံးဝင်သည်။ စစ်ဆေးချက်လျှောက်လွှာတင်ပေးသည့်သူအနေဖြင့် မိမိလုပ်ကိုင်ပေးသောလုပ်ငန်းများ ဥပဒေတာဝန်များကို လည်းတာဝန်ယူပေးရမည်။

**အပိုင်း၂-မှတ်တမ်းတင်သည့်စနစ်**

၄။ ကုမ္ပဏီအနေဖြင့် စစ်ဆေးမှုလျှောက်ထားသည့် လုပ်ငန်းလုပ်မည်ဆိုပါက ပိုးမွှားကင်းရှင်းမှုစစ်ဆေးရေးဌာနသို့ အောက်ပါအချက်များ မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ အသေးစိတ်မှာအောက်ပါ အတိုင်းဖြစ်သည်-

(က) စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီမှတ်တမ်းတင်ရန် လျှောက်လွှာ

(ခ) ကုမ္ပဏီလိုင်စင်မိတ္တူ

(ဂ) အသင်းအဖွဲ့မှတ်ပုံတင်မိတ္တူ

(ဃ) ကုမ္ပဏီ၏တရားဝင်တံဆိပ်

(င) အကယ်၍ စစ်ဆေးချက်လုပ်ငန်းများအတွက် သီးသန့်တံဆိပ်ကို သုံးသူအနေဖြင့် တံဆိပ်နမူနာကို ဌာနသို့ တင်ပြရမည်။ အကယ်၍ သီးသန့်တံဆိပ်သည်တစ်ခုတည်း မဟုတ်ပါက တံဆိပ်ကို နံပါတ်စဉ် ထည့်ရမည်။

(စ) တင်သွင်းတင်ပို့သည့် ချောထုပ်များသယ်ပို့သည့် ကုမ္ပဏီအနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် မိတ္တူကိုတင်ပြရမည်။

(ဆ) စစ်ဆေးမှုလျှောက်ထားသည့် လုပ်ငန်းလုပ်သူ တစ်ဦးချင်း၏ မှတ်တမ်းတွင် စစ်ဆေးမှုလျှောက်လွှာတင်သူမှတ်တမ်းဇယားနှင့် စစ်ဆေးမှုလျှောက်ထားသည့် လုပ်ငန်းလုပ်သူ တစ်ဦးချင်း၏ နိုင်ငံသား မှတ်ပုံတင်မိတ္တူတင်ပြရမည်။ အထက်ပါ စာရွက်စာတမ်းများတင်ပြချိန်တွင် စာရွက်စာတမ်းများပေါ်တွင် ကုမ္ပဏီ၏တံဆိပ်နှိပ်ပေးရမည်။ မိတ္တူဖြစ်ပါက မူရင်းကိုပါတင်ပြ၍ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရမည်။

၅။ စာရွက်စာတမ်းလိုနေခြင်း၊ တောင်းဆိုချက်နှင့်မညီခြင်းရှိပါက ပိုးမွှားကင်းရှင်းမှုစစ်ဆေးရေးဌာနမှ တစ်ကြိမ်တည်း ကုမ္ပဏီကို ဖြည့်တင်ရန်လိုသည်များ အကြောင်းကြားရမည်။

၆။ စာရွက်စာတမ်းနှင့် တောင်းဆိုချက်များညီညွတ်ပါက ပိုးမွှားကင်းရှင်းမှုစစ်ဆေးရေးဌာနမှ ကုမ္ပဏီအတွက် လိုအပ်သည်များ လုပ်ကိုင်ပေးရမည်။ အကယ်၍ ကုမ္ပဏီမှတင်ပြလာသော စာရွက်စာတမ်းများကို အချိန်ယူစိစစ်ရန်လိုပါက ရုံးချိန် ၅ ရက်အတွင်း လုပ်ကိုင်ပြီးစီးရမည်။ မှတ်တမ်းတင်ပြီးပါက ပိုးမွှား ကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ မှတ်တမ်းတင်ဇယားပါအမှတ်စဉ်ကိုပေးရမည်။ ထို့အတူ မှတ်တမ်းတင်ဇယားကိုရိုက်နှိပ်၍ စစ်ဆေးမှုလျှောက်သောကုမ္ပဏီများ ကြီးကြပ်မှုအတွက် သီးသန့်သုံးသောတံဆိပ်ကို ရိုက်နှိပ်ကာ ကုမ္ပဏီကိုပေးရမည်။

၇။ မှတ်တမ်းတင်ပြီးသော စစ်ဆေးမှုလျှောက်ထားသည့်ကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေး ဌာနတွင်လုပ်ငန်းများ လုပ်ကိုင်နိုင်ပြီဖြစ်သည်။ ဤတွင်ကုမ္ပဏီ၏ လုပ်ငန်းများကို ကုမ္ပဏီမှတ်တမ်းတင်ရာတွင် အသိပေးမှတ်တမ်းတင်ထားသောလူများသာ လုပ်ကိုင်ခွင့်ရှိသည်။

၈။ မှတ်တမ်းတင်သည့်အချက်များ ပြောင်းလဲမှုရှိပါက ကုမ္ပဏီအနေဖြင့် ဌာနတွင်အချက်အလက် ပြောင်းလဲမှုများအတွက် မှတ်တမ်းတင်မှုများ ထပ်လုပ်ရမည်။ မှတ်တမ်းတင်ထားသည့် အချက်အလက်များ ပြောင်းလဲသွားပါကကုမ္ပဏီအနေနှင့် ဤစည်းမျဉ်းစည်းကမ်းအပိုင်း (၅) နှင့်အညီ ရက် ၃၀ အတွင်း ပြောင်းလဲမှု များအတွက် သတ်မှတ်စာရွက်စာတမ်းများယူ၍ ယခင်မှတ်တမ်းတင်မှုပြုထားသော ပိုးမွှားကင်းရှင်း ကြောင်း စစ်ဆေးရေးဌာနတွင် ပြင်ဆင်မှုလုပ်ငန်းလုပ်ကိုင်ရမည်။ ထို့အတူ ယခင်က ထုတ်ပေးထားသော မှတ်တမ်းတင် အသိအမှတ်ပြုလက်မှတ်ကို ပြန်အပ်ရမည်။

၉။ စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနသို့ လုပ်ငန်းမှတ်တမ်းတင်ထားမှုကို ရုပ်သိမ်းပေးရန် လျှောက်ထားလာပါက လုပ်ငန်းမှတ်တမ်းတင်ထားမှုများနှင့် ကုမ္ပဏီအောက်ရှိ စစ်ဆေးမှုလျှောက်ထားခြင်းကို လုပ်ကိုင်သူတစ်ဦးချင်း၏ မှတ်တမ်းတင်မှုများသည်လည်း တစ်ကြိမ်တည်း ရုပ်သိမ်းသွားမည်ဖြစ်သည်။ စစ်ဆေးမှုလျှောက်ထားသူတစ်ဦးချင်းအနေဖြင့် ထိုအလုပ် မလုပ်တော့ခြင်း၊ မိမိကုမ္ပဏီမှနုတ်ထွက်ခြင်းများရှိပါက ကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ အကြောင်းကြား အသိပေးရမည်ဖြစ်သလို ထိုလူများ၏ လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းပေးရန်လည်း လျှောက်ထားလုပ်ကိုင်သွားရမည်။ အကယ်၍ စစ်ဆေးမှုလျှောက်ထားသူတစ်ဦးချင်းအနေဖြင့် တရားဝင် စာရွက်စာတမ်းများကို ပေးပို့၍ မိမိတစ်ဦးချင်း၏ လုပ်ပိုင်ခွင့်ကိုရုပ်သိမ်းပေးရန် လျှောက်ထားလာပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ စိစစ်ကာခွင့်ပြုမိန့်ချရမည်။ လုပ်ပိုင်ခွင့်ကို ရုပ်သိမ်းပေးရန် လျှောက်ထားလျှင် ယခင်ကထုတ်ပေးထားသော မှတ်တမ်းတင် အသိအမှတ်ပြုလက်မှတ်ကို ပြန်အပ်ရမည်။

၁၀။ အကယ်၍ အချိန်မီအချက်အလက်ပြောင်းလဲမှုများကို မှတ်တမ်းမတင်ပါက ထိုအချိန်အတွင်း ဖြစ်ပေါ်လာသော တာဝန်ဝတ္တရားများကိုလည်း ကုမ္ပဏီမှတာဝန်ယူရမည်။

၁၁။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေနှင့် အချက်အလက်မှတ်တမ်းတင်ဆော့ဖ်ဝဲပေါ်တွင် မှတ်တမ်းတင်မှုများ လုပ်ထားရမည်။ ထို့အတူ ကုမ္ပဏီအနေဖြင့်လည်း အချက်အလက်မှတ်တမ်းတင် ဆော့ဖ်ဝဲပေါ်တွင် မှတ်တမ်းတင်ရန်လျှောက်ထားခြင်း၊ ပြင်ဆင်ခြင်း၊ အချက်အလက်မှတ်ပုံတင်ခြင်း၊ ရိုက်နှိပ်ပေးပို့ခြင်းများ ပြုလုပ်ရမည်။ မှတ်တမ်းတင်ရန်လျှောက်ထားချိန်တွင် အင်တာနက်ပေါ်မှ လျှောက်ထားနိုင်ပါက ကုမ္ပဏီအနေဖြင့်စာရွက်စာတမ်းအဖြစ် ရိုက်နှိပ်ပေးပို့ခြင်းပြုရန် မလိုပါ။

ဆက်လက်ဖော်ပြပါမည်။

# အီးယူဈေးကွက်သို့ ကုန်ပစ္စည်းတင်သွင်းခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်းဆိုင်ရာ လိုအပ်ချက်များ

အီးယူဈေးကွက်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံ ပါဝင်သည့် ကမ္ဘာပေါ်ရှိ တစ်ခုတည်းသော အကြီးဆုံးဘုံဈေးကွက်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များအပြင် ဘဏ္ဍာရေးကဏ္ဍများတွင် ဘုံစံနှုန်း/စနစ်များ ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ ကုန်သွယ်ရေးကဏ္ဍတွင် ဥရောပဘုံဈေးကွက်နှင့် အခြားဒေသ/ နိုင်ငံများ အပြန်အလှန် ကုန်စည် တင်ပို့/တင်သွင်းရာ၌ လိုက်နာရမည့် ပို့ကုန်/သွင်းကုန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက် များကို တစ်ပြေးညီဖြစ်ရန် ဆောင်ရွက်နေပြီး အခွန်ကောက်ခံသည့်နှုန်းထားတွင်သာ နိုင်ငံအလိုက်အနည်းငယ် ကွာခြားလျက်ရှိကြောင်း တွေ့ရသည်။

အီးယူဈေးကွက်သို့တင်သွင်းမည့် ကုန်စည်အားလုံးအတွက် မရှိမဖြစ် လိုအပ်သည့် အထွေထွေလိုအပ်ချက်များမှာ အီးယူဈေးကွက်အခြေအနေကို နားလည်ရန် အခြေခံလိုအပ်ချက်များ၊ အပင်နှင့် ပိုးမွှားဆိုင်ရာ လိုအပ်ချက်များ၊ ပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်များ၊ နည်းပညာဆိုင်ရာလိုအပ်ချက်များ၊ ဈေးကွက်စံချိန်စံညွှန်းများ၊ သွင်းကုန်ကန့်သတ် ချက်များ၊ ဈေးကွက်ဆိုင်ရာ အခြားသိမှတ်ဖွယ်ရာများတို့ ပါဝင်ပြီး အီးယူဈေးကွက်အခြေအနေကို နားလည်ရန် အခြေခံလိုအပ်ချက်များတွင် ကုန်စည်ခွဲခြားသတ်မှတ်မှုစနစ်များ၊ သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ စာရွက်စာတမ်းများ၊ အီးယူ အကောက်ခွန်သမဂ္ဂ၊ ထပ်တိုးတန်ဖိုးခွန်နှင့် ကုန်စည်ခွန်များ စသည်တို့ပါဝင်သည်။

အကောက်ခွန်ရှင်းလင်းမှု လုပ်ဆောင်ရန်အတွက်မူ တင်ပို့၊ တင်သွင်းသူများ၏ အမည်နှင့် လိပ်စာ (Name and Address)၊ ထုတ်ပေးသည့်ရက်၊ Invoice နံပါတ်၊ ကုန်စည်များ၏ အမျိုးအမည်၊ အရည်အသွေးစသည့် ဖော်ပြချက်များ၊ အရည်အသွေးစံနှုန်းအတိုင်းအတာယူနစ်များ၊ ကုန်စည်အရေအတွက်၊ ကုန်ပစ္စည်းတစ်ခုချင်းစီ၏ သတ်မှတ်ထားသောတန်ဖိုး၊ ကုန်ပစ္စည်းအမယ်အားလုံး၏တန်ဖိုး၊ Invoice အားလုံး၏တန်ဖိုးနှင့် ပေးချေရမည့်ငွေကြေး၊ ပေးချေနိုင်သောငွေကြေးသည် အီးယူသို့ လွတ်လပ်စွာ လဲလှယ်နိုင်သော ငွေကြေးသို့မဟုတ် အီးယူနိုင်ငံများကို တင်သွင်းရာတွင် အခြားတရားဝင်တင်ဒါရရှိထားသော ငွေကြေးတစ်ခုကို ဆိုလိုပါသည်။ ငွေပေးချေမှု (နည်းလမ်းနှင့် ပေးချေရမည့် ရက်၊ လျှော့ဈေးစသည်ဖြင့်)၊ သင့်လျော်သော Incoterm အရကုန်ချမည့်စနစ်၊ သယ်ယူပို့ဆောင်မှုနည်းလမ်းများ စသည်တို့လိုအပ်ကြောင်း သိရှိရပါသည်။

**Source-ဘရပ်ဆဲလ်မြို့၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံရုံး၊**
**လင်းမျိုးသာ (DOT)**

# အမေရိကန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍ၌ရင်းနှီးမြှုပ်နှံရန် ထိုင်းစွမ်းအင်ကုမ္ပဏီအချို့ စိတ်အားထက်သန်လျက်ရှိ



အမေရိကန်နိုင်ငံသည် Marcellus ဒေသနှင့် Utica ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်၍ ရေနံထုတ်လုပ်မှုကို တိုးမြှင့်မည့်အစီအစဉ်များကို ကြေညာခဲ့ပြီးနောက်တွင် ထိုင်းနိုင်ငံရှိ စွမ်းအင်ကုမ္ပဏီများဖြစ်ကြသော Banpu Plc နှင့် PTTEP (PTT Exploration and Production Plc)တို့သည် အမေရိကန်နိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိကြသည်။

အမေရိကန်နိုင်ငံသည် တိုင်းပြည်စီးပွားရေးကို စေ့ဆော်ရန်နှင့် အလုပ်အကိုင်များကို ဖန်တီးပေးရန်အတွက် ပြည်တွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များမှ ရေနံထုတ်လုပ်မှုကို တိုးမြှင့်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံတွင်အကြီးဆုံး ကျောက်မီးသွေးရှာဖွေရေးနှင့် ကျောက်မီးသွေး တင်ပို့သည့် Banpu ကုမ္ပဏီသည် ၂၀၂၀ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်း ငါးခုအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ (ဘတ် ၁၆ ဒသမ ၁ ဘီလီယံ) ကို ရင်းနှီးမြှုပ်နှံရန် လျာထားကြောင်း၊ Banpu ကုမ္ပဏီသည် ၎င်း၏စွမ်းအင်လုပ်ငန်းကို ၂၀၁၆ ခုနှစ်မှစတင်၍ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး အမေရိကန်နိုင်ငံရှိ Marcellus အရှေ့မြောက်ဒေသတွင် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းကို အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၃၂၀ (ဘတ် ၁၀ ဒသမ ၃ ဘီလီယံ)ကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာ၌ အစုရှယ်ယာ ၈၀ ရာခိုင်နှုန်းအထိ ထည့်ဝင်မည်ဖြစ်ရာ သဘာဝဓာတ်ငွေ့လုပ်ငန်းပေါင်း ၁၁၂ ခုမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၁၀၀ ကိုထုတ်လုပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်း၏ အကျယ်အဝန်းသည် စုစုပေါင်းဧက ၃၂၃၅၀ ရှိပြီး အရန် ဓာတ်ငွေ့ပမာဏသည် ကုဗပေ ၄၁၄ ဘီလီယံရှိကြောင်း၊ ထို့နောက် Banpu ကုမ္ပဏီသည် Marcellus ဒေသတွင် အဓိကအရေးပါသည့် သဘာဝဓာတ်ငွေ့တူးဖော်သည့် ကုမ္ပဏီတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ Banpu ကုမ္ပဏီသည် Chaffee Corners JEA(Chaffee Corners Joint Exploration Agreement) နှင့်လည်း အကျိုးတူ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းအတွက် အစုရှယ်ယာကို ၂၉ ဒသမ ၄ ရာခိုင်နှုန်း ထည့်ဝင်ခဲ့ပြီး အရန်ဓာတ်ငွေ့ပမာဏသည် ကုဗပေ ၁၅၆ ဘီလီယံရှိကြောင်း၊ Banpu ကုမ္ပဏီ၏ သဘာဝဓာတ်ငွေ့ အရောင်းပမာဏမှာ တစ်ရက်လျှင် BTU (British Termal Units) ၄၆ သန်းရှိပြီး ၂၀၂၀ ခုနှစ်တွင် BTU ၇၈ သန်းအထိ မြင့်တက်လာရန် ခန့်မှန်းထားကြောင်း Banpu ကုမ္ပဏီ၏ ဥက္ကဋ္ဌ Ms. Somruedee Chaimongkol က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံရှိစွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်သော PTTEP သည် တိုင်းပြည်အတွင်း၌ လောင်စာဆီဈေးနှုန်းသက်သာစွာ ထောက်ပံ့ပေးနိုင်ရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းကို ပြည်တွင်းနှင့် အာဆီယံဒေသ၌သာ အလေးထားနေဆဲဖြစ်သည်။ PTTEP သည် လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက ဆောင်ရွက်လာခဲ့သည့် မိုဇမ်ဘစ်၊ အယ်လ်ဂျီးရီးယား၊ ဩစတြေးလျ၊ မြန်မာနိုင်ငံနှင့် ကနေဒါနိုင်ငံများရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းငါးခုကို ပြန်လည်ဆန်းစစ်နေကြောင်း၊ ယင်းလုပ်ငန်းအများစုမှာ ရှာဖွေရေးအဆင့်၌သာရှိသေးပြီး အနည်းစုသာ နောက်ဆုံးအဆင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်ရရှိရေးကို ဆောင်ရွက်နေကြောင်း၊ PTTEP အနေဖြင့် မြောက်အမေရိက ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များတွင် စိတ်ဝင်စားမှုရှိခဲ့သော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၃ ခုနှစ်တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၀ ရှိရာမှ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀ သို့ ကျဆင်းခဲ့၍လုပ်ငန်းစဉ်များ ပျက်ပြားခဲ့ကြောင်း၊ PTTEP သည် ယခုအချိန်အထိ မြောက်အမေရိကဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်း ပြန်လည်ဆောင်ရွက်မည့် အစီအစဉ်မရှိသေးကြောင်း၊ PTTEP အနေဖြင့် ပြည်တွင်းရှိ Bangkot နှင့် Erawan လုပ်ကွက်များ၊ အခြားသော အကျိုးတူဆောင်ရွက်ထားသည့် Shell နှင့် Total လုပ်ကွက်များအတွက် လုပ်ကိုင်ခွင့်လိုင်စင်အသစ်ရရှိရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် PTTGC (PTT Global Chemical Plc) သည် အမေရိကန်နိုင်ငံရှိ Marcellus ဒေသနှင့်Utica ဒေသတွင် ကမ္ဘာ့အဆင့်မီ ရေနံဓာတုလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံကို ရင်းနှီးမြှုပ်နှံရန် လျာထားကြောင်း၊ အဆိုပါရေနံ ဓာတုစက်ရုံအတွက် လိုအပ်သော အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်၊ ပထမသုံးလပတ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မည်ဖြစ်ကြောင်း PTTEP ဥက္ကဋ္ဌ Mr. Phongsthorn Thavisin က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဟောင်ကောင်တွင် Asian Financial Forum ကျင်းပ

ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသအစိုးရနှင့် ဟောင်ကောင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ(HKTDC)တို့မှကြီးမှူး၍ (၁၁)ကြိမ်မြောက် Asian Financial Forum (AFF) ကို ဇန်နဝါရီ ၁၅ ရက်မှ ၁၆ ရက်ထိ ဟောင်ကောင်မြို့၊ Hong Kong Convention and Exhibition Centre တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ Asian Financial Forum မှာ အာရှနှင့် ကျန်ကမ္ဘာ့နိုင်ငံများ၏ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ဈေးကွက်အလားအလာများနှင့် ဖွံ့ဖြိုးတိုးတက်မှုများအား ဆွေးနွေးခြင်း၊ အတွေ့အကြုံဗဟုသုတများနှင့် နောက်ဆုံးတွေ့ရှိချက်များအား ဖလှယ်ခြင်း၊ အတွေးအခေါ်၊ အမြင်များမျှဝေခြင်းတို့ အတွက် အရေးပါသည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်းသိရသည်။ ယခုနှစ် အဆိုပါဖိုရမ်၏ဆောင်ပုဒ်မှာ Steering Growth and Pioneering Innovation: Asia and Beyond ဖြစ်ပြီး၊ အဆိုပါဖိုရမ်မှ ဆန်းသစ်တီထွင်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာများ (Fintech) မှ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဉာဏ်ရည်တု (Artificial Intelligence) ထိ အခွင့်အလမ်းများနှင့် နောက်ဆုံးပေါ် ဖွံ့ဖြိုးတိုးတက်မှုများအား လေ့လာစူးစမ်းနိုင်မည်ဖြစ်သည်။ ၎င်းအပြင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ တစ်ဦးချင်းတွေ့ဆုံနိုင်မည့် one to one meeting ပေါင်း ၆၂၀ ကျော်စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၅၀ ကျော်မှ ဘဏ္ဍာရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အစိုးရခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် လူဦးရေ ၂၉၀၀ ကျော်တက်ရောက်ခဲ့ပြီး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် နည်းပညာမြင့် လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်း ၅၀၀ အထိ ဖွဲ့စည်းမည်

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၌ နည်းပညာအဆင့်မြင့် သမဝါယမအသင်း ၅၀၀ ဖွဲ့စည်းပြီး အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတန်ဖိုးကို ငါးဆမြှင့်တင်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနက ထုတ်ပြန်ကြေညာသည်။

သမဝါယမလုပ်ငန်းစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ကူလောင်း(မဲခေါင်)မြစ်ဝကျွန်းပေါ်၊ မြစ်နီမြစ်ဝကျွန်းပေါ်၊ မြောက်ပိုင်းတောင်ပေါ်ဒေသနှင့် ထေငုယင်(ဗဟိုကုန်းမြင့်ဒေသ) တို့ကဲ့သို့သော လယ်ယာစိုက်ပျိုးရေးအဓိက အချက်အချာဒေသများတွင် ဖွဲ့စည်းပေးသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် မြို့တော်တစ်ခုစီတွင် အနည်းဆုံးအဆင့်မြင့်နည်းပညာသုံးလယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းသုံးသင်းစီ ဖွဲ့စည်းပေးသွားမည်ဖြစ်သည်။



အဆင့်မြင့်နည်းပညာသုံး လယ်ယာထွက်ကုန်များ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ငါးဆပိုမိုမြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ အဆင့်မြင့်နည်းပညာသုံး လယ်ယာထွက်ကုန်များ၏ ဝင်ငွေကိုစိုက်ပျိုးရေးကာလအတွင်း နည်းပညာသုံးသော ထွက်ကုန်များနှင့် နှိုင်းယှဉ်ပါက လောလောဆယ်တွင် ၁ ဒသမ ၅ ဆပိုမိုနေရာမှ သုံးဆအထိပိုမိုမြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။ ထို့ပြင်အလိုအလျောက် နည်းပညာစနစ်နှင့် ဇီဝနည်းပညာသုံး သမဝါယမအသင်းများကို ယခုလောလောဆယ်တွင် ၁၇ ရာခိုင်နှုန်းရှိရာမှ ရာခိုင်နှုန်း ၃၀ မှ ၄၀ အထိတိုးမြှင့်သွားမည်ဖြစ်သည်။

တန်ဖိုးမြှင့် လယ်ယာထွက်ကုန်၏ ထုတ်လုပ်မှုဖြစ်စဉ်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်နှင့် သမဝါယမအသင်းများနှင့် စီးပွားရေးလုပ်ငန်းများ၏ ချိတ်ဆက်မှုကို မြှင့်တင်ပေးရန် အရေးကြီးသကဲ့သို့ လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းများသို့ နည်းပညာလွှဲပြောင်းမှုကို အားပေးရန်နှင့် အထူးအခွင့်အရေးပေး ချေးငွေများထုတ်ချေးခြင်းဖြင့် အားပေးရန်လည်း အရေးကြီးကြောင်း ဝန်ကြီးဌာနက ပြောသည်။

တစ်ချိန်တည်းမှာပင် သမဝါယမအသင်းများအား သင်တန်းများပို့ချပေးသွားမည်ဖြစ်ရာ ပထမဆုံးလူ ၁၀၀ ကို ဂျပန်၊ တရုတ်(တိုင်ပေ)၊ တောင်ကိုရီးယားနှင့် အစ္စရေးနိုင်ငံများသို့စေလွှတ်ကာအဆင့်မြင့်နည်းပညာသုံးအလေ့အကျင့်များကို သင်ယူစေမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၅၀၀ အထိတိုးမြှင့်သွားမည်ဖြစ်သည်။ ■

# စီးပွားရေးလုပ်ငန်းကြီးများ၏ အလုပ်အကိုင်ဖန်တီးရေးကို ထောက်ပံ့ရန် တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးကတိပြု

တောင်ကိုရီးယားအစိုးရသည် စီးပွားရေးလုပ်ငန်းကြီးများက ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းသစ်များအား အပြည့်အဝထောက်ပံ့သွားမည်ဖြစ်ကြောင်းနှင့် ကြီးကြပ်ထိန်းချုပ်မှုများနှင့် အခြားသောအစီအမံများအား လျှော့ချခြင်းဖြင့် အလုပ်အကိုင်များပိုမိုဖန်တီးနိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးက ဇန်နဝါရီ ၁၇ ရက်ကပြောသည်။

ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီကဲ့သို့ ကုမ္ပဏီစုကြီးများသည် တီထွင်ဖန်တီးမှုဖွံ့ဖြိုးရေးအတွက် အဓိကအားထားစရာဖြစ်ကြောင်း ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ချွန်အီဆန်းအပါအဝင် ဟွန်ဒိုင်းမော်တာဂရု၏ အထက်တန်းအမှုဆောင်များနှင့် တွေ့ဆုံရာတွင် ဘဏ္ဍာရေးဝန်ကြီးကင်မ်ဒေါင်ယွန်းကပြောသည်။

"အလုပ်အကိုင်အသစ်တွေ ဖန်တီးတာနဲ့ လုပ်ငန်းသစ်တွေကို ဖန်တီးရာမှာ ဟွန်ဒိုင်းမော်တာရဲ့ အခန်းကဏ္ဍကို ကျွန်တော် တန်ဖိုးထားပါတယ်။ တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးဖို့အတွက် တစ်ဆင့်ကန်ထရိုက်တွေနဲ့ နှစ်ဦးနှစ်ဖက်အကျိုးတူခံစားနိုင်ရေးကလည်း အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု ကင်မ်က ပြောသည်။

ဟွန်ဒိုင်းမော်တာကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ခန့်ထားမှုလုပ်ငန်းများမှ အကျိုးစီးပွားဖြစ်ထွန်းအောင်ဆောင်ရွက်ပြီး တစ်ဆင့်ကန်ထရိုက်များနှင့် ပစ္စည်းပေးသွင်းသူလုပ်ငန်းငယ်များကို ပိုမိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ချွန်ကပြောသည်။

ဟွန်ဒိုင်းမော်တာကုမ္ပဏီသို့သွားရောက်သည့်ဝန်ကြီး၏ ခရီးစဉ်သည် ယခုကဲ့သို့ပြည်တွင်းစီးပွားရေး လုပ်ငန်းများသို့ သွားရောက်လည်ပတ်ရာတွင် တတိယမြောက်ခရီးစဉ်ဖြစ်သည်။

ယခင်လကလည်း ဝန်ကြီးသည် ဓာတုဗေဒနှင့် အီလက်ထရွန်းနစ်ကုမ္ပဏီစုကြီးဖြစ်သည့် အယ်လ်ဂျီဂရုမှ အကြီးတန်းအရာရှိများနှင့် တွေ့ဆုံဆွေးနွေးပြီး ကုမ္ပဏီ၏စကားသံများကို နားထောင်ခဲ့သည်။

# ဂျာမနီနိုင်ငံက ယွမ်ငွေကြေးကို အရန်ငွေကြေးအဖြစ် ထားရှိမည်



ဂျာမနီဗဟိုဘဏ်က တရုတ်ယွမ်ငွေကြေးကို နိုင်ငံ၏ အရန်ငွေကြေးတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည့်အတွက် ယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ် ဆောင်ရွက်ရန် တရုတ်အစိုးရ၏ ကြိုးပမ်းမှုကို ပိုမိုအင်အားတိုးမြှင့်ပေးပြီး ယွမ်ငွေကြေး၏တန်ဖိုးမှာလည်း နှစ်နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်။

ဗဟိုဘဏ်၏ဘုတ်အဖွဲ့က ယွမ်ငွေကြေးကို ဝယ်ယူရင်းနှီးမြှုပ်နှံရန်နှင့် ကမ္ဘာ့အတိုင်းအတာအထိ ယွမ်ငွေကြေး၏အရေးပါမှုကို အသိအမှတ်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း ဂျာမနီဗဟိုဘဏ်က ဇူလိုင်လအတွင်းက ပြောကြားခဲ့သော်လည်း မည်သည့်အချိန်တွင် မည်မျှအထိဝယ်ယူမည်ကို မပြောကြားခဲ့ပေ။

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်က ဂျာမနီ၏အကြီးမားဆုံး ကုန်သွယ်ဖက်ဖြစ်ခဲ့ပြီး ဂျာမနီ၏သွင်းကုန်တွင် ပထမနေရာ၌ရှိခဲ့ပြီး ဂျာမနီနိုင်ငံက ကုန်ပစ္စည်းတင်ပို့မှုတွင် စတုတ္ထနေရာ၌ရှိခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက ယွမ်ငွေကြေးသည် ကမ္ဘာ့စီးပွားရေးလောက၌ထိုးနှက်ချက်များအား ပိုမိုကြံ့ကြံ့ခံနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ၊ ဗြိတိသျှပေါင်၊ ဂျပန်ယန်း၊ ယူရိုတို့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ 'အထူးထုတ်ယူခွင့်' အရန်ငွေကြေးအစီအစဉ်တွင် ပါဝင်ခွင့်ရခဲ့သည်။

တရုတ်ယွမ်ငွေကြေး၏ တန်ဖိုးသည် ဇန်နဝါရီ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၄၁၃၈ ယွမ်နှုန်းသို့ရောက်ရှိခဲ့ရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း အမြင့်ဆုံးတန်ဖိုးဖြစ်ကြောင်း၊ တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနက ပြောသည်။ သို့သော်လည်း ဇန်နဝါရီ ၁၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၄၃၁၉ ယွမ်နှုန်းအထိ ရောက်ရှိကာ ယွမ်တန်ဖိုးကျဆင်းခဲ့သည်။

# အမေရိကန်ရေနံထုတ်လုပ်မှု စံချိန်တင်မြင့်တက်



နုန်းကျောက်မှ ရေနံထုတ်လုပ်မှု မြင့်တက်လာခြင်းက အမေရိကန်နိုင်ငံ၏ ရေနံထုတ်လုပ်မှုကို တစ်ရက်စည် ၁၀ သန်းကျော်အထိ ရောက်ရှိစေခဲ့ပြီး ၁၉၇၀ ခုနှစ်က တင်ထားသောစံချိန်ကို ကျော်လွန်ခဲ့သည်။

ယခုတင်ခဲ့သော စံချိန်မှာ ရက်အနည်းငယ်အထိသာရှိပြီး ရေရှည်မတည်တံ့နိုင်ဟု ခန့်မှန်းကြသည်။ အမေရိကန်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် တစ်ရက်ကိုစည် ၁၁ သန်းအထိရောက်ရှိမည်ဟု ခန့်မှန်းထားရာ ယင်းပမာဏမှာ ကမ္ဘာ့ရေနံထိပ်တန်း ထုတ်လုပ်သူ ရုရှားနိုင်ငံ၏ ထုတ်လုပ်မှုနှင့်တူညီသည်။

အမေရိကန်ရေနံထုတ်လုပ်မှု မြင့်တက်ရာမှ ဖြစ်ပေါ်သော စီးပွားရေးနှင့် နိုင်ငံရေးဂယက် ရိုက်ခတ်မှုများမှာ အသက်ရှုမှားလောက်အောင်ဖြစ်နေ ပြီး လွန်ခဲ့သော ၁၀ နှစ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်နိုင်ငံ၏ ရေနံတင်သွင်းမှုကို ငါးပုံတစ်ပုံအထိ လျှော့ချနိုင်ခဲ့သည်။ ကျေးလက်နေ ပြည်သူများအား လစာကောင်းသော အလုပ်များပေးနိုင်ပြီး ဓာတ်ဆီဈေးနှုန်းကိုလည်း ၂၀၀၈ ခုနှစ်ကရှိခဲ့သော အနေအထားအောက် ၃၇ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့သည်။

၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက အမေရိကန်နိုင်ငံအား အကျပ်ဆိုက်လောက်အောင် စွမ်းအင်ပြတ်လပ်မှုကြောင့် စိုးရိမ်မှုများဖြစ်ခဲ့ရသည်။ ဤစိုးရိမ်မှုကြောင့်ပင်လျှင် ကမ္ဘာ့စွမ်းအင် ထုတ်လုပ်မှုကိုလွှမ်းမိုးရေးဆိုင်ရာ သမ္မတ၏ မူဝါဒကို ပေါ်ပေါက်လာစေခဲ့သည်။

နုန်းကျောက်မှ ထုတ်လုပ်သော သဘာဝဓာတ်ငွေ့ကို စွမ်းအင်ထုတ်လုပ်သောစက်ရုံများ၌ ကျောက်မီးသွေးနေရာတွင် အစားထိုးသုံးစွဲနိုင်သည့်အတွက် အမေရိကန်စီးပွားရေး၊ လုပ်သားအင်အားစုနှင့် ကာဗွန်ထုတ်လုပ်မှု လျှော့ချရေးအတွက် အပြုသဘော ဂယက်ရိုက်ခတ်မှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း ဒယ်လွိုက်အတိုင်ပင်ခံအဖွဲ့၏ အမေရိကန်ပြည်ထောင်စုစွမ်းအင်နှင့် အရင်းအမြစ်ဆိုင်ရာဌာန အကြီးအကဲ ဂျွန်အင်္ဂလန်က ပြောသည်။

ဘဏ်တင်စုစည်းတင်ပြသည်။



CB BANK

# International **Trade** Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့ သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770

Hotline :

(+951) 378 644 - **Trade (Import/ Export)**
(+951) 378 643 - **Outward Remittance**
(+951) 378 645 - **Inward Remittance**

www.cbbank.com.mm

CBBankmyanmar

trade.dept@cbbank.com.mm


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
https://www.facebook.com/AlpineDrinkingWater
Tel: 09 730 971 36, 09 730 971 37

COMMERCE
INTERNATIONAL

# ကမ္ဘာ့အင်အားကြီးနိုင်ငံများအချင်းချင်း ပဋိပက္ခဖြစ်မှုကြောင့် စိုးရိမ်မှုများကြီးထွားလာ

ကမ္ဘာ့အင်အားကြီး နိုင်ငံအချင်းချင်း စီးပွားရေးနှင့် နိုင်ငံရေးတွင် ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမိုဆိုးရွားလာသည့်အတွက် ကျွမ်းကျင်ပညာရှင် ၁၀ ဦးအနက် ကိုးဦးကျော်က စိုးရိမ်လာကြကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) ကပြုလုပ်သော စစ်တမ်းအရ တွေ့ရှိရသည်။




နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဒါဗို့စ်ကွန်ဖရင့်ကို တာဝန်ယူဆောင်ရွက်မည့် ကမ္ဘာ့စီးပွားရေးဖိုရမ်က "ပျက်စီးယိုယွင်းလျက်ရှိသည့် ပထဝီနိုင်ငံရေး အခင်းအကျင်း"ကို ထုတ်ဖော်ပြောကြားခဲ့ပြီး ယခုနှစ်အတွင်း အဆိုးဘက်သို့ဦးတည်နေသော အလားအလာများ၏ နောက်ကွယ်တွင်ရှိနေသော အဓိကအကြောင်းတရားမှာ တိုးတက်များပြားလာသည့် ဆိုက်ဘာခြိမ်းခြောက်မှုများဖြစ်ကြောင်း သုံးသပ်ထားသည်။ ယင်းပတ်ဝန်းကျင်အခြေအနေများအတွက်လည်း ဆက်လက်ပူပန်နေရကြောင်း ထပ်လောင်းဖော်ပြသည်။

ဇန်နဝါရီ ၁၇ ရက်တွင် အဖွဲ့က ထုတ်ပြန်သော ကမ္ဘာ့စွန့်စားမှုအန္တရာယ် အစီရင်ခံစာ (Global Risks Report) ကို ပြုစုရာတွင် ကျွမ်းကျင်ပညာရှင်နှင့် စီးပွားရေးတွင် အဆုံးအဖြတ်ပေးနိုင်သော နေရာတွင် လုပ်ကိုင်နေသူ၊ သင်ကြားရေးနယ်ပယ်တွင် လုပ်ကိုင်နေသူနှင့် အခြားနယ်ပယ်များတွင် လုပ်ကိုင်နေသူ ၁၀၀၀ နီးပါးခန့်အား နှစ်ပေါင်း ၃၀ ကျော်ကဖြစ်ပွားခဲ့သော အန္တရာယ်များနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းကာ ကောက်ယူထားသော စစ်တမ်းအပေါ် အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာခြင်းက အချို့ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သော်လည်း ပိုမိုရှုပ်ထွေးသော စိန်ခေါ်မှုများလည်း ရှိနိုင်ကြောင်း ဖော်ပြထားသည်။

"ဒီကနေ့ခေတ်မှာ ကမ္ဘာ့စွန့်စားမှုအန္တရာယ်တွေက အပြန်အလှန်ဆက်နွယ်မှု များပြားလွန်းတဲ့အတွက် အဲဒီအန္တရာယ်တွေက ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းတွေ၊ စီးပွားရေးတွေနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွေကို အခြေခံဖြစ်တည်နေတဲ့ လူနေမှုစနစ်တွေကို ခြိမ်းခြောက်လာနိုင်ပါတယ်"ဟု အစီရင်ခံစာပြုစုရန် အထောက်အကူပေးသော ဇူးရစ်အာမခံအုပ်စု၏ စွန့်စားမှုအန္တရာယ်ဆိုင်ရာ အကြီးအကဲ အလီဆန်မာတင်ကပြောသည်။

အဓိက အင်အားကြီးနိုင်ငံများအချင်းချင်းဖြစ်ပွားနေသော စစ်ပွဲများနှင့်ဆက်နွယ်နေသည့် စွန့်စားမှုအန္တရာယ်များက ဆက်လက်မြင့်တက်လာလိမ့်မည်ဟု စစ်တမ်းတွင်ပါဝင်သူ ငါးဦးအနက် လေးဦးကခန့်မှန်းကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်က ပြောသည်။

## အိန္ဒိယပို့ကုန်ဈေးကွက် ထပ်မံ ဖြန့်ကြက်ရန် အစိုးရကကူညီမည်

အိန္ဒိယနိုင်ငံ၏ စုစုပေါင်းပို့ကုန်ဈေးကွက်ကို ထပ်မံဖြန့်ကြက်ရန် မဟာဗျူဟာချမှတ်ရေးကို အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဆူရက်ပရာဘူက ဇန်နဝါရီ ၁၉ ရက်တွင်ပြောသည်။

အိန္ဒိယနိုင်ငံကို အရှေ့တောင်အာရှဒေသမှာ အစားအစာနှင့် အဖျော်ယမကာကုန်သွယ်ရေး ဗဟိုအချက်အချာ ဖြစ်လာစေရေးအတွက် သီးခြားအစီအမံများကို စတင်ဆောင်ရွက်ရန် အစိုးရကစီမံဆောင်ရွက်နေကြောင်းလည်း သူကပြောသည်။

မြို့တော်နယူးဒေလီရှိ ဂရိတ်တားနွိုက်ဒါဒေသတွင် ကျင်းပသော အစားအစာနှင့် အဖျော်ယမကာ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကြီးဖြစ်သည့် "အိန္ဒိယအစားအစာ" (Indus Food) ပြပွဲဖွင့်ပွဲတွင် ဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပို့ကုန်တွေကို ဖြန့်ကြက်ဆောင်ရွက်ဖို့ မဟာဗျူဟာသစ်ကို ကျွန်တော်တို့ ရေးဆွဲချမှတ်နေပါတယ်။ အိန္ဒိယနိုင်ငံက ဈေးကွက်သစ်တွေမှာ ပို့ကုန်အသစ်တွေကို တင်ပို့ရောင်းချနေပြီဆိုတာမျိုးဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်ချင်ပါတယ်။ ဈေးကွက်သုတေသနကို အခြေခံပြီး ဈေးကွက်မဟာဗျူဟာကို ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့က ပုဂ္ဂလိက ကဏ္ဍကို အထောက်အကူပေးပါမယ်။ အတားအဆီးတွေကို ဖော်ထုတ်ပြီး ကိုင်တွယ်ဖြေ ရှင်းသွားပါမယ်"ဟု သူကဆိုသည်။

ပြပွဲသို့ပြည်နယ် ၁၂ ခုမှ ပြသသူ ၄၀၀ ကျော် ပါဝင်ပြသပြီး နိုင်ငံပေါင်း ၄၃ နိုင်ငံမှဝယ်လက်များတက်ရောက်ခဲ့ကြသည်။ ပြပွဲ၏ရည်ရွယ်ချက်မှာ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအား ကမ္ဘာ့ဈေးကွက်နှင့် ဆက်သွယ်ပေးရန်ဖြစ်သည်။

အစိုးရသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရလွယ်ကူစေရန်နှင့် ကမ္ဘာ့ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး ဝင်ရောက်မည့်ဒေသအဖြစ် အိန္ဒိယနိုင်ငံကိုရောက်ရှိအောင် ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ထားပြီးဖြစ်ကြောင်းလည်း ဝန်ကြီးကပြောသည်။

အိန္ဒိယနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတွင် ပို့ကုန်(ကုန်စည်နှင့်ဝန်ဆောင်မှုနှစ်ခုစလုံး) ၏ပါဝင်မှုအချိုးမှာ ဆက်တိုက်ကျဆင်းခဲ့ရာ ၂၀၁၃-၁၄ ခုနှစ်က ၂၅ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇-၁၈ ခုနှစ်တွင် ခန့်မှန်း ခြေ ၂၀ ရာခိုင်နှုန်းသို့ရောက်ရှိခဲ့သဖြင့် စီးပွားရေးတိုးတက်မှုနှုန်းကိုပါ ကျဆင်းစေခဲ့သည်။ စွမ်းဆောင်ရည် ကျဆင်းခဲ့ရသည့် အကြောင်းရင်းအမျိုးမျိုးအနက် ကမ္ဘာ့ဝယ်လိုအား မမှန်ကန်မှု၊ ပြည်တွင်း ငွေကြေးတန်ဖိုးအဆမတန်မြင့်တက်မှု၊ ထောက်ပံ့ပို့ဆောင်ရေးစရိတ်မြင့်တက်မှုနှင့် ကဏ္ဍအသီးသီးတွင် ယှဉ်ပြိုင်မှုစွမ်းရည် နည်းပါးမှုတို့ပါဝင်သည်။



## ထိုင်းစီးပွားရေးကိုမြှင့်တင်ရန် လုပ်သား ၁၃ သန်းကို လုပ်ငန်းသင်တန်းပေးရန် လိုအပ်

ထိုင်းနိုင်ငံ၏စီးပွားရေးကို မြှင့်တင်ရန်နှင့် တိုင်းပြည်ဝင်ငွေကို အလယ်အလတ်အဆင့်မှ ထပ်မံတိုးတက်အောင်ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများမှ လွတ်မြောက်စေရန်အတွက် ထိုင်းနိုင်ငံသည် လုပ်သား ၁၃ သန်းကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပေးရန်လိုကြောင်း ပြည်တွင်း၊ ပြည်ပရှိ စီးပွားရေးပညာရှင်များက ခန့်မှန်းကြသည်။

ထိုင်းနိုင်ငံက စက်မှုလုပ်ငန်းတိုးတက်မှု စတုတ္ထအဆင့်သို့ရောက်ရှိရန် တက်လှမ်းနေချိန်တွင် လုပ်သားအင်အားကို အဆင့်မြှင့်တင်ရေးမှာ အဓိကကျသော စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း "ထိုင်းနိုင်ငံကို ဒီဇိုင်းပြန်လည်ရေးဆွဲခြင်း" (Re-Design Thailand) ခေါင်းစဉ်ဖြင့် သမ္မာဆက်တက္ကသိုလ်ဘောဂဗေဒဌာနကပြုလုပ်သော နှီးနှောဖလှယ်ပွဲတွင် စီးပွားရေး ပါမောက္ခ ကီယာတာနန် သာလောင်ကာယူးကပြောသည်။

ထိုင်းနိုင်ငံရှိ ကျွမ်းကျင်လုပ်သားအချိုးအစားမှာ စုစုပေါင်း လုပ်သားအင်အား၏ ၁၄ ဒသမ ၄ ရာခိုင်နှုန်းသာရှိကြောင်း ၂၀၁၆ ခုနှစ် လူသားအရင်း အမြစ်အစီရင်ခံစာတွင် ဖော်ပြသည်။ အဆိုပါအချိုးအစားမှာ စင်ကာပူ၊ ဆွီဒင်၊ ဖင်လန်နှင့် ဂျာမနီတို့ကဲ့သို့သော စက်မှုလုပ်ငန်းတိုးတက်မှု စတုတ္ထအဆင့်သို့ တက်လှမ်းလျက်ရှိသော နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သိသိသာသာနိမ့်ကျလျက်ရှိသည်။ အဆိုပါနိုင်ငံများ၏ ကျွမ်းကျင်လုပ်သားအချိုးမှာ ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိရှိကြောင်း ပါမောက္ခကပြောသည်။

အစီရင်ခံစာအရ ထိုင်းနိုင်ငံ၏လုပ်သား ၁၂ ဒသမ ၈၁ သန်းကို ကျွမ်းကျင်လုပ်သားများအဖြစ် ပြောင်းလဲရန်လိုကြောင်းသိရသည်။ ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံက အသက်မွေးဝမ်းကျောင်းပညာရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း အရေအတွက်သာမက အရည်အသွေးပါ မြှင့်တင်ရန်လိုကြောင်း သူကပြောသည်။ ထို့ကြောင့် အချို့အသက်မွေးဝမ်းကျောင်းကောလိပ်များမှာ မိမိကျောင်းသားများကို စက်ရုံများနှင့် တွဲဖက်၍လေ့ကျင့်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယခုကဲ့သို့ဆောင်ရွက်မှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရန်လိုကြောင်း သူကပြောသည်။

ဉာဏ်တင် စုစည်းသည်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ